www.burmeseclassic.com

# ရဝဏ

## ရိုးမရုပ်လှသောဆန်းကြယ်ကွာ

www.burmeseclassic.com

www.burmeseclassic.com

ဆရာ ရာဝဏ ထွက်ပြီးစာအုပ်

ပြည်သူ့ကြိုက်ဗျာ

ဆရာ ရာဝဏ စာလုံးပိုင်ခွင့် - ပန်းချီ တင်ထွန်း

မျက်နှာဖုံး အနုပညာပိုင်ခွင့် - ဖြိုးသူ(တေသန) ရေးယူလင်း သုံးကိုအောင်ဝင်း

စာမူစိစစ်ခွင့်ပြုချက်အမှတ် - ၅၀၀၇၄၁၁၀၀၀၀၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၉၉၀၀၀၇၀
၂၀၀၉ ခု ဇူလိုင်လ၊ အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၀၀၀၊ ပန်းချီ - ကောင်းသန်း ဓိနိုင် - ဖြိုးသူ(တေသန)၊
ကာလာခွဲ - အိုးဝဲလ်၊ ကွန်ပျူတာစာစီ - ဖောင်းဖောင်း ဦးနှင်းအေး(၀၅၀၁ မြို့)၊ ပန်းလက်ဆောင်စာပေ၊
၅၁၆/ ၁၈ လမ်း (၅)လမ်း မ/ဥက္ကလာပ၊ ရန်ကုန်မြို့၊ ထုတ်ဝေသူ ဦးကျော်လွင်(၀၅၀၇၇)၊ ဝေဒေး
အောင်(၆)ဝတ်၊ အမှတ်(၅၉)၊ ၁၉ လမ်း ရန်ကုန်မြို့ ဆက်နွယ်အတွင်း ပုံနှိပ်ထုတ်ဝေသည်။
ကွန်ပျူတာစာစီ - ဝေဝတ်တောင်မြို့နေရာဟုမှတ်၊ ဝေဝေအောကြီး

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက် အညွှန်း" (CIP)

၈၉၄.၈

ရာဝဏ

ရိုးမရုပ်လွှာဆန်းကြယ်စွာ / ရာဝဏ။ - ရန်ကုန်

ပန်းလက်ဆောင်စာပေ ၊ ၂၀၀၉ ။

၈၀ - စာ ၊ ၁၂.၇× ၁၇.၇၈ စင်တီ။

(၁) ရိုးမရုပ်လွှာဆန်းကြယ်စွာ



# ရာဝဏ

## ရိုးမရုပ်လွှာဆန်းကြယ်စွာ

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

ဆိုးဆိုးရွားရွားသေဆုံးရရှာသည့် အလောင်းတစ်လောင်း၏ ကြောင့် ရပ်သူရွာသားများ ထိတ်လန့်ကြောက်ရွံ့နေကြသကဲ့သို့ သက်ဆိုင်ရာပုလိပ်အရာရှိများမှာလည်း အဖြေရှာမရဘဲ ဦးနှောက် ခြောက်လျှက်ရှိနေကြတော့သည်။

အကြောင်းမှာ အလောင်း၏မျက်ဆန်နှစ်လုံးမှာ မသေမီ အတောအတွင်း လွန်စွာကြောက်လန့်ခြင်းဖြစ်ရသကဲ့သို့ တစ်ကိုယ် လုံးတွင် အချွန်၊ အမာ စသည့်အရာဝတ္ထုအချို့နှင့် ထိုးသတ်ခြင်း ခံရသည့်ပြင် ခန္ဓာကိုယ်ရှိ အသားစိုင်များမှာလည်း သတ္တဝါ တစ် ကောင်ကောင် ကိုက်ခဲထားသည့်အလား အစုတ်စုတ်အမွှာမွှာ ရှိ နေသောကြောင့်ပင်ဖြစ်လေ၏။

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါ···လူမိုက်ကျက်ကြားဆိုတဲ့ ပုဂ္ဂိုလ် သေချာတယ်နော် သူကြီးမင်း"

"သေချာပါတယ် ရာဇဝတ်အုပ်မင်း။ ဘာကြောင့်လဲဆိုရင် သူ့လက်ဖျံမှာ ပျံလွှားငှက်ရုပ်ကလေး ရေးထားတာ ရှိနေလို့ပါ။ ဟောဒီမှာကြည့်ပါလား"

သူကြီး၏အဖြေကြောင့် ရာဇဝတ်အုပ်ကိုယ်သွန်းတင်က ခေါင်းညိတ်လျက် သေသူ၏ နာမည်နှင့် အမှတ်အသား စသည်တို့ကို မှတ်စုစာအုပ်တွင် ရေးခြစ်နေလေ၏။

ပြီးမှ ၎င်းက···

"အေးဗျာ···အခုလို ကိုလိုနီခေတ်အခါမှာ လူတွေအေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်ရမလား မှတ်တယ်။ ဒီလိုဗိုလ်ကျတိုက်ခိုက်ပြီး စားသောက်နေတဲ့ လူမိုက်တွေကလည်း ရှိနေတော့ ဒုက္ခလို့ဆိုရပေမှာပေါ့။ အခုလို အသေဆိုးနဲ့သေတာပဲ ခပ်ကောင်းကောင်း"

ဟု ဆိုလိုက်လေ၏။

အလောင်းကိုကြည့်နေသော လူအုပ်မှာ များသည်ထက်များလာခဲ့သည်။





ထိုသို့များလာခဲ့သော်လည်း အလောင်း၏မသတီစရာမြင်ကွင်းကြောင့် ကြည့်ပြီးသည်နှင့် ဟင်ခနဲ ဟာခနဲ ရေရွတ်ကာ ထွက်သွားကြသည်။

ထိုအချိန်၌ မြင်းရထားတစ်စီးက အလောင်းရှိရာ လမ်းနံဘေးမှ လူအုပ်ကိုဖြတ်၍ ဖြည်းညင်းစွာ မောင်းသွားရာ ထိုရထားပြတင်းမှ စူးရှတောက်ပြောင်သော မျက်လုံးအစုံက အလောင်းကို စိုက်ကြည့်သွားခဲ့လေ၏။

မြင်းရထားက လူအုပ်ကိုကျော်သွားသောအခါ ရထားပြတင်းလိုက်ကာကို လှစ်ခနဲဆွဲပိတ်လိုက်စဉ် ဖျတ်ခနဲ မြင်လိုက်ရမည်ဆိုပါက ထိုမျက်လုံးပိုင်ရှင်မှာ မိန်းမလှလေးတစ်ဦးဖြစ်ကြောင်း အံ့သြစဖွယ် တွေ့မြင်ကြရမည်ဖြစ်ပါပေ၏။

"ကဲ···ကဲ···စာသင်ကြီးနဲ့ ပုလိပ်သားနှစ်ယောက် အလောင်းကို ရင်ခွဲရုံပို့ဖို့ စီစဉ်ကြကွာ။ ကြည့်သူတွေ များတော့ တော်ကြာ လမ်းပိတ်ဆို့မှုဖြစ်နေပါဦးမယ်"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့ ဆရာ"

ထို့နောက် အလောင်းတင်ထားသည့် ပုလိပ်ကား ထွက်

www.burmeseclassic.com



ခွာသွားသောအခါ ရာဇဝတ်အုပ်ကိုလွှန်းတင်မှာ ချန်နေခဲ့လျက် မြင်းရထားတစ်စီးကို လက်ပြတားကာ အင်းစိန်စီအိုင်ဒီရုံးရှိရာသို့ မောင်းစေလေတော့၏။

မြင်းရထားသွားနေစဉ် သူစဉ်းစားလာခဲ့သည်။

ကိုလိုနီခေတ်အခါသမယတွင် သူ ပုလိပ်ဘက်၌ ရာဇဝတ်အုပ်လုပ်ခဲ့သည်မှာ ဆယ်နှစ်ကျော်ကျော် ကြာခဲ့ချေပြီ။

ထိုကာလများအတွင်း တွေ့ခဲ့ရသည့်လူသေမှု၊ လူသတ်မှုအမျိုးမျိုးတွင် ကားတိုက်ခံရမှု၊ ရေနစ်မှု၊ ဆွဲကြိုးချသေမှု၊ ဓားဒဏ်ရာ၊ သေနတ်ဒဏ်ရာများဖြင့် သေကြသည့်အလောင်းများသာ ဖြစ်ပေသည်။

သို့သော် ယခုတလော မိမိကြုံတွေ့နေရသည့်အလောင်းများမှာ ထူးထူးထွေထွေဆိုသကဲ့သို့ သရဲသဘက်များ လည်ပင်းညှစ်ထားသည့်အလား မျက်လုံးကြီး အဆမတန် ပြူးထွက်နေသည့်အပြင် တစ်ကိုယ်လုံးအနှံ့ ဓားဒဏ်ရာများနှင့် အသားစများ ထွက်နေခြင်းအဖြစ်ပင်တည်း။

"အင်း . . . ဘယ်လိုပါလိမ့်။ လူသတ်တရားခံဟာ တော်တော်ကို ဆန်းပြားတဲ့ပုဂ္ဂိုလ်ဖြစ်လိမ့်မယ်"





ထို့နောက် လွှန်ခဲ့သောအပတ်ခန့်က တာမွေနတ်ချောင်းချောင်းနံဘေးကမ်းစပ်မှ တွေ့ရသော လူတိုက်ချစ်တီးခေါ် ညွှန့်ကလေးဆိုသူ အလောင်းမှာလည်း ဒဏ်ရာများက ဤနည်းနှင်နှင် ဖြစ်သည်။

"ဟူး"

သူက လေပူတစ်ချက် မှုတ်ရင်း ရထားပြတင်းကို ဖွင့်ကာ အပြင်ဘက်သို့ ကြည့်လိုက်သည်။

ထိုအခါ ဖြတ်တက်သွားသော မြင်းရထားတစ်စီး၏ ပြတင်းပေါက်မှ မျက်လုံးအစုံက သူ့ကို လှစ်ခနဲကြည့်ပြီးလျှင် ပြတင်းချက်ချင်း ပိတ်သွားလေ၏။

စီအိုင်ဒီရုံးသို့ရောက်သောအခါ ပုလိပ်မင်းကြီးမှာ ဘုရင်ခံမွေးနေ့ ဒါဘာပွဲသို့ သွားရောက်နေသဖြင့် ပုလိပ်အင်စပက်တာ ကိုမြဟာနှင့် လူသတ်မှုအကြောင်း၊ အလောင်း၏အခြေအနေများ ကို အစီရင်ခံတင်ပြရင်း ဆွေးနွေးနေမိကြသည်။

စီအိုင်ဒီစုံထောက်တစ်ဦးဖြစ်သည့် ကိုလှကျော်က နားထောင်ပြီးနောက် . . .

"ဆရာ . . . ရာဇဝတ်အုပ်ကိုလွှန်းတင်ပြောတဲ့အနေအထိုင်းဆို



www.burmeseclassic.com

www.burmeseclassic.com



ရှင် အလောင်းရဲ့အနေအထားက အနောက်နိုင်ငံ သရဲတစ္ဆေကား ထဲက လူ့ဝံပုလွေအကိုက်ခံရတဲ့ အနေအထားမျိုး ဖြစ်နေပါလား ဗျာ"

ဟု ဆိုလိုက်လေ၏။

ထိုအခါ တစ္ဆေ သရဲ နာနာဘာဝလောက စသည် လုံးဝ ယုံကြည်မှုမရှိသော ရာဇဝတ်အုပ်ကိုလွန်းတင်က…

"ဟာဗျာ…ကိုလှကျော်ကလည်း လောကဓာတ်သိပ္ပံ ဒီလောက်ထွန်းကားတဲ့ ကာလကြီးမှာ ခေတ်နောက်ပြန်ဆွဲပြီး မဟုတ်မဟပ်တွေ ပြောနေပြန်ပါပြီ"

ဟု လက်မခံနိုင်ဟန်နှင့် ဆိုလိုက်လေ၏။

အဓိစပက်တာကိုမြယာကမူ လချုပ်အစီရင်ခံစာများအား လက်မှတ်ရေးထိုးနေရင်း ၎င်းတို့ပြောဆိုနေကြသည်ကို နားစွင့်နေ လေ၏။

"အဟဲ…ဟဲ…ဟဲ…အဲဒီလိုဆိုတော့ ကျွန်တော် ဆက်ပြောဖို့ ဖြစ်လာတာပေါ့ ကိုလွန်းတင်ရယ်။ ဒီမှာဗျ ခေတ်မီ ပါတယ်၊ တိုးတက်ပါတယ်ဆိုတဲ့ ဥရောပနိုင်ငံကြီးတွေ၊ အနောက် နိုင်ငံကြီးတွေကတောင် အခုနေအခါမှာ ရုန်း၊ နတ်၊ ကဝေ၊ တစ္ဆေ





မှင်စာနဲ့ မှော်ပညာတွေကို တိုးပြီး လက်ခံလာတာ တနယ်ဝင်။ ဘိုင်စကုတ်နဲ့ ပြဇာတ်တွေမှာ အထင်အရှားမဟုတ်ပါလားဗျာ"

ဤတွင် ရာဇဝတ်အုပ်ကိုလွန်းတင်က…

"ခင်ဗျားပြောတာ မဆိုးလှပါဘူး ကိုလှကျော်။ နို့ပေမယ့် ခင်ဗျားတို့ ကျွန်တော်တို့အားလုံးဟာ ပုလိပ်အမှုထမ်းတွေပါ။ ဘယ်တုန်းကများ လူသတ်လို့ သေတဲ့အလောင်းကောင်ကြီး ထ လာလို့လဲ။ နောက်ပြီး ဘယ်တစ္ဆေသရဲက ကျွန်တော်တို့ ပုလိပ် အမှုထမ်းတွေနဲ့ ယှဉ်ပြိုင်သတ်ပုတ်တိုက်ခိုက်တာ မြင်ဖူးလို့လဲ။ အမှန်က မှန်းပြော၊ ရမ်းပြောတဲ့ကိစ္စတွေပါဗျာ"

ဟု ဆိုလိုက်လေ၏။

ထိုအခါ ငြိမ်ငြိမ်သက်သက် နားထောင်နေသောရာဇဝတ် အုပ်ကိုမြယာက…

"ခက်တယ်ဗျာ…ခင်ဗျားတို့ ကျွန်တော်တို့အားလုံးဟာ မြန်မာလူမျိုးစစ်စစ်တွေပါ။ ရှေးမိဘဘိုးဘွားတွေ ကျန်ရစ်ထားရစ် ခဲ့တဲ့ တပေါင်း ပေပေါင်း ကျမ်းဂန်ပေါင်းတွေနဲ့ ငါးရာငါးဆယ် ဇာတ်၊ နိပါတ်ပုံပြင်၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ အင်္ဂုလိတ်ကျမ်း၊ ဗေဒင်ကျမ်း၊ ရာဇဝင်၊ သမိုင်းကျမ်းတွေမှာ သရဲဆိုတာကို ထား၊



www.burmeseclassic.com

လိုက်ပါဦး။ သမ္မာဒေဝ၊ မိစ္ဆာဒေဝဆိုတဲ့နတ်တွေနဲ့ မနုဿလူသား တို့ အခါအားလျော်စွာ တွေ့ဆုံကြုံကြိုက်ဆက်ဆံခဲ့ရမှုတွေ အထိုက် အလျောက်ရှိတယ်ဆိုတဲ့ သာဓကတွေကလည်း ရှိနေလေတော့"

ဟု ၎င်း၏စကားကို ထိုနေရာ၌ ဖြတ်ထားလိုက်လေ၏။

စီအိုင်ဒီစုံထောက် ကိုလှကျော်က ထိုစကားအတွက် အားတက်သွားကာ အောက်ပါအတိုင်း ပြောဆိုပြန်လေ၏။

"ဟုတ်တယ်···ဟုတ်တယ်···ဆရာကိုမြယာ ပြော သလိုပါပဲ သမိုင်းအထောက်အထားတွေအရ ဥပမာ ရွှေတိဂုံဘုရား သမိုင်း၊ ကျိုက်ထီးရိုးဘုရားသမိုင်း၊ ပုဂံရွှေစည်းခုံစသည်တို့မှာ လူ နဲ့ နတ်တွေ အထင်အရှားဆက်သွယ်ခဲ့ကြပုံကို တွေ့ရမှာ ဖြစ် လေတယ်"

အင်စပက်တာကိုမြယာနှင့် ရာဇဝတ်အုပ် ကိုလွန်းတင် တို့က ခေါင်းညိတ်ထောက်ခံလိုက်ကြသည်။

"နောက်···သရေခေတ္တရာ၊ ဗွတ္တာဘောင်မင်းလက်ထက်၊ ပုဂံပြည်နော်ရထာမင်း လက်ထက် စသည့်တို့မှာ နတ်ဒေဝါတွေ နဲ့ ကူးလူးဆက်ဆံခဲ့တာတွေ ထင်ထင်ရှားရှားရှိခဲ့တာ ဖော်ပြထား ပါတယ်။ ဒါကြောင့် ဝိညာဉ်တို့ နာနာဘာဝတို့ဆိုတာတွေဟာ



ဘယ်နည်းနဲ့မဆို ရှိနေလိမ့်မယ်လို့ ကျွန်တော်တော့ ယုံကြည်မိ တာ အမှန်ပဲဗျ"

ကိုလွန်းတင်မှာ အငြင်းမပွားလိုသဖြင့် ခေါင်းညိတ်လျက် စီအိုင်ဒီလက်နက်ကိုင်ပုလိပ်အမှုထမ်း စုံထောက်တစ်ဦးဖြစ်သော် လည်း လက်တွေ့မဆန်သည့် သရဲတစ္ဆေဝိညာဉ်တို့ကို ယုံကြည် သည်ဆိုသည့် စုံထောက်ကိုလှကျော်အား ခပ်ပြုံးပြုံးသာ ကြည့် နေလိုက်သည်။

ဤတွင် အင်စပက်တာကိုမြယာက···

"ဩော်···ခင်ဗျားတို့ စကားကို ဒီနေရာမှာ ခဏလောက် ဖြတ်ထားလိုက်ကြပါဦး။ အရေးကြီးတဲ့စကား ပြောစရာရှိတယ်ဗျ"

ဟု ဆို၏။

ရာဇဝတ်အုပ်ကိုလွန်းတင်နှင့် စီအိုင်ဒီစုံထောက် ကိုလှ ကျော်ပါ ပြောလာမည့်စကားကို ငံ့လင့်နေမိကြ၏။

"ရာဇဝတ်အုပ်ကိုလွန်းတင် ပြောပြတဲ့အလောင်းအနေ အထားမျိုး ဝဲခူးဘက်မှာလည်း ရှိခဲ့ဖူးတာ အခုမှ သတိရမိသဗျ"

"ဆိုပါဦးဆရာ"

"ဆက်ပြောပါ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ထိုကြောင့် အင်စပက်တာကိုမြယာက အောက်ပါအတိုင်း ပြောပြသည်။

"ပဲခူးတိုက်နယ်က ရာဇဝတ်အုပ်ကိုလွန်းအုံနဲ့ တွေ့တော့ အဲဒီအလောင်းကိစ္စ ပြောပြရာမှာ သူတို့ပုလိပ်ဖက်က အမှုထမ်း တွေဟာ ကိုးသိန်းကိုးသန်းဘုရားအနီးမှာ အဲဒီလိုဒဏ်ရာမျိုးတွေ နဲ့ လဲကျနေတဲ့ အလောင်းတစ်လောင်းကို တွေ့ရတာမို့ အနီးအပါး က လူသူတွေကို စုံစမ်းတဲ့အခါ ညကိုးနာရီထိုးလောက်မှာ မြင်း လှည်းတစ်စီးရဲ့အသံကို ကြားရပြီး လျှပ်ရောင်တွေ လက်နေတာ မို့ အစိမ်းရောင်ဝတ်ထားတဲ့ မိန်းမပျိုလေးတစ်ဦးနဲ့ ယောက်ျား တစ်ယောက် မြင်းလှည်းပေါ်က ဆင်းလာကြသတဲ့"

"ဩော်..."

"ဟုတ်ကဲ့"

"သိပ်မကြာပါဘူး။ အော်သံဟစ်သံကို ကြောက်ခမန်းလိလိ ကြားရပြီး လျှပ်ရောင်အောက်မှာ မြင်းရထားပေါ်ခုန်တက်သွားတဲ့ လူလိုလို တိရစ္ဆာန်လိုလိုကို တွေ့လိုက်ကြရတယ်ဆိုပဲဗျ"

ထိုအခါ စုံထောက်ကိုလှကျော်က...

"အင်း...တကယ့်ကို စိတ်ဝင်စားစရာကောင်းလှပါလား





ဆရာရယ်။ ဒါဆို အခုလိုဖြစ်ရတဲ့ ထူးဆန်းအလောင်းဟာ သုံး လောင်းတိတိ ရှိသွားပြီဆိုရမှာပေါ့နော်"

ဟု ဆိုလိုက်လေ၏။

"ဟုတ်တယ်...ဟောဒီကိုလွန်းတင်ရဲ့ တာမွေအပိုင် မှာ နှစ်လောင်း။ ပဲခူးမှာ တစ်လောင်းဆိုတော့ သုံးလောင်းပေါ့ဗျာ။ ဒါထက် တရားခံမိဖို့ မနည်းကြိုးစားရမှာဖြစ်လေတော့ ခင်ဗျားတို့ ကျွန်တော်တို့အားလုံး အစွမ်းကုန်မျက်စိဖွင့် နားစွင့်ထားရမှာ အသေအချာပဲဗျာ"

အင်စပက်တာကိုမြယာစကားအဆုံးတွင် နှုတ်ဆက် အလေးပြုပြီးနောက် ရာဇဝတ်အုပ်ကိုလွန်းတင်လည်း စီအိုင်ဒီရုံး မှ ပြန်လည်ထွက်ခွာခဲ့လေတော့၏။

×××



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ကြို့ကုန်းအနောက်ဘက် တစ်ထပ်တိုက်ပုလေးမှာ ဆေးရောင်များ ပယ်လွင့်လျက် နီစွေးစွေးမှုလအရောင်များ ဖြစ်နေသည့် အပြင် နံရံတစ်လျှောက် ကုတ်ကပ်ပေါက်နေသည့် နှယ်ပင်ရိုင်းနှင့် ညောင်ပင်ငယ်များကိုလည်း တွေ့နိုင်ပေသေးခြင်း။

လှမ်းနေသည်မှာ ကြာမြင့်ပုံရသည့် ထိုအိမ်၏တံခါးရွက်များမှာလည်း လေတိုးသဖြင့် တဟီးဟီး တကျွိကျွိမြည်လျက် ရှိသည်။

သို့သော် ပင့်ကူအိမ်များ ရှုပ်ယှက်ခတ်နေသည့်အိမ်ကြီး၏ စားပွဲတစ်လုံးဘေးတွင်ကား ဆံပင်များ ဖြူဖွေးလျက် ငွေရောင်သန်းနေသည့် လူကြီးတစ်ယောက်သည် ဖန်ဘူး ဖန်ခွက်၊ ဓာတ်ခွဲ

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မီးခွက်၊ သတ္တုအိုး ပိုက်အမျိုးမျိုး ကိရိယာတန်ဆာပလာ အမျိုးမျိုးတို့အား ကိုင်တွယ်ကာ အလုပ်ရှုပ်လျက်ရှိနေလေ၏။

ဤသို့ပြုလုပ်နေစဉ် တစ်ခါတစ်ရံ လျှပ်စီးလက်သကဲ့သို့ ဖျတ်ခနဲတောက်ပသွားတတ်လျက် တစ်ခါတစ်ရံလည်း အချက်ပေး ခေါင်းလောင်းသံကဲ့သို့ တဒီဒီမြည်သံပေါ်ထွက်လာတတ်သည်။

ထိုပုဂ္ဂိုလ်ကြီးမှာ မိမိတစ်ဦးတည်းရှိနေသည့်အလား ၎င်း၏ ဗဟုကိစ္စများတွင်သာ အာရုံစူးစိုက်ထားလျက် ရှိနေပေသည်။

ယင်းအခိုက် သော့ဖွင့်သံနှင့်အတူ တံခါးက ကျွီခနဲမြည်ကာ ချက်ချင်း ပြန်ပိတ်သွား၏။

"ဩော်…လုလေးစိန်…မင်းရောက်လာပြီကိုး။ လာလေ ဆရာကြီး အလုပ်မပြီးသေးတာမို့ စောင့်စောင့်ဦးကွယ့်"

ပုဂ္ဂိုလ်ကြီးက နားပါးဟန်ဖြင့် လှည့်၍မျှပင် မကြည့်ဘဲ ဤသို့ဆိုလိုက်ရာ အခန်းဝမှ အထုပ်အပိုးများနှင့် ဝင်လာသည့် လုပသောမိန်းမပျိုက ခေါင်းညိတ်ကာ နံရာထိုင်ခုံရှည်တစ်လုံး၌ ဂွိမ်း ရရ ဝင်ထိုင်နေလိုက်လေ၏။

ပြီးလျှင် ပေါင်မုန့်၊ ခဲထောပတ်၊ ယိုဘူးနှင့် အသားခြောက်များကို စားပွဲပေါ်သို့ တစ်ခုပြီးတစ်ခု တင်နေလေ၏။





အားလုံးကိစ္စပြီးသောအခါ သူမျက်လုံးများက အခန်းထောင့်နေရာ၌ ဖန်ဘူးကြီးတစ်လုံးဖြင့် ဆေးရည်စိမ်ထားသည့် ဝံပုလွေအသေကောင်ကြီးတစ်ကောင်ကို စိုက်ကြည့်နေလိုက်သည်။

ဝံပုလွေအသေကောင်ကြီးက ဖန်ဘူးထဲ၌ ခပ်ကွေးကွေးအနေအထားရှိနေကာ အပြာရောင် ဆေးရည်များက ပလုံစီလျက် ပွစိဖောင်းကလေးများ ထနေ၏။

လုပပိုင်းစက်သော မိန်းမပျိုမျက်လုံးများသည် ထိုဝံပုလွေသေကြီးကိုကြည့်ရာမှ တဖျပ်ဖျပ် အရောင်လက်လျက် မြားနှင်းသွားပြီးနောက် မှောင်မြိုန်သွားတော့၏။

သူမမျက်လုံးများကို ပြန်ဖွင့်လိုက်သည့်အခါ အရှေ့ထိုင်ခုံတွင် ထိုင်နေပြီးဖြစ်သော ပုဂ္ဂိုလ်ကြီးကို တွေ့လိုက်ရ‌တော့သည်။

"လုလေးစိန်…ဘယ့်နှယ် မင်းကိစ္စတွေ အဆင်ပြေချောမောရဲ့လားကွယ့် သူငယ်မ"

"ပြေပါတယ် အန်ကယ်။ ဟောဒီမှာ ရက်ရှည်စားနိုင်တဲ့ အစားအစာတွေ"

"အေး…အေး"

ပြောပြောဆိုဆို ပေါင်မုန့်တစ်လုံးကို ယူလျက် အားပါး



www.burmeseclassic.com

www.burmeseclassic.com



တံရ စားသောက်ရင်း...

"တစ်နေ့က ငါ့မိတ်ဆွေ ခါးကုန်းကြီးလာသွားတယ်။ ပုလိပ်အမှုထမ်းတွေဟာ ထူးခြားမှုတွေကြောင့် တစ်နေ့ထက်တစ်နေ့ ဦးနှောက်ပိုခြောက်နေသတဲ့"

"မှန်ပါတယ် အန်ကယ်"

"အဲ...သတင်းစာတွေကလည်း ထူးခြားတဲ့အလောင်းတွေနဲ့ ထူးခြားတဲ့လူသတ်သမားအကြောင်းကို အမျိုးမျိုး ဝေဖန်ရေးသားနေကြတာမို့ လူထုဟာ စိတ်ဝင်စားသလို အတွေးလည်း ကြောက်လန့်နေကြရတယ်ဆိုပဲ"

"အဲဒါလည်း အမှန်ပါပဲရှင်"

ပြီးလျှင် မွန်ရည်ပုံရသည့်ပုဂ္ဂိုလ်ကြီးက...

"အေးလေ...ဘာဖြစ်ဖြစ် မင်းအနေနဲ့ ကျုပ်ကို ကတိပေးထားတဲ့အတိုင်း လူကောင်းတွေကိုတော့ ဘာမှမဖြစ်ပါစေနဲ့နော်...ဟုတ်လား"

မိန်းမပျိုက ယဲ့ယဲ့ပြုံးကာ ခေါင်းညိတ်ပြလိုက်၏။

"ဒင်...ဒင်"

"ဒင်...ဒင်"





ထိုအချိန်မှာပင် အခန်းတွင်း၌ ခေါင်းလောင်းသံက ချောက်ချားစရာ ထွက်ပေါ်လာခဲ့သည်။

သို့အတွက် ပုဂ္ဂိုလ်ကြီးက ခေါင်းညိတ်ကာ နံဘေးနံရံရှိ မောင်းတံတစ်ခုကို ဆွဲလိုက်၏။

"ဂလောက်"

ထိုအခါ အိမ်တစ်နေရာရှိ လျှို့ဝှက်တံခါးပေါက်တစ်ခု ပွင့်သွားသံ ကြားရပြီးနောက် လူရိပ်တစ်ခုက အခန်းတွင်းသို့ လှုပ်လီလှုပ်လဲ့ လျှောက်လာခဲ့၏။

အမှန်စင်စစ် ထိုအရိပ်ပိုင်ရှင်မှာ မျက်နှာအသွင်အပြင် ဆိုးလှသည်နှင့်အမျှ ခါးတွင် ဘုကြီးနှင့် ကြောက်လန့်ဖွယ်လူကြီး တစ်ဦးဖြစ်ပေတော့သည်။

"ကိုကောင်းသီး...လာစို့"

ပုဂ္ဂိုလ်ကြီးက လှမ်းခေါ်လိုက်သည်နှင့် ခြေတရွတ်ဆွဲလျှောက်သံနှင့်အတူ ခါးကုန်းကြီးက ၎င်းတို့အနီးသို့ ရောက်လာခဲ့၏။

"ထိုင်"

"ဟုတ်ကဲ့ ဒေါက်တာ"



www.burmeseclassic.com

မိန်းမပျိုက နှုတ်ဆက်သကဲ့သို့ ခါးကုန်းကြီးကို ပြုံး
လိုက်သည်။

"ဟို…ပုဂ္ဂိုလ်ကို တွေ့ဖို့ နီးပြီလားဟေ့"

ထိုအခါ ခါးကုန်းကြီးက ခေါင်းခါလိုက်သကဲ့သို့ မိန်းမပျို
ကလည်း သူမဦးခေါင်းကို ညင်သာစွာ ခါယမ်းလိုက်သည်။

"အေးပါ…စိတ်ရှည်ရှည်ထားရမှာပေါ့။ သူကိုတွေ့
မျှော်လင့်ချက်နဲ့ ငါ အသက်ရှင်နေရတာပဲဟာ။ ဘာပဲဖြစ်ဖြ
ပုန်းရှောင်နေသူကို တစ်နေ့နေ့မှာ မုချတွေ့ရမှာပါပဲ…ဟုတ်တယ
ငါ့အာနေနဲ့ ဆန္ဒမစောသင့်ပေဘူး"

ပြီးလျှင် ခါးကုန်းကြီးက…

"ဒီမှာ ဒေါက်တာ…ဒေါက်တာရဲ့ရည်ရွယ်ချက် မပြီး
ပီ ကျန်းမာရေးချို့တဲ့မှာကိုလည်း ဂရုစိုက်ဦးဗျာ"

ဟု ဆို၏။

"ဟုတ်ပါတယ်…ကိုကောင်းသီး။ အခုတောင် ည
ချောင်းဆိုးတာ အရမ်းပဲဗျာ။ ကျုပ်ရဲ့အဆုတ်တွေ ပုံမှန်မဟု
တော့ဘူး။ ခက်တာက ညည ပတ္တရောင်လှည့်တဲ့ပုလိပ်အမှုထ
တွေ ကျုပ်ချောင်းဆိုးသံကြားသွားမှာ ကြောက်ရတယ်ဗျ…အ





ထောင်း … ဟွတ်…ဟွတ်…အဟွတ်…ဟွတ်…ဟွတ်"

ပြောရင်းဆိုရင်း ချောင်းတဟွတ်ဟွတ်ဆိုး၏။ မောလာ
သဖြင့် ထိုင်ခုံကိုကျောမှီထိုင်လိုက်ရာ မိန်းမပျိုက စိုးရိမ်စွာဖြင့်
ဒေါက်တာကြီးဆိုသူ၏ ရင်ဘတ်အား သူမလက်ဖဝါးနုနုလေးများ
နှင့် ဖိထားလိုက်ရှာ၏။

အတန်ကြာမှ ချောင်းဆိုးသံငြိမ်သွားသည်တွင် ဒေါက်တာ
ကြီးက စားပွဲအံဆွဲအတွင်းမှ အယ်လ်ဘမ်တစ်ခုကို ထုတ်ယူ
လိုက်၏။

ပြီး လုန်လှောကာ နေရာတစ်နေရာတွင် ရပ်တန့်လျက်
ဝမ်းသာရွှင်လန်းသည့်လေသံနှင့်…

"ကြည့်ကြစမ်းပါဦးဗျာ။ လှလေးစိန်နဲ့ ဘယ်လောက်
တူသလဲဆိုတာ"

ဟု ပြောလိုက်၏။

ခါးကုန်းကြီးဦးကောင်းသီးဆိုသူက ခေါင်းညိတ်လျက် ဦးစွာ
ယူကြည့်လိုက်သည်။

နောက်…လှလေးစိန်ခေါ် အမျိုးသမီးလေးက ယူကြည့်
သည်။

www.burmeseclassic.com



ထိုအခါ တတ်ပုံမှ မိန်းမပျိုရုပ်ရည်မှာ ကြည့်နေသူ လုလေးစိန်ခေါ် မိန်းကလေးနှင့် တသွေမတိမ်း ချွတ်စွပ်တူနေလေတော့၏။

"အင်း…သမီးလေး…သမီးလေး…သမီးလေးအတွက် အဖေ တာဝန်ကျေရပါစေ့မယ်ကွယ်…စိတ်ချပါ…စိတ်ချပါ အဟား…ဟား…ဟား…ဟား"

ပြောရင်းရယ်ချလိုက်ရာ ပုဂ္ဂိုလ်ကြီး၏ ရယ်သံမှာ မှုမှန်မဟုတ်တော့ဘဲ ရူးသွပ်နေသူတစ်ယောက်၏ ရယ်မောသံကဲ့သို့ အက်ကွဲကွဲနိုင်လှတော့၏။

ဒေါက်တာကြီးသည် ထိုသို့အားပါးတရ ရယ်ချပြီးသော အခါ မျက်ရည်များ ဖြိုင်ဖြိုင်စီးကျလာရင်း ၎င်း၏အတိတ်ပန်းချီကားချပ်ကို ဝိုးတဝါးပြန်လည်မြင်ယောင်မိလိုက်လေတော့၏။

***





# အခန်း (၃)

နိုင်ငံခြားပြန် မျက်စိအထူးကုပါရဂူကြီး ဒေါက်တာဦးအံ့ထွန်းသည် ရန်ကုန်ဆေးရုံကြီး၌ နာမည်ထင်ရှားသော ဆရာဝန်တစ်ဦးဖြစ်လျက် ဗွေတ္တလမ်းရှိ နေအိမ်ကြီး၌ ဇနီးချောလှကေသီနှင့် ကွန်ဖင့်ကျောင်းသူ သမီးချောလေး လုလေးစိန်တို့နှင့် ပျော်ရွှင်စွာနေထိုင်လျက်ရှိသည်။

အားလပ်ချိန်များ၌ မိတ်ဆွေဖြစ်သူ ကြို့ကုန်းရပ်မှ ဦးကောင်းသီးနေအိမ်၌ ဖွင့်လှစ်ထားသည့် ဆေးခန်းတွင် တာဝန်ယူရသဖြင့် ဝင်ငွေကောင်းမွန်လှသူတစ်ဦးဟု ဆိုရပေမည်။

ဤသို့ပျော်ရွှင်စွာနေထိုင်လျက်မှပင် ဇနီးဖြစ်သူမှာ နှလုံးရောဂါကြောင့် သာယာပျော်ရွှင်သော အိမ်ထောင်ကို စွန့်ခွာ



www.burmeseclassic.com

www.burmeseclassic.com



ပင် ကျောနိုင်းသွားခဲ့ရာ ဒေါက်တာဦးအံ့ထူးမှာ သမီးလေး လှလေးစိန်ကိုသာ အလိုလိုက်လျက် အချစ်ပှူသမျှ ပုံထားခဲ့ပေတော့သည်။

အလုပ်တိစ္စကြောင့် မအားလပ်သည်ကများသည့်အတွက် သမီးလေးကိုယ်တိုင် ကျောင်းသွားနိုင်ရန် အော်စတင်ကားလေး တစ်စီး ဝယ်ပေးထားသည်။

ဒေါက်တာဦးအံ့ထူးမှာမူ ဆေးရုံ၊ ဆေးခန်းနှင့် အိမ် ထိုနေရာ သုံးနေရာသို့သာ ကူးချည်သန်းချည်သွားလာနေရ၏။

သမီးလေးလှလေးစိန် ကျောင်းသို့ တစ်လနေ၍ တစ်ခါ မရောက်ခဲ့ပေ။

သို့နှင့် တစ်နေ့တွင် ဒေါက်တာအံ့ထူးတစ်ယောက် ပြန်ရောက်၍ မိုးချုပ်သည့်တိုင် သမီးလေးလှလေးစိန်တစ်ယောက် ပေါ်လာခြင်းမရှိသဖြင့် စိတ်အပူကြီးပူနေမိရသည်။

"ဒင်···ဒင်"

"ဒင်···ဒင်"

"ဒင်···ဒင်"

"ဒင်···ဒင်"





ညရှစ်နာရီထိုးသံ တိုင်ကပ်နာရီဟောင်းကြီးမှ ထွက်ပေါ်လာသံနှင့် မရှေးမနှောင်း တယ်လီဖုန်းမြည်သံက ဆက်လက်ထွက်ပေါ်လာပြန်လေ၏။

"ကလင်···ကလင်"

"ကလင်"

"ဟာ···သမီးလေးဆီက ဖြစ်မယ်"

ဒေါက်တာဦးအံ့ထူးက ချက်ချင်းပင် တယ်လီဖုန်းရှိရာ စားပွဲဆီသို့ အပြေးသွားကာ ဖုန်းခွက်ကို ကောက်ယူနားထောင်လိုက်သည်။

"ဟလို···ဒေါက်တာအံ့ထူးပါ"

တစ်ဖက်မှ စကားပြောသံက···

"ဒီမှာ ဒေါက်တာကြီး···သေသေချာချာ ဂရုစိုက်ပြီး နားထောင်ပါ"

"ဗျာ···ခင်ဗျား ဘယ်သူလဲ"

တစ်ဖက်မှ စကားပြောသံစူးရှရှ အက်တက်တက်ကြောင့် အသံဖျက်ပြောမှန်း သိသာလှသည်။

တစ်ဖက်က···



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားသမီးလေး လှလေးစိန်ဟာ ကျုပ်တို့လက်ထဲမှာပဲ။ ဒီကိစ္စကို ပုလိပ်ဘက်အကြောင်းကြားဖို့ စိတ်မကူးနဲ့ဆိုတာ ကြပ်ကြပ်သတိထားဖို့ ပြောလိုက်မယ်"

"ခင်း . . ခင်ဗျားတို့ . . . ဘာ . . . ဘာလိုချင်လို့လဲဟင်"

"ငွေသုံးထောင်တိတိ"

"ဟင်"

တစ်ဖက်မှစကားသံကြောင့် ဒေါက်တာအဲ့ထူး ငိုင်ကျသွားရသည်။

ပြီးမှ ၎င်းက . . .

"ခင်ဗျားတို့တောင်းတဲ့ငွေ ပေးပါ့မယ်ဗျာ။ ကျုပ်သမီးလေးကိုတော့ အန္တရာယ်မပြုပါနဲ့။ ကျုပ် . . . ကျုပ်သမီးလေးနဲ့ စကားပြောချင်ပါတယ်"

"ခဏစောင့်"

တယ်လီဖုန်းထဲ၌ ခေတ္တမျှအသံများ တိတ်ဆိတ်သွား၏

ပြီးမှ ငိုရှိုက်သံခပ်သဲ့သဲ့ပေါ်လာကာ . . .

"ဒက်ဒီ . . . ဒက်ဒီလားဟင်"

"ဟုတ်တယ် သမီး . . . သမီးလေး အခုဘယ်မှာလဲဟင်"





"သမီးကို သူတို့လှမနေတဲ့ တိုက်အိမ်ကြီးတစ်အိမ်ရဲ့ မြေတိုက်ခန်းမှာ ဝိတ်လှောင်ထားကြတယ် . . . ဟင့် . . . ဟင့်"

"ဟုတ်လား . . . သူတို့ဘယ်သူတွေလဲ သမီး"

ထိုအမေးကြောင့် တစ်ဖက်မှ တိတ်ဆိတ်သွားပြန်၏။

ထို့နောက် အသံထွက်လာသည်။

"အို . . . မသိချင်ပါနဲ့ ဒက်ဒီ။ သူတို့ပြောတဲ့အတိုင်းသာ ဆောင်ရွက်ပေးပါနော်။ ဒါမှ . . . ဒါမှ . . . သမီး အိမ်ပြန်နိုင်မှာပါ"

"အေးပါ . . . အေးပါ။ သူတို့တောင်းတဲ့ငွေကို ဒက်ဒီ ပေးမှာပါ"

တယ်လီဖုန်းသံ ချက်ချင်းတိတ်ဆိတ်သွားပြန်တော့သည်။

ပြီးလျှင် ရှုးရှုးအက်တက်တက် အသံ ပြန်ပေါ်လာပြန်လေ၏။

"ကဲ . . . ကြားပြီမဟုတ်လား။ ကျုပ်ပြောတဲ့ငွေကို မနက်ဖြန်ည ခုနစ်နာရီတိတိမှာ မြယာကုန်းရပ်ကွက် (ယခု မင်္ဂလာတောင်ညွန့်)ကောင်းတဲ့တရုတ်သင်္ချိုင်းကုန်းကြီးအဝင်ဝက အုတ်ဂူမှာ တင်ထားပေးပါ"

"စိတ်ချပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မုလိပ်ကိုတိုင်ရင် ခင်ဗျားသမီးရဲ့အလောင်းသာ ပြန်ရမယ် ဆိုတာ မြဲမြဲမှတ်ပေတော့"

"ဟုတ်···ဟုတ်ကဲ့"

တယ်လီဖုန်းချလိုက်စဉ်မှာပင် အိမ်ရှေ့မှ ကားရပ်သံကြား ရကာ ခါးကုန်းနေရှာသည့် မိတ်ဆွေဖြစ်သူ ဦးကောင်းသီးတစ် ယောက် ကားပေါ်မှ ဆင်းလာသည်ကို တွေ့မြင်လိုက်ရသည်။

"ဟာ···ကိုကောင်းသီး"

"ကျုပ် ကျောက်ကုန်းက မိတ်ဆွေတစ်ယောက်အိမ် ဘုရားကိုးဆူကအပြန် လှည့်ဝင်လာတာပဲဗျာ။ ဘယ့်နှယ် သမီး ချောလေး မမြင်ပါလား။ အာ···ခင်ဗျားမျက်နှာအနေအထားက လည်း ပြူးပြူးပျာပျာနဲ့ ဘာဖြစ်နေတာလဲဗျဟင်"

"ကျုပ်···ကျုပ်သမီးလေး ဒုက္ခရောက်နေပြီဗျာ···လုပ် လုပ်ပါဦး···ဒီး···ဟီး"

ဒေါက်တာဦးအုံ့ထူးမှာ မိတ်ဆွေဦးကောင်းသီးပခုံးကို ဆုပ်ကိုင်ကာ ပြောပြရင်း မျက်ရည်များ စီးကျလာရတော့သည်။

"အလို···ကြားရတာ အင်မတန် စိတ်မကောင်းစရာပါ လား။ စိတ်ကို ထိန်းပြီး အေးအေးဆေးဆေး ပြောပြပါလားဗျာ"





"အင်း···အင်း"

အိမ်အတွင်းသို့ရောက်သောအခါ ဒေါက်တာဦးအုံ့ထူးက ဖြစ်သမျှအကြောင်း အစုံအလင်ကို ပြောပြလိုက်တော့သည်။

ပြီးမှ ၎င်းက···

"ဟာ···ဒီလိုကိုး။ ခက်တယ်ဗျာ။ ခင်ဗျားမှာလည်း အလုပ်ကမအားတော့ သမီးမိန်းမပျိုလေးကို တစ်ယောက်တည်း လွှတ်ထားရတာ။ အခုတော့ ခက်ကုန်ပြီပေါ့"

ဟု ရေရွတ်လိုက်၏။

ငယ်ပေါင်းသူငယ်ချင်းလည်းဖြစ်သော ဦးကောင်းသီးနှင့် ဒေါက်တာဦးအုံ့ထူးမှာ သမီးလေးလွတ်မြောက်ရေးအတွက် ငွေ ပေးရန်ကိစ္စကို နှစ်ယောက်သား အတန်ကြာမျှ တိုင်ပင်နေလိုက် ကြသည်။

"ဒါဆို···မနက်ဖြန်ညမှာ ဇော်ဂျီတုံတာရုတ်သင်္ချိုင်းမှာ ခင်ဗျားနဲ့ ကျုပ် ငွေသွားပို့ကြတာပေါ့ ဟုတ်လား"

"အေးလေ···လိုက်မှာပေါ့"

ထို့နောက် ဒေါက်တာဦးအုံ့ထူးက···

"သမီးလေး ပြန်လွတ်လာခဲ့ရင် ကျုပ်တော့ အလှူကြီး···



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ထွက်ပြီး သမီးလေးကို မျက်စိအောက်က အပျောက်မခံတဲ့ ဂရုစိုက်တော့မယ် ကိုကောင်းသီးရာ"

ဟု ဆိုမိ၏။

ဦးကောင်းသီးက...

"သူ့ခမျာ မိခင်ဆုံးပါးသွားရတဲ့ကြားထဲ ဖခင်ကိုယ်တိုင် အလုပ်များပြီး ဂရုမစိုက်နိုင်တော့ လူပေါင်းမှားရာက အခုလို ဗုဏ္ဍနဲ့ အန္တရာယ်ကြုံရတာပဲလို့ ကျုပ် ထင်တယ် ကိုအုံးထွေး"

ဟု ဆိုလိုက်လေ၏။

"ဟာ...အခု ခင်ဗျားပြောမှ သတိရတယ်ဗျာ။ လာ... တစ်ခုခု သဲလွန်စရလိုရငြား သမီးအခန်းမှာ သွားပြီး မွှေနှောက် ကြည့်ရှုကြစို့လား"

"ဟုတ်တယ်ဗျို့...ဒါ...မှန်တယ်"

ဤသို့ဖြင့် ဒေါက်တာဦးအုံးထွေးနှင့် ခါးကုန်းကြီးဦးကောင်းသီးတို့နှစ်ဦး လှလေးစိန်အခန်း၌ ပိုက်စိပ်တိုက်ရှာဖွေရာမှ အောက်ပါသဲလွန်စများကို ရရှိလေတော့၏။

ယင်းသည်ကား လှလေးစိန်၏ နှတ်ဘုတ်ဝေ၌ မှတ်စုစာအုပ်မှ ရုပ်ရည်ချောမောပြေပြစ်သူ လူရွယ်တစ်ဦး၏ဓာတ်ပုံ





တွေ့ရသည်သာမက မှတ်စုစာအုပ်၌လည်း အောက်ပါစာသားအများအပြားကို နေရာအနှံ့၌ တွေ့ရှိရသောကြောင့်ပင် ဖြစ်ပါလေ၏။

လှလေးစိန်အလှမှာ ထာဝရမှိန်းမောရပါပြီကောကွယ်။

စောမွန်

တစ်သက်၊ တစ်ဘဝ၊ ထာဝရ

စောမွန်

ချစ်ကေသီ

မင်းဟာ အလှစိညာဉ်လိပ်ပြာရှင်လို့ ကိုယ် တစ်စားထယ်

စောမွန်

ရွှေခတ်ရမယ့် ရှည်လျားသောဘဝများဆီသို့ ရည်တူရွှာလှမ်းရှယ်ကြပါစို့လား အချစ်လေးရေ...

စောမွန်



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့မွန်ဆိုတဲ့ သူငယ်ဟာ သမီးလေးလုလေးစိန်ရဲ့ ရည်းစားသိမှာဆိုတာ သေချာနေပြီ ဦးကောင်းသီးရေ။ ဒီသူငယ်ကို ဘယ်မှာရှာရင် တွေ့နိုင်မလဲ မသိဘူး။ သူက သမီးလေးရှိရာကို သိချင်သိနိုင်တယ်"

အားတက်သရော ပြောလိုက်သည့် ဒေါက်တာဦးအုံ့ထူး စကားကို ခါးကုန်းကြီးဦးကောင်းသီးက ပြန်လည်ဖြေကြားခြင်း မရှိဘဲ ငြိမ်နေလိုက်၏။

ပြီးမှ ၎င်းက တွေးတွေးဆဆနှင့် ပြောလိုက်လေ၏။

"ဒီလိုတွေးကြည့်စမ်းပါလား ကိုအုံ့ထူး။ ဒီသူငယ်ဟာ ရုပ်ရည်ဘန်းပြပြီး သမီးကို ချစ်အောင် ကြိုးစား။ နောက် ငွေလိုချင်တာနဲ့ သမီး၏ကို အခုလိုဖမ်းဆီးချုပ်နှောင်ပြီး..."

"ဟာ...ဟုတ်...ဟုတ်နိုင်တယ်"

ဤသို့ဆိုကာ ဒေါက်တာအုံ့ထူးတစယောက် စိတ်ဓာတ်ကျလျက် ခေါင်းငိုက်စိုက်ဖြစ်သွားရာလေ၏။

"ဒါက ထင်မြင်ချက်ပါ။ တကယ့်အဖြစ်အပျက်က ဘာမှန်းမှမသိသေးတာ။ သမီးလေးလွတ်လာမှ အကျိုးအကြောင်း အစုံအလင် သိရတော့မှာပေါ့"





ထိုညက အတန်ညဉ့်နက်မှပင် ဦးကောင်းသီးတစ်ယောက် လူအားလေးနှင့် ပြန်လည်ထွက်ခွာသွားပေတော့၏။

×××



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

အမှောင်စိုးမိုးစပြုပြီဖြစ်၍ ရန်ကုန်မြို့၏ လူအသွားအလာများ တစ်စတစ်စ ကြဲပါးသွားသည်။

မလင်းတလင်း လမ်းမီးတိုင်များအောက်မှ ရုံပန်ရုံခါ ကားအချို့ မြင်းရထားနှင့် လန်ချားတစ်စီးတလေဖြတ်သန်းသွားသည်ကို တွေ့မြင်ရသည်။

အထူးသဖြင့် လူနေရပ်ကွက်နှင့် အတန်လှမ်းသော ကောင်းတဲ့တရုတ်သင်္ချိုင်းကြီး အနီးအနားတွင် လုံးဝတိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

အဝေးကောင်းတဲ့ဆီမှ ခုနစ်နာရီရှိပြီဖြစ်ကြောင်း အချက်ပြသံချောင်းခေါက်သံ ထွက်ပေါ်လာသည်နှင့် မရှေးမနှောင်းစတော့



www.burmeseclassic.com

www.burmeseclassic.com



ဂိတ်ဝုံးတံခါးပေါ်မှ ဖြတ်သန်းမောင်းနှင်လာသော ကားတစ်စီးက ကောင်းကင်ဘုံစာရုတ်သင်္ချိုင်းကြီးဘက်သို့ မီးမှိတ်လျက် ခပ်မှန်မှန် မောင်းနှင်လာနေ၏။

သင်္ချိုင်းနှင့် မလှမ်းကမ်း သစ်ပင်ကြီးတစ်ပင်အောက်တွင် ကားကို စက်သပ်ရပ်နားကာ အိတ်တစ်အိတ်ဆွဲလျက် သင်္ချိုင်း အတွင်းသို့ ဝင်ရန် ပြင်လိုက်၏။

ထိုအခိုက်မှာပင် မမျှော်လင့်သည့်အသံများကို ကြားလိုက် ရလေတော့သည်။

"ဟိတ်···သင်္ချိုင်းထဲက ရာဇဝတ်သားတွေ အထဲမှာ မင်းတို့ပုန်းခိုနေတာ တို့ သိထားတယ်။ အခုထွက်ခဲ့။ မထွက်ရင် ဝိုင်းထားတဲ့ တို့ပုလိပ်အဖွဲ့က သေနတ်တွေနဲ့ ပစ်ခတ်ဖမ်းဆီးရလိမ့် မယ်"

"ဟား··လှလေးစိန် မင်းရဲ့အဖေဒေါက်တာကြီးက သစ္စာ ဖောက်ပြီးပုလိပ်အဖွဲ့ကို ခေါ်လာခဲ့ပြီ။ ကဲ···ဒီတော့ စောမွန် အကြောင်းသိအောင် ပြရမှာပေါ့ကွာ··ကဲ···ကဲ"

"နိုင်း···နိုင်း"

"အို···မပစ်ပါနဲ့ရှင်။ ဒက်ဒီ့ကို ထိသွားပါ့မယ်။ လှလေး





စိန်ကို သနားပါ ကိုစောမွန်ရယ်နော်"

"ဘာ···ဘာကွ···ဟား···ဟား···ဟား···စောမွန် ဆိုတဲ့ကောင်မှာ ရည်းစားတွေ၊ သနားတာတွေ ဘာတစ်ခုမှ မရှိ ဘူး။ ငွေရဖို့သာ အဓိကကွာ···ကဲ···နင်ပါသေစမ်းဟာ"

"နိုင်း"

"အမလေး"

ထို့နောက် အော်သံ၊ ဟစ်သံ၊ ပစ်ခတ်သံများမှာ တရုတ် သင်္ချိုင်းကြီးအတွင်း ဆူညံပလုံပွက်ညံဟည်းနေတော့၏။

မိနစ်အနည်းငယ်ကြာမျှ ပစ်ခတ်ပြီးသောအခါ အသံများ တိတ်ဆိတ်သွားရာ ဒေါက်တာဦးအုံးထွန်းနှင့် ဦးကောင်းသီးတို့သည် စိုးရိမ်စိတ်ဖြင့် သင်္ချိုင်းကြီးအတွင်းသို့ ငွေအိတ်ဆွဲကာ အမြန်ဝင် ရောက်ခဲ့ကြတော့သည်။

အတွင်းဘက်ရောက်ရှိသောအခါ ပုလိပ်အမှုထမ်းများ၏ လက်နှိပ်ဓာတ်မီးရောင်များ အောက်၌ ဓားဒဏ်ရာ၊ သေနတ်ဒဏ် ရာများနှင့် မရှုမလှသေဆုံးနေရှာပြီဖြစ်သည့် သမီးလေးလှလေးစိန် အလောင်းကို အမှတ်မထင် တွေ့မြင်ကြရပေတော့သည်။

အကျိုးအကြောင်း အစုံအလင်သိရှိသွားသောအခါ ပုလိပ်



www.burmeseclassic.com

www.burmeseclassic.com



ပဏ္ဍရောင်အဖွဲ့ခေါင်းဆောင် ဆာရာဂျင်ကြီးက…

"အေးဗျာ…ကျုပ်တို့က ခင်ဗျားသမီးပြန်ပေးဆွဲခံရတဲ့ ကိစ္စကို မသိပါဘူး။ ညနေစောင်းကတည်းက ဒီတရုတ်သင်္ချိုင်း ကြီးအတွင်းဘက်မှာ သေနတ်ကိုင်လူတစ်ယောက် ရှိနေတာကို ရိပ်ခနဲ တွေ့ရတယ်ဆိုပြီး ဘိန်းစားဘဒန်က သတင်းပေးလို့ ဘယ်သူဘယ်ဝါမှန်း မသိဘဲ ကျွန်တော်တို့ ဝင်ဖမ်းတာပါ။ တိုက် တိုက်ဆိုင်ဆိုင် ကံဆိုးချင်လို့ဆိုရမှာပါပဲ ဒေါက်တာ"

ဟု စိတ်မကောင်းစွာပြောရာလေ၏။

ပုလိပ်တစ်ယောက်က…

"တောက်…ဒီကောင် သင်္ချိုင်းနံရံကို ကျော်ပြီး တာမွေ ဘက် ထွက်ပြေးလွတ်မြောက်သွားတာ နာတာပဲ"

ဟု မကျေမနပ်ရေရွတ်လိုက်လေ၏။

"အိုဗျာ…ကျုပ်သမီးလေးခမျာ ကံဆိုးလွန်းလှပါတယ် အီး…ဟီး"

ဒေါက်တာအုံထူးမှာ ပြောဆည်နိုင်ခြင်းဟာ မရှမ်းဘဲ သမီး လေးအလောင်းကို ဖက်ကာ မျက်ရည်ဖြိုင်ဖြိုင် စီးကျနေရာ၏။

"ကဲ…ကဲ…ကျွန်တော်တို့အနေနဲ့ တာဝန်ဝတ္တရားအရ





အလောင်းကို ဆေးရုံပို့ပြီး သက်ဆိုင်ရာ အစီရင်ခံရဦးမှာမို့ ခွင့်ပြု ပါဦး ဒေါက်တာ"

"ဟုတ်ပါတယ်လေ။ လုပ်သင့်လုပ်ထိုက်တာ လုပ်ကြပါ လေ"

ဦးကောင်းသီးက ခွင့်ပြုလိုက်ပြီးနောက် ၎င်းတို့၏ ကား နှင့်ပင် ပုလိပ်ပဏ္ဍရောင်ဆာရာဂျင်ကြီး လိုက်ပါလျက် ဆေးရုံကြီး ရှင်ခွဲရုံသို့ ပို့ဆောင်ရ၏။

ထိုမှ တာမွေဂိတ်တဲသို့ ဆာရာဂျင်ကြီးနှင့်အတူ ဝင်ရောက် သော ဗွာနအုပ်အား ဖြစ်ပျက်သမျှအကြောင်းစုံကို ပြောပြလျက် အစီရင်ခံရပြန်၏။

"အေးဗျာ…ဒီစောမွန်ဆိုတဲ့ကောင်ဟာ နာမည်ကြီး သတဲ့ လူဆိုးတစ်ယောက်ပေပဲ။ ကျွန်တော်တို့မှတ်တမ်းအရ ဒီစောမွန်ဆိုတာ ဥစ္စာပေါရုပ်ချော မိန်းကလေးတွေကို လိုက်လံ ဖြွယ်ဖျက်ဆီးပြီး ငွေညှစ်နေတဲ့ ရာဇဝင်လူဆိုးသော်တွန်းဆိုတဲ့ လူပါပဲ ဒေါက်တာ"

"အို…ဟုတ်လား…ဒါ…ဒါဆိုရင် ကျုပ်ရဲ့သမီးလေး ကိုလည်း သူဟာ ချစ်ကြိုက်ချင်ဟန်ဆောင်ပြီး အခုလို ပြန်ပေး



www.burmeseclassic.com

www.burmeseclassic.com



ဆွဲရာက ခင်ဗျားတို့ပုလိပ်အရာရှိတွေနဲ့ ကြုံကြိုက်ပြီး ကျွန်
ကို အထင်လွဲလို့ သတ်ပစ်လိုက်တာပေါ့နော်"

"ဒါပေါ့ ဒေါက်တာ။ အဲဒီလိုဖြစ်သွားတယ်ဆိုရမှာပါ
ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ စီအိုင်ဒီကို အကြောင်းကြ
ပြီး အဲဒီသိုက်သမားလူဆိုးသော်တွန်းဆိုတဲ့ကောင်ကို အခေ
တလျင် ဖမ်းဆီးမိအောင် အမှုတာပြင်း ကြိုးစားပါမယ်ဗျာ"

ဌာနအုပ်က အထက်ပါအတိုင်း ကတိပြုလိုက်သေ
လည်း ဒေါက်တာအံ့ထူးမှာ သမီးလေးအလောင်းကိုသာ မျက်
ထဲ၌ ပျောက်ဖျက်မရအောင် မြင်နေကာ မျက်ရည်တွေတွေ
လျက်ရှိနေရှာ၏။

"အတတ်နိုင်ဆုံး စိတ်ကို ဖြေပါ ကိုအံ့ထူးရယ်"

အတူရှိနေသည့် ဦးကောင်းသီးက ဒေါက်တာအံ့
လက်မောင်းကို ဆုပ်ကိုင်ကာ အားပေးစကားပြောကြားလိုက်
၏။

"ကျွန်ုပ်ရင်ထဲမှာ မချိဘူးဗျာ။ ကံဆိုးရှာတဲ့ သမီးလေ
ရယ်...ဟင့်...အဟင့်"

ဂဝတ်ထဲမှ ဌာနအုပ်နှင့် ပုလိပ်အမှုထမ်းများမှာလည်





တိုက်တိုက်ဆိုင်ဆိုင် ကြုံကြိုက်သွားရသည့် ဖြစ်စဉ်အား တွေးမိ
ကာ အထူးပင် စိတ်မကောင်းနိုင်အောင် ဖြစ်နေကြရလေသည်။

ပြီးမှ ဦးကောင်းသီးက...

"ကဲ...ကျွန်ုပ်တို့ကို ခွင့်ပြုပါဦး"

ဟုဆိုကာ ဌာနအုပ်နှင့်ပုလိပ်အမှုထမ်းများကို နှုတ်ဆက်
သမှု ပြုလိုက်၏။

ထို့နောက် နစ်ဦးသား လွန်စွာမချိသောစိတ်နလုံးနှင့်
ကားမောင်းကာ နေအိမ်ဘက်သို့ ထွက်လာခဲ့ပေတော့သည်။

xxx



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

ယယ်စဉ်ကပင် ပစ္စည်းဥစ္စာ ချို့တဲ့သည့် မိဘများမှ ပေါက်ဖွားသည့် တစ်ဦးတည်းသောသားလေး မောင်ကောင်းသီးမှာ ကံကြမ္မာလှံ့စိုက်ဆိုသကဲ့သို့ မွေးကတည်းက ခါးဌ ဘုကြီးတစ်လုံးပါရှိမှုက မျက်နှာသွင်ပြင်ကလည်း ရုပ်ဆိုးဇါကျည်းတန်လှသဖြင့် ပတ်ချပ်ကွက်လုံးရှိ ကလေးငယ်များအနေနှင့် အပေါင်းအသင်းလုပ်ကြသည်က များ၏။

သို့ပါသော် အိမ်နီးချင်းဖြစ်သူ သစ်တောဝန်ထောက်ကြီး ဦးမောင်ဟန်၊ ဒေါ်သီရိတို့၏ တစ်ဦးတည်းသောသားကလေး မောင်ဇော်ထူးကမူ မောင်ကောင်းသီးကို ညီငယ်လိုသဘောထား၍ အပေါင်းအသင်းလိုတစ်မျိုး ဆရာကဲ့သို့တစ်မျိုး ပေါင်းသင်း၏။



www.burmeseclassic.com

www.burmeseclassic.com





မောင်ကောင်းသီး လိုအပ်သမျှ ပေးကမ်း၏။ မောင်ကောင်
သီး သွားလိုသည့်နေရာများသို့ လိုက်ပို့၏။ အခဲ့ဆိုရလျှင် မိမိ
ခန္ဓာကိုယ်သွင်ပြင်အား ရှက်ရွံ့သဖြင့် ကျောင်းမနေဝံ့သော မော
ကောင်းသီးအား မောင်အံ့ထူးကိုယ်တိုင် စာတတ်မြောက်သည
အထိ သင်ကြားပေးသည်။

ထို့ကြောင့်လည်း မောင်အံ့ထူးမှာ မောင်ကောင်းသ
အတွက် အားကိုးရာ ဆရာသမားဖြစ်သည်နှင့်အမျှ ကျေးဇူးရှင
ကလည်း မှားအံ့မထင်ပါပေ။

သို့သော် ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းကား ကွေကွ
နောက်ဆုံးရှိချေ၏ဆိုသည့်စကားပမာ အလားပင် မောင်အံ့
ဆယ်တန်းအောင်၍ ဆေးတက္ကသိုလ်တက်သောနှစ်တွင် မေ
အံ့ထူးမိဘများလည်း ရန်ကုန်မြို့သို့ ပြောင်းရွှေ့သည်နှင့် ကြံ့သ
သူငယ်ချင်းနှစ်ယောက် ခွဲခွာခဲ့ကြရသည်။

နှစ်ပေါင်းအတော်ကြာပြီး၍ မောင်အံ့ထူးတစ်ယော
နိုင်ငံခြားမှ ပါရဂူဘွဲ့ယူကာ မြန်မာပြည်သို့ပြန်ရောက်လျက် ရန်
ဆေးရုံကြီးတွင် အလုပ်ဝင်စဉ် ဆေးရုံလာတက်သည့် လူ
တစ်ယောက်နှင့် ပတ်သက်၍ ရောက်လာသည့် ဦးကောင်းသီ







နှော်လင့်ဘဲ တွေ့လိုက်ရတော့သည်။

ထိုအခါ ခြေထောက်တွင်ထိခိုက်မှုတစ်ခုကြောင့် ဆေးရုံ
ရောက်လာသည့် လူရွယ်မှာ ဦးကောင်းသီး၏သားလေး မောင်ထက်
ဖြစ်ကြောင်း သိရလေ၏။

ဦးကောင်းသီးပြောပြချက်အရ ၎င်း၏ခန္ဓာကိုယ် ချို့တဲ့မှု
အထူးသနားရာမှ မေတ္တာသက်ဝင်လာကာ တစ်ရပ်ကွက်တည်း
မမြမေနှင့် နှစ်ဦးသဘောတူ ပေါင်းသင်းကြကာ ယခုအခါ
အားကလေးမောင်ထက်ခိုင်နှင့်အတူ ကြို့ကုန်းရပ်တွင် နေထိုင်
ကြောင်းများလည်း သိရှိရလေ၏။

ကြီးမှပြန်တွေ့ကြရသည့် ငယ်သူငယ်ချင်းနှစ်ယောက်မှာ
နှစ်စွာ ဝမ်းသာခြင်းဖြစ်ကြလျက်. ကြာသော် နှစ်အိမ်တစ်အိမ်
ဖြစ်လာကာ အထူးချစ်ခင်ရင်းနှီးလာပေတော့၏။

ဒေါက်တာအံ့ထူး၏ ဇနီးဖြစ်သူ ဆုံးပါးသွားသောအခါတွင်
အား မိတဆိုးလေး လှယေးစိန်မှာ မောင်ထက်ခိုင်ကို အစ်ကိုရင်း
သဖွယ် ဝိုမိုခင်တွယ်လာတော့သည်။

ဤတွင် ရေရှည်အနေအထားကို တွက်ဆမိသည့်
ဒေါက်တာအံ့ထူးက သမီးကို မောင်ထက်ခိုင်နှင့် ပေးစားရန် စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကူးလျက် ဦးကောင်းသီးနှင့် တိုင်ပင်ပြီး မကြာခင်ရက်များအတွ
လုလေးစိန်တစ်ယောက် လူမသမာများလက်ချက်ဖြင့် ဤ
ရက်စက်စွာ အသတ်ခံခဲ့ရခြင်းဖြစ်ပေသည်။

လုလေးစိန်အဖြစ်ဆိုးနှင့် ကြုံရချိန်တွင် မောင်ထက်
တစ်ယောက်မှာ ကျောက်အရောင်းအဝယ်ကိစ္စနှင့် မိုးကုတ်မြို့
ရောက်ရှိနေရာ ထိုကိစ္စကို မသိရှာသေးပေ။

ဦးကောင်းသီးမှာကား ယော်သူငယ်ချင်း ကျေးရွာရှင်လည်
ဖြစ်၊ ဆရာသမားဆိုလည်း မှားမည်မဟုတ်သော သူငယ်ချင်းအဲ့
၏ ကြေကွဲဖွယ်ဖြစ်ရပ်အတွက် မိမိတတ်အားသမျှ ကူညီပံ့ပိုး
ဆုံးဖြတ်ချက် ချလိုက်ပြီးနောက် အိမ်ကို ကပ်သည်ပင် မရှိတေ
ဘဲ ကားတစ်စီးနှင့် ဒေါက်တာအုံထွေးအိမ်သွားချည်လာချည် မ
ပန်းခတ်လျက် ရှိနေလေတော့သည်။

တစ်နေ့တွင် ဒေါက်တာအုံထွေးက တစ်စုံတစ်ရာ ဆုံး
ဖြတ်ချက်ချပြီးဟန်နှင့် ဆိုသည်။

"ကိုကောင်းသီး"

"ဗျာ"

"ချောင်ကျကျ၊ အိမ်ကြီးကြီး၊ လူနေရပ်ကွက်နဲ့ခပ်လှမ်



လှမ်း။ ဖြစ်နိုင်ရင် မြေအောက်ခန်းရှိတဲ့ အိမ်အိုကြီးမျိုးကို အမြန်
ဆုံး ရှာစမ်းဗျာ"

"အို... ဒီလိုအိမ်ကြီးမျိုး ဘာလုပ်မှာလဲဗျာ။ ပြောတာနဲ့
တင် အင်မတန်ချောက်ချားစရာကောင်းလှပါပြီ"

"ခင်ဗျား မသိပါဘူး။ ကျုပ်ဘဝကို တွေးရင်း တွေးရင်း
စိတ်ကုန်လာသလို လူတွေကိုလည်း မတွေ့ချင် ခဆက်ဆံချင်
တော့ဘူး။ ကျုပ်ဟာကျုပ် အင်္ဂလန်က သင်ကြားလာခဲ့တဲ့ မှုက်စိ
ကုသမှုကို ပိုမိုကောင်းအောင် အဲဒီလိုနေအိမ်မျိုးထဲမှာ လျှို့ဝှက်
စမ်းသပ်နေထိုင်ချင်တယ်ဗျာ"

"ဪ... ဒီလိုကိုး"

ဦးအုံထွေးပြောသည့်အတိုင်းပင် မကြာမီရက်များအတွင်း
ဦးကောင်းသီးက ချောင်ကျသည်နှင့်အမျှ လူသူအရောက်အပေါက်
နည်းသော တစ်ချိန်က ကုလားသူဌေးပိုင် ခြံကြီးအတွင်းမှ အိမ်အို
ကြီးအား ဝယ်ယူနိုင်ခဲ့လေသည်။

အိမ်ကြီးဝယ်ပြီးသည့်နေ့မှာပင် ညဘက်၌ ကားနှစ်စီးဖြင့်
ပစ္စည်းအမျိုးမျိုးကို အခေါက်ခေါက်အခါခါ သယ်ပြီးနောက် ဌ
ထိုအိမ်ကြီးအား တံခါးပိတ်သော့ခတ်လိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

အခန်းထဲ၌ ဒေါက်တာအုံ့ထူး၏ ကြေကြေကွဲကွဲ ငိုရှိုက်သော ပွဲလွှင့်လျက်ရှိနေပေသည်။

ခါးကုန်းကြီးဦးကောင်းသီးနှင့် မိန်းမချောလေးတို့သည် ဒေါက်တာအုံ့ထူးတစ်ယောက် ကြိတ်မနိုင် ခဲမရ ငိုရှိုက်နေမှုကို အံ့ဩ ကောင်းဖြစ်လျက် ငြိမ်သက်စွာပင် ကြည့်နေမိကြသည်။

အတန်ကြာမှ ဦးကောင်းသီးက…

"တိတ်ပါ ကိုအုံ့ထူးရာ…ဒီလောက်ငိုလိုက်ရရင် တင်း တဲ့စိတ်တွေ နည်းနည်းလောက် ပြေလျော့သွားရောပေါ့။ မကြာ တဲ့ တစ်နေ့မှာ သမီးလေးလှလေးစိန်အတွက် လက်စားချေမှု ကို ကြိုးလိမ့်မယ်ဆိုတဲ့ ဖွဲကို တင်းလိုက်စမ်းပါဗျာ…နော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မချိတင်ကဲလေသံနှင့် ပြောလိုက်ရာလေ၏။

မိန်းမချောလေးကလည်း ချက်ချင်းပင် နနယ်လှသ

မျက်နှာအသွင်အပြင်များ ပျောက်ကွယ်သွားကာ မျက်ဆန်

ပကတိအစိမ်းရောင်တောက်လလျှက်…”

“ကျွန်မရဲ့ကျေးဇူးရှင်ဟာ အနကယ်ပါရှင်။ ဒီတော့

အနကယ်နာမည်ပေးထားတဲ့ ဟောဒီလှလေးစိန် ရှိနေသ၍

လူယုတ်မာကို ကျွန်မ ဖြေရှင်းပေးမှာပါ”

ဟု ခက်ထန်စွာ အံကြိတ်၍ ပြောကြားလိုက်လေ

ဤသို့ပြောပြီးသည်နှင့် သူမ၏ခန္ဓာကိုယ်သည် ထူးခြ

တဆတ်ဆတ်တုန်ခါလျှက် ချက်ချင်းပါးစပ်မှ အားပါး

တစ်အော်လိုက်တော့၏။

“အူး…ဟူး”

ထို့နောက် စားပွဲပေါ် ခေါင်းငိုက်စိုက်ချကာ ငြိမ်သ

သွားတော့သည်။

အတော်ကြာမှ သူမ သတိရကာ မိမိ၏ဘေးဖြစ်စဉ်ပ

ကားချပ်အား ငေးငိုင်ရင်း ပြန်လည်တွေးကြည့်မိနေပေတော့၏

xxx





# အခန်း (၇)

မိုးက အငြိုးကြီးစွာ ဖြိုးစွေလျက်ရှိ၏။

လမ်းဓာတာမီးတိုင် မလင်းတလင်းအောက်တွင် ကတ္တရာ

လမ်းမတကြောမှာ ပြောင်လက်နေ၏။

ထိုပြောင်လက်သော ကတ္တရာလမ်းပေါ်သို့ မိုးစက် မိုး

ပေါက်များ ကျရောက်သောအခါ စိန်မှုန်စိန်ပွင့်လေးများအလား

ဖွာထွက်သွားတတ်ရာ တစ်မျိုးတစ်ဖုံ လှပနေသည်ဟု ဆိုရပေ

မည်။

ထိုပြောင်လက်၍ စိန်မှုန်ကြဲနေသော အကာလညအခါ

တွင် ယင်းကတ္တရာလမ်းပေါ်၌ နည်းက်သော၊ ဖြူဖွေးသော၊ ဒို



www.burmeseclassic.com

www.burmeseclassic.com



မောက်လှပသော ခြေအစုံက မရပ်မနား ပြေးလွှားလျက်ရှိနေလေသည်။

အသောပြေးနေရသဖြင့် အပြာရောင်တိုဘာရှယ်ကိုးထောင် အနားစလေးများပင် အတော်အတန် စုတ်ပြဲလျက် ဖွာလန်ကြဲ အနေအထားရှိနေသည်။

အမှန်စင်စစ် တစ်စုံတစ်ရာသောအကြောင်းကြောင့် လှပနုပျိုသော မိန်းကလေးတစ်ယောက် အကာလညအခါ၌ မိုးရေမိုးစက်များကြားတွင် မရပ်မနား ပြေးလွှားနေခြင်းသာ ဖြစ်ပေတော့၏။

ထိုပြေးလွှားနေသော မိန်းမပျိုသည် အလုံဝိုက်တပေါ ရပ်ကွက်အနီးရှိ ခြံကြီးတစ်ခြံသို့ ရောက်သည်တွင် အိမ်ရှေ့မှ လူခေါ်ဘဲလ်ကို တအားဖိနှိပ်လိုက်၏။

"ကလင်…ကလင်…ကလင်"

"ကလင်…ကလင်"

အသံကြောင့်ထင်၏။ ခြံမီးက ဦးစွာ ပွင့်ပြီးနောက် မှောင်မည်းနေသည့် အိမ်ကြီးတစ်လုံး မီးရောင်များ ထွန်းလင်းလာသည်။

မီးများလင်းလာသည့် ထိုအိမ်ကြီးကို မြင်ရသောအခါကျ





မှ အနည်းငယ်စိတ်အေးသွားဟန်ဖြင့် မိန်းမပျိုက သူမရင်ကို လက်အစုံနှင့် ဖိထားလိုက်၏။

သူမ ခန္ဓာကိုယ်မှ မိုးရေစက်များက စီးကျနေသာဖြစ်သည်။

"အလို…ဘယ်သူများပါလိမ့်လို့ လက်စသတ်တော့ မေသန္တာပေကိုး။ လာ…လာ…တူမ…တစ်ကိုယ်လုံးလည်း ရွှဲရွှဲစိုလို့။ ဟိုမှာ သူဌေးလင်မယားက ဘယ်သူလဲလို့ စောင့်ကြည့်နေကြတယ်။ သူတို့ဆီ သွားလိုက်နော်"

"ဟုတ်ကဲ့ ဦးလေးညို"

မိုးကာခြုံထားသည့် ဦးညိုကြီးနှင့်အတူ တိုက်ကြီး ဆင်ဝင်အောက်တွင် ရပ်နေသော သူဌေးလင်မယားရှိရာသို့ မေသန္တာ ရောက်ရှိလာခဲ့သည်။

"အလို…မေသန္တာ အချိန်မတော်ကြီးမှာ"

"ဟော…ဟုတ်ပါရဲ့။ ကလေးမ တစ်ခုခုများ ဖြစ်လို့လား။ မိန်းမရေ…အေးစိန်ကိုခေါ်ပြီး အဝတ်အစားတွေ လဲပေးလိုက်ပါ စေလားကွာ"

"အိုး…ဟုတ်ပါရဲ့"

မေသန္တာကား မည်သည့်စကားမျှ မဆိုနိုင်ရှာဘဲ ချင်းချမ်း



www.burmeseclassic.com

www.burmeseclassic.com



စီးစီးအာနေအထားတွင် မိုးရေစက်အကြွင်းအကျန်များနှင့်အတူ မျက်ရည်စက်များကို သွန်ချနေရှာလေ၏။

သူဌေးကြီးဦးပံသုကာ မိုးရေစိုလျက် ပန်းပုရုပ်ပမာအလား ပကာတိအလှပိုင်ရှင်ကလေးပမာ ရှိနေသည့် မေသန္တာ၏ တစ်ကိုယ်လုံးကို သိမ်းကြုံးခြုံငုံကြည့်ပြီးသကာလ စိတ်မကောင်းဟန်နှင့်…

"တိတ်…တိတ်ပါ မေသန္တာ။ နွေးနွေးထွေးထွေးကျမှ ဖြစ်ပျက်သမျှ အကျိုးအကြောင်းကို ပြောပြပေါ့။ ဟော…ဟော ဟိုမှာ မင်းအန်တီနဲ့ အိမ်ဖော်မလေး အေးစိန်တို့ လာနေပြီ"

ဟု ဆိုလိုက်လေ၏။

"ရေချိုးခန်းကို အေးစိန်နဲ့အတူ လိုက်သွား။ ပြီးတော့ အေးစိန်ပေးတဲ့ အဝတ်အထည်တွေလဲပြီး ဧည့်ခန်းကိုလာခဲ့ မေသန္တာ"

ငိုရလွန်းသဖြင့် မို့အစ်နေသော မျက်နှာအနေအထားနှင့် မေသန္တာက ခေါင်းညိတ်ကာ အိမ်ဖော်မလေးမအေးစိန်နှင့်အတူ ရေချိုးခန်းသို့ လိုက်ပါသွားခဲ့သည်။

အဝတ်အစားလဲပြီးမှပင် သူဌေးလင်မယား စောင့်ဆိုင်းနေရာ ဧည့်ခန်းသို့ မရဲတရဲ လာခဲ့ရသည်။





"ထိုင်…မေသန္တာ။ အချိန်မတော် ဘာဖြစ်လာသလဲ"

သူဌေးကတော် ဒေါ်မြမက စီးကရက်တစ်လိပ်ကို ဖွာ ရင်း အထက်ပါအတိုင်း မေးငေါ့လျက် ပြောလိုက်ရာ သူမ နှာခေါင်းမှ စိန်နားကပ်ရောင်မှာ တဖျပ်ဖျပ် လင်းလက်သွားလေ၏။

မေသန္တာက လက်နှစ်ဖက်နှင့် သူမမျက်နှာကို ဦးစွာ သုတ်ထားလိုက်သည်။ ပြီးမှ သူမက ခေါင်းငုံ့လျက်…

"အန်တီတို့အိမ်က လျှော့ပွတ်ချက်ပြုတ်ပြီးလို့ ပြန်တော့ ညကုနစ်နာရီလောက်မှာ အိမ်ပြန်ရောက်ပါတယ်"

"ဟုတ်ပြီ…ဆက်ပြော"

ဒေါ်မြမက ဤသို့ဆိုသော်လည်း သူဌေးကြီးဦးပံသုကာမှု ကိုယ်ခန္ဓာကို ကျောမှီကာ ငြိမ်သက်စွာပင် နားထောင်နေ၏။

"အိမ်ရောက်တော့ အမေက ကီလီဈေးမှာ ကုန်စိမ်းကြို ထွက်သွားပြီဖြစ်တာမို့ အခန်းထဲက အိပ်ရာနဲ့အဝတ်ပေါင်း တွေကို ခေါက်သိမ်းနေလိုက်တယ်"

ထိုနေရာ၌ မေသန္တာက စကားစပြတ်လိုက်ရာ သူဌေး လင်မယားက စိတ်ဝင်စားဟန်နှင့် နှစ်ဦးစလုံး ခေါင်းထောင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ မေသန္တာက ဆက်ပြောသည်။

"အဲဒီအချိန်မှာ ခြေသံနဲ့အတူ ကျွန်မရဲ့ပထွေးဆိုက် သမားဦးကျားရိုးဟာ အခန်းထဲ လှုပ်တစ်ပြက်ဝင်လာပြီး…အ ဟင့်…လုံးထွေးတော့တာပါပဲရှင်"

"ဟင်"

"အို"

"သူ…သူပါးစပ်ကလည်း အရက်နံ့တွေ မွှန်ထူနေ ပဲ။ သူက ပြောသေးတယ် ကျွန်မကို ကြံချင်တာကြာလှပြီ အမေ့အလစ်ကို စောင့်နေတာ အခုမှမိတော့တယ်တဲ့"

"အို…ယုတ်မာလှချည်လား"

"ဒီတော့…အဲ…ဆက်ပြောပါဦးအေ မေသန္တာရဲ့"

"ပထမတော့ ကျွန်မက အတင်းရုန်းကန်တာပေါ့။ ဒီ မယ့် သူ့ရဲ့ယောက်ျားအားကြီးနဲ့ အတင်းချုပ်ကိုင်ထားတော့ အသ ရှု ရပ်မတတ် မွှန်းကြပ်နေရာက အကြံရလာတယ်"

ဒေါ်မမက စီးကရက်ကို ဆက်တိုက်ရှိုက်ကာ ဆေး ခွက်အတွင်း ထိုးခြေလျက်…

"ဘယ်လိုအကြံလဲကွယ့် မေသန္တာ။ ပြောပါဦး"





ဟု လောဆော်လိုက်လေ၏။

"ကျွန်မက သူ့အလိုလိုက်မယောင်ဟန်ပြပြီး အလစ်မှာ ခြေထောက်နဲ့ တအားကြုံးကန်လိုက်တော့ ခနော်ခနဲ့ ထရံခန်းစည်း ပါ ပြုတ်ကျပြီး ပထွေးဖြစ်တဲ့ဦးကျားရိုး ဒလိမ့်ကောက်ကွေး လွင့် ထွက်သွားတော့တယ်"

"အင်း…တော်ပါသေးရဲ့"

ဒေါ်မမက အထက်ပါအတိုင်း ရေရွတ်လိုက်သကဲ့သို့ သူ့ငွေဦးပ်သုကလည်း လေပူတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ် လိုက်လေ၏။

မေသန္တာက လေသံရှုံ့ရှုံ့ဖြင့်…

"မတတ်သာတဲ့အဆုံး ကျွန်မလည်း အန်တီတို့အိမ်ကို မိုးရေထဲမှာ ပြေးလာခဲ့ရတာပါပဲရှင်…ဟင့်…ဟင့်"

ဟု ထိုအခါကျမှ ကြိတ်၍ ရှိုက်ငိုရှာလေ၏။

ဤတွင် ဒေါ်မမက…

"အင်း…ပထွေးများဟာ ပထွေးစိတ်ဓာတ်သာရှိတယ် ဆိုတာ မင်းရဲ့အမေအနေနဲ့ အစကတည်းက သိဖို့ကောင်းတာ ပေါ့ကွယ်။ ကဲ…ကဲ…ဘာမှပူမနေနဲ့တော့ အစတ် မင်းကို

www.burmeseclassic.com

www.burmeseclassic.com



အေးစိန်နေမကောင်းတဲ့အတွက် တို့အိမ်မှာ တွဲဖက်ပြီး အိမ်အလုပ်တွေကို နေ့ဘက်မှာသာ လုပ်ကိုင်စေဖို့ထားခဲ့ပေမယ့် အခုလို ဒုက္ခကြုံရတဲ့ကနောက် ဒီမှာပဲ အေးစိန်နဲ့နေပေါ့"

"ဟုတ်···ဟုတ်ကဲ့···ကျွန်မ···ကျွန်မ ဘယ်လို ကျေးဇူးတင်ရမှန်းကို မသိတော့ပါဘူး အန်တီရေ"

သူဒွေးဦးပံ့သကလည်း···

"အေး···မင်းရဲ့အန်တီပြောသလို ဒီမှာနေပေါ့။ နောက် မင်းဒီမှာရှိကြောင်း မင်းအမေကို တစ်နည်းနည်းနဲ့ သတင်းပေးပို့ ပေးပါ့မယ်"

ဟု ဆိုသဖြင့် မေသန္တာက ကျေးဇူးတင်ကြောင်း ဦးညွှတ်ပြလိုက်၏။

ပြီးလျှင် အိမ်ဖော်မအေးစိန်က လာခေါ်သဖြင့် လိုက်သွားကာ ရေချိုးခန်းနှင့် ကပ်လျက်အခန်းကျဉ်းကလေး၌ အိပ်စက်ရ၏။

အိပ်စက်သည်ဆိုသော်လည်း ဖခင်ဖြစ်သူ သေဆုံးပြီးနောက် အားကိုးရာမဲ့ရသည့် မိခင်ကြီးမှာ၊ အားကိုးရာသောအားဖြင့် ဆိုက်ကားသမား အရက်သမား ဦးကျားရိုးအား အိမ်ထောင်ပြုရာမှ စိတ်ချမ်းသာမှု မရရှာဘဲ နေ့စဉ်ထာဝရ အနိုင်ကျင့်ခံရပုံများကို ပြန်လည်တွေးတောမိကာ မျက်ရည်များသာ တွေတွေစီးကျနေရှာတော့သည်။

အတန်ညဉ့်နက်မှပင် မေသန္တာမှာ မှေးခနဲ အိပ်ပျော်သွားရှာလေ၏။

xxx







www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၈)

အင်ဝိုလိုင်စင်လုပ်ငန်းဖြင့် အမြို့ငှသားချမ်းသာကြွယ်ဝ သည့် သူဌေးကြီးဦးပံသ၊ ဒေါ်မမတို့အိမ် မေသန္တာရောက်ရှိခဲ့သည် တစ်လခန့်ပင်ကြာမြင့်ခဲ့ချေပြီ။

ခြံစောင့်ဦးကိုးညို၊ ကျည်ကာ မိခင်ဈေးရောင်းချရာ နေရာ မေသန္တာတစ်ယောက် သူဌေးအိမ်၌ ကောင်းစွာရှိနေကြောင်း ဝင်ဆိုပြီးဖြစ်သဖြင့် အတန်အသင့် စိတ်အေးရပြီဖြစ်သည်။

သို့သော် တိုက်အိမ်ကြီး၌နေရသည်ကား လှုဂိုသက်သက် နေသည်ဟု မေသန္တာ ထင်မိသည်။

အဘယ်ကြောင့်ဆိုသော် သူဌေးကြီးဦးပံသမှာ အင်ဝို ..ကိစ္စကြောင့် မကြာခဏ ခရီးထွက်ရရာ လာချင်သည့်အခါ



www.burmeseclassic.com

www.burmeseclassic.com



လာ၍ မလာချင်သည့်အခါ မလာပေ။

များသောအားဖြင့် ညဦးအတန်နက်မှသာ ရောက်လာလေ့

ရှိပေသည်။

ထိုနည်းတူစွာ သူဌေးကတော် ဒေါ်မမမှာလည်း ဆိုရှယ်

ကျသူတစ်ဦးဖြစ်သောကြောင့် ညစဉ်လို ပါတီပွဲများဆက်နေ

ညဦးနက်ချိန်များမှသာ ပြန်လာလေ့ရှိပေသည်။

တစ်ခါတစ်ရံ နှစ်ရက်သုံးရက်အထိပင် ဒေါ်မမတစ်ယော

ပြန်မလာဘဲ ရှိနေတတ်သည်။

ထို့ကြောင့် မေသန္တာနှင့် မအေးစိန်တို့အဖို့ အလွန်အလု

အလုပ်ပါးကာ ဖုံခါခြင်း၊ တံမြက်လှည်းခြင်း၊ ပြံစောင့်ဦးကိုးညီ

အတူ သစ်ပင်ပေါင်းပင်များကို ရှင်းခြင်း၊ ရှင်းခြင်း အစရှိသည့်

သာ လုပ်ကိုင်ရပေသည်။

တခြားသွားစရာဆို၍လည်း အသိမိတ်ဆွေ၊ ဆွေမျိုးသ

ချင်း မရှိသဖြင့် သွားရန်ခက်လှ၏။

ဤသို့ မေသန္တာတစ်ယောက် စိတ်တွေနေ့နိုက်

အားကိုးရာကဲ့သို့သော လူတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့

သည်။





ထိုသူသည်ကား သူဌေးဦးပံသုံးကားဒရိုင်ဘာ ကိုချော

သာဆိုသူပင်တည်း။

နာမည်နှင့်လိုက်အောင်ပင် ရုပ်ရည်အားဖြင့် ပြေပြစ်

ချောမောလျက် အသံသာသာဖြင့် စကားပြောတတ်သူတစ်ဦးဖြစ်

သောကြောင့် မေသန္တာတစ်ယောက် ကိုချောသာအပြောတွင်

မကြာမီ နစ်မျောမိတော့သည်။

"သာမှမရှုပါနဲ့ မေသန္တာ။ သူဌေးလင်မယားက သဘော

ကောင်းပါတယ်။ အဲ...ဒီမှာ မေသန္တာမနေချင်တော့တဲ့အဆုံး

ကျွန်တော် အမွေရထားတဲ့ အိမ်ကလေးတစ်လုံး ကြည့်မြင်တိုင်

ဘက်မှာရှိပါတယ်။ အဲဒီမှာ လိုက်နေပေါ့...ဟုတ်လား"

"အို...တကယ်လား။ ကိုချောသာပြောတာနဲ့တင် သန္တာ

မှာ အားရှိသွားမိတာ အမှန်ပါပဲရှင်။ သန္တာ့ရွှေ...ကိုချောသာကို

အားကိုးစိတ်လည်း ရှိတာ အမှန်လို့ဆိုပါရစေ"

"ဟဲ...ဟဲ...ဟဲ...ဟဲ...ရပါတယ်ဗျား ရှေ့လျှောက်

မေသန္တာအနဲ့ ချောသာတို့ဟာ ပြောစရာမလိုအောင် သဘော

ကောင်းတာ သိပါလိမ့်မယ်လေ"

"ကျေးဇူးအနန္တပါ ကိုချောသာ"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် မကြာခဏဆိုသကဲ့သို့ ဒရိုင်ဘာကိုချောသာနှင့် တရင်းတနှီး စကားပြောမိရာမှ မေသန္တာ၏နှလုံးသားများ လှုပ်လီလှုပ်လဲ့ဖြစ်လာသည်ဟု ဆိုရပေမည်။

အိပ်ရာပေါ်၌ အိပ်စက်ချိန်များတွင်ပင် မေသန္တာအတွေး အာရုံ၌ ကိုချောသာ ရောက်လာတတ်လေ့ရှိနေပေပြီ။

တောသူမရိုးရိုးအအဖြစ်သော မအေးစိန်မှာ မေသန္တာ အဖြစ်ကို လုံးလုံး ဂရုထားမိပုံမရပါချေ။

တစ်ညတွင် လေမိုးက သည်းထန်လွန်းလှ၏။ မိုးစက် မိုးပေါက်တို့က မှန်တံခါးများကို တဖျောက်ဖျောက် မြည်သံပေးကာ လာရောက်ထိမှန်၏။

တိုင်ကပ်နာရီကြီးမှ ဆယ့်နှစ်နာရီသံ မြည်ဟည်းအချက် ပေးသည်အထိ သူဌေးရော၊ သူဌေးကတော်ပါ ရောက်မလာသေးသဖြင့် မေသန္တာ မအိပ်နိုင်သေးပါချေ။

မအေးစိန်ကား နှလံထစဖြစ်သောကြောင့် နှစ်ဦးအတွက် ပေးထားသည့် အိပ်ခန်း၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိနေပေသည်။

ခြံဝင်းသို့ ကားစီးရောင် ဟပ်လာမည့်အနေအထားကို





မေသန္တာ ငံ့လင့်နေရသည်။

မကြာမီ ကားမီးရောင်မြင်ရကာ တိုက်အိမ်ကြီး၏ပေါ်တီကို အောက်၌ ကားရပ်သဖြင့် မေသန္တာ အပြေးကလေးသွားကာ သံတာချာတံခါးသော့ကို ဖွင့်ပေးလိုက်ရ၏။

သူဌေးဦးပံ့သုမှာ ဒယီးဒယိုင်ဖြစ်လျက်မှ လျှာလေး အာ လေးဖြင့်···

"ဟော့···မောင်ချောသာ"

ဟု ခေါ်၏။

"ဗျာ···သူဌေး"

"ကားကို မင်းယူသွားပြီး မြေနီကုန်းက ဦးနီရဲ့ဝပ်ရှော့မှာ အပ်ပြီးမှ မင်း အိမ်ကိုပြန်"

"ဟုတ်ကဲ့"

"မင်းရဲ့အိမ်နဲ့ ဝပ်ရှော့နဲ့က အနီးကလေးမဟုတ်လား"

"ဟုတ်···ဟုတ်ကဲ့"

"သွားတော့"

မောင်ချောသာက မေသန္တာအား မသိမသာ ညှို့မျက်လုံးများနှင့် စိုက်ကြည့်ပြီးလျှင် ကားမောင်း၍ ထွက်ခွာသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မေသန္တာ"

"ရှင်...အန်ကယ်"

"ဘာရပ်...ကြည့်နေတာလဲ၊ အန်ကယ် ပွဲတွေ ဆ
လာလို့ တော်တော်ဒေါင်းနေပြီ၊ မင်း အန်တီမလာသေး
မဟုတ်လား...အော့"

"မ...မလာသေးပါဘူးရှင်"

တုန်တုန်ယင်ယင် ပြောနေသော မေသန္တာကို တစ်ချ
စိုက်ကြည့်ကာ ဦးပံသုက မည်သည့်အရာကို သဘောကျသ
မသိပေ၊ ဟက်ဟက်ပက်ပက် ရယ်မောနေလေတော့၏။

ဦးပံသု၏ ရယ်မောသံကြောင့် မေသန္တာ၏နှာကို
သွေးများ အေးခဲသွားသကဲ့သို့ မှတ်ထင်ရသည်။

"လာ...တွဲခေါ်လေ၊ မကြောက်စမ်းပါနဲ့ကွယ်...
မေသန္တာရဲ့"

"ဟုတ်...ဟုတ်ကဲ့"

ဤသို့ဖြင့် မေသန္တာက ဦးပံသုကို မရဲတရဲတွဲခေါ်လာ
ရရာ လေ့ကားအတက်တွင်လည်းကောင်း၊ အခန်းတစ်ဆစ်ချိုးတွ
လည်းကောင်း လဲကျမည်ကဲ့သို့ ဖြစ်သွားသည့် ဦးပံသုမှာ သူ





ကိုယ်လုံးနှင့် ပူးကပ်သွားလေ့ရှိရာ မေသန္တာရင်မှာ ဗုံတီးသကဲ့သို့
တဒိန်းဒိန်းမြည်ဟည်းလျက် ရှိနေပေတော့သည်။

"ရောက်...ရောက်ပြီ...ဒီ...ဒီအခန်း...မှုတ်ပြီ၊
ခုတင်နားအထိပို့...ပို့ပေး"

"ဟုတ်...ဟုတ်...ကဲ့"

သို့သော် ခုတင်အနီးသို့ရောက်သောအခါ မေသန္တာမှာ
ရုန်းထွက်၍မရနိုင်တော့ဘဲ ဦးပံသု၏မြဲမြံသော လက်များအကြား
၌ မိနေရတော့၏။

ပြီး...လျှပ်စစ်မီးများသည်လည်း ဖျပ်ခနဲ ငြိမ်းသွားတော့
သည်။

xxx



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

မေသန္တာတစ်ယောက် မိမိဘဝကို တွေးလျက် အဆွေး
ဦး ဆွေးကာ ကြိတ်ငိုခဲ့ရသည့်ညပေါင်း မနည်းတော့ချေ။

ဘောင်ချောက်တွင် အမိခံရပြီးဖြစ်သည့် သားကောင်အား
ဆေးစဉ်းလဲက တမြုံ့မြုံ့ဝါးမျိုနေသကဲ့သို့ ဦးပုံသုကလည်း လစ်
ချင် လစ်သကဲ့သို့ မေသန္တာကို အမှောင်တိုက်သို့ ပို့ဆောင်သည်
သာ ဖြစ်သည်။

မေသန္တာဘဝကား ဆုပ်လျှင် စူး စားလျှင် ရူး နမ်းလျှင်
ညှီအဖြစ်ကဲ့သို့သာတည်း။

သို့သော် တစ်နေ့တွင် ယောက်ျားနှစ်ဦး သုံးဦးနှင့် အချိန်
တော် ပါတီပွဲမှပြန်လာသူ ဒေါ်မမအား မရှေးမနှောင်း ကားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသူ ဦးပံသုက တွေ့မြင်သွားကာ ထိုညွှ် အကြိုး အကျယ် စကားများကြလေ၏။

"မင်း…ဒီအချိုးမျိုးတွေ ပြင်သင့်ပြီ။ မင်းကို လိုက်ပို့တဲ့ ကောင်တွေဟာ ဘယ်သူဘယ်ဝါ ဘယ်လိုဝိသနာရင်းစွဲရှိတယ် ဆိုတာ ငါ သိတယ် မမ။ ဟင်း…ဆက်ပြီးမပြောလိုက်ချင်ဘူး"

"အဲမား…ပြောစမ်းပါ…ပြောစမ်းပါ။ ဒီမှာ ရှင်ကရော ကလယ်တကာ ကလပ်မှာ အလေလိုက်နေတာ မသိဘူး အောက်မေ့လား။ ကျွန်မမှာလည်း နားနဲ့ မျက်စိနဲ့ရှင့်…အပင်း…ဟင်း ဟင်း…ဒီလိုပြောလာမှာစိုးလို့ တခြားကိစ္စအပြင် အိမ်မှာ အခင် ပြေဖို့အတွက် ကျွန်မက မသိကျိုးကျွံပြုထားတာကို ရှင်က ဟုတ်လှပြီ အောက်မေ့နေတယ် ဟုတ်လား"

"ဘာ…ဘာပြောတယ်"

"နေတော်…တော်…ရှင်သိချင်ရင် အေးစိန်ကို ခေါ်မေး မမကိုများ အ,တယ်မှတ်နေသလား။ တကယ်ဆိုတော့ အေးစိန် ဟာ မမရဲ့စုံထောက်ရှင့်၊ မမရဲ့စုံထောက်…အဟင်း…ဟင်း… ဟင်း"

"ဟော"

ကနဦးက လက်သီးလက်မောင်းတန်းကာ ခေါ်နေသည့် ဦးပံသုတစ်ယောက် ငြိမ်ကျသွားသည်။

ထိုနည်းတူစွာ မိမိတို့အခန်းမှ နားစွင့်နေသည့် မေသန္တာ လည်း မျက်နှာချင်းဆိုင်မှ မအေးစိန်ကို ကြည့်ကာ ကြက်သေသေ သွားရသည်။

မအေးစိန်မှာ ပြုံးသည်လည်း မဟုတ်၊ မှုံသည်လည်း မဟုတ် မည်သည့်အကြည့်နှင့် သူမကို ကြည့်နေရှာသည်။

ယုတ်မာလွန်းလှသော လင်မယားနှစ်ယောက်အကြောင်း ဦးစားမိကာ မေသန္တာမှာ ချက်ချင်းလက်နှစ်ဖက်ကို မျက်နှာ ပေါ်လျက် ကြိတ်ငိုလိုက်မိရှာသည်။

အပေါ်ထက်မှ သူငွေးလင်မယား၏ အခြေအတင် ဆော ကျိုးမာစ်ကျယ် စကားပြောသံကား ထွက်ပေါ်နေဆဲပင် ရှိသေး သည်။

သို့သော် ဆူဝေသောဦးနှောက်နှင့် ကြေကွဲရသောနှလုံး အကြောင့် မေသန္တာအနေနှင့် သူတို့နှစ်ယောက် ဆက်ပြော ကြသည့်စကားများကို လုံးစေ့ပတ်စေ့ မကြားရတော့။

သူက ခေါင်းငုံ့နေသော မအေးစိန်ကို တစ်ချက်လှမ်း




www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

ပြီးလျှင် မှုသည်အိမ်ကို သူမရောက်ရှိစဉ် ဝတ်ခဲ့သည့် အဝတ်အစားကို ကပျာကယာ လဲလှယ်ဝတ်ဆင်လိုက်၏။

ထိုစဉ်မှာပင် အပြင်ဘက်၌ မိုးက ရုတ်တရက် သဲကြီးမဲကြီး ရွာချလိုက်၏။

"ဩော်···ဆိုးလိုက်တဲ့ ငါ့ကံနယ်"

သူမက ထိုသို့တစ်ချက်ရေရွတ်ပြီးလျှင် မိုးရေထဲသို့ တစ်ဟုန်ထိုး ပြေးထွက်ခဲ့တော့သည်။

×××





# အခန်း (၁၀)

"အမေ···အမေရယ်···ဒီလောကကြီးထဲမှာ ဒုက္ခတွေနဲ့ အတောမသတ်အောင် ခံစည်းစေဖို့အတွက် သမီးကို မွေးဖွားခဲ့တာလားဟင်။ သမီး··သမီးဘဝ မလှပတော့ပါဘူး အမေရယ်"

သူမက နှုတ်မှ ဤသို့ရေရွတ်ရင်း မည်သည့်ရပ်ကွက် မည်သည့်လမ်းမှန်းမသိသော အနေအထားတွင် ကတ္တရာလမ်းမအတိုင်း မရပ်မနားပြေးလွှားနေလေ၏။

လမ်း၏ဘေးဘယ်ညာတစ်ဖက်တစ်ချက်တွင်ကား နက်မှောင်းသော အမှောင်ထုက မင်းမူလျက်ရှိနေပေသည်။

"ဒိန်း···ဒလိန်း"

"ဂျိန်း"



www.burmeseclassic.com

www.burmeseclassic.com



လေနှင့်မိုးတို့ သည်းထန်သည်နှင့်အမျှ အရပ်ရှစ်ခွင်တွင် လျှပ်စီးများကလည်း ပြိုးပြိုးပျက်ပျက်ဆိုသကဲ့သို့ မကြာခဏ လင်းလက်လျက်ရှိနေလေ၏။

ကောင်းကင်မှ ကျလာသော မိုးနှင့် မေသန္တာမျက်လုံးအိမ်မှ စီးကျလာသော မျက်ရည်စက်များ ပေါင်းဆုံရောနှောကာ လမ်းမကြီးပေါ် ကျဆင်းလျက်ရှိသည်။

"ရှင်သေမင်းရယ်…ကျွန်မကို ဟောဒီအမိုက်မ၊ ကံဆိုးမကို အမြန်ဆုံးသာ ခေါ်လှည့်ပါတော့လား…အဟင့်…ဟင့်"

သူမ၏ရှေရှုတ်သံ၊ ငိုရှိုက်သံများမှာ မိုးနှင့်လေတို့အကြား၌ ရောနှောပျောက်ကွယ်သွားရရှာလေ၏။

တစ်ခါတစ်ရံ အဝေးကားလမ်းမှ ကားသံနှင့်အတူ ကားမီးရောင်တန်းများ လက်ခနဲ ဖြာဝေသွားတတ်သည်။

သူမသည်ကား ဆောက်တည်ရာမရ ပြေးမြဲပြေးလျက်ပင်တည်။

သူမသည် ဆက်လက်ပြေးလွှားရင်းမှ မောဟိုက်လာသည်နှင့် ခေတ္တမျှ အပြေးအားကို လျှော့လိုက်သည်။

ထိုအခိုက်မှာပင် သူမနောက်ဘက်မှ ကားမီးရောင်တန်း





တစ်ခု ပေါ်ထွက်လာသည်ကို ကြားရပြီး မရှေးမနှောင်း ကားသံသည်လည်း ထွက်ပေါ်လာခဲ့၏။

"ဝူး…ဝူး"

"ဝေါ"

သူမက တစ်ချက်လှည့်လိုက်၏။ ပြီး ဆက်ပြေးရန် ပြင်လိုက်စဉ် ကားက သူမနှင့်အလွန်နီးကပ်လာကာ သူမဘေးတွင် တိခနဲ ထိုးရပ်သွားခဲ့၏။

"မေသန္တာ"

"ဟင်"

သူမက မိုးထဲရေထဲတွင် လှမ်းကြည့်လိုက်သည်။

ထိုအခါ ကားမှာ သူဌေးဦးပံသုဉ်၏ အော်စတင်ကားဖြစ်လျက် ကားမောင်းသူနေရာမှ လှမ်းခေါ်နေသူမှာ သူမရင်ကို ဒုစ်ရှားစေခဲ့သည့် ကိုချောသာဖြစ်ကြောင်း မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရပေတော့၏။

"မေသန္တာ…မိုးရေထဲမှာချမ်းလှရောပေါ့။ ကြည့်စမ်း…ဆောလို့ ပေါလဲလိုက်နေပြီ။ လာ…ကားပေါ်တက်"

ကိုချောသာက အဆောတလျင် ခေါ်သော်လည်း မေသန္တာ



www.burmeseclassic.com

www.burmeseclassic.com



က ဦးပံသုပါလေသလောဟုသည့် အကြည့်နှင့် ကားအတွင်းသို့ ကဲကြည့်လိုက်၏။

"လာပါ မေသန္တာ။ ဘယ်သူမှ မပါပါဘူး။ သူတို့လင်မယား ရန်ဖြစ်နေတုန်း မေသန္တာ လှစ်ခနဲထွက်သွားတာ တွေ့လို့ ကားမောင်းပြီး လိုက်လာခဲ့တာပါ"

"ကျွန်မ···ကျွန်မ"

ဆုံးဖြတ်ရန် ခက်ခဲမှုကြောင့် မေသန္တာ တွေဝေသွားရသည်။ မိုးစက်များကလည်း သဲသဲမဲမဲနှင့် ခန္ဓာကိုယ်ကို မညှာမတာ လာရောက်ထိမှန်နေသည်။

"လာပါဗျာ···ကို···ကိုချောကို ယုံပါ။ မေသန္တာကို ကျွန်တော် စောင့်ရှောက်မှာပါ"

"အင်း"

သူမ နှုတ်ဖျားမှ ညည်းတွားမိသည်လား၊ ရေရွတ်မိသည်လားပင် မပြောတတ်တော့ပါပေ။

ပြီး···သူမ ခပ်သွက်သွက် စဉ်းစားလိုက်ရသည်။

"ပေါက်တဲ့နဖူး မထူးတော့ဘူးလေ။ သူကြည့်ရတာ အားကိုးရာ ရကောင်းပါရဲ့"





စိတ်မွန်းကြပ်မှုကြောင့် မိုးရေထဲမှာပင် ခန္ဓာကိုယ်မှ ချွေးစေးများ ထွက်နေသလို သူမ ခံစားနေရသည်။

"ဘယ့်နှယ်လဲ မေသန္တာ"

မည်သို့ဖြစ်သည်မသိအောင် မေသန္တာက ဦးခေါင်းကလေးကို ဆတ်ခနဲ ညိတ်လိုက်ပြီးသားဖြစ်နေတော့သည်။

"ဂလောက်"

ကားတံခါးက ချက်ချင်းပွင့်သွားလျက် မေသန္တာက ဇွေ့ခနဲ ဝင်ထိုင်လိုက်သည်။

နောက်···ကားကလေး အပြင်းမောင်းထွက်လာကာ မိုးစက်မိုးပေါက်များကြားတွင် ကျော့်ဖြတ်နေသည်။

တဖြည်းဖြည်း တာမွေရပ် နှစ်ထပ်ပျဉ်ထောင်အိမ်ကလေး တစ်လုံးဆီသို့ ရောက်လာခဲ့လေ၏။

×××



www.burmeseclassic.com

www.burmeseclassic.com



ကိုချောသာတစ်ယောက် ဦးပံသုတို့အိမ် ကားမောင်းရန် ထွက်ခွာသွားသည့်အခါများတွင် အိမ်ကလေးမှာ မေသန္တာ တစ်ယောက်သာ ကျန်ရစ်သည်။

"ငါ့ဘဝမှာ စွန်းထင်းခဲ့ရတဲ့ အမည်းစက်ကို မသိကျိုးကျွံပြုပြီး ပေါင်းဖော်နိုင်တဲ့ ကိုချောသာကိုသာ ကျေးဇူးတင်ရတော့မှာပါလား"

ချက်ရင်း ပြုတ်ရင်း အိမ်မှုကိစ္စဝိုင်းသိမ်းရင်းက မေသန္တာသည်လိုသာ တွေးမိသည်။

"အခုနေဆို· · ·အမေ ဘယ်လိုနေရှာမှာပါလိမ့်။ ပထွေးကြီးဦးကျားရိုးက နှိပ်စက်ညှဉ်းပန်းလို့ အိမ်ရာထဲမှာ လဲနေပြီလားအို· · ·ဒီသားအမိနှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် မကာယ်နိုင်ကြပါလားနော်။ ဆိုးလိုက်တဲ့ကံနယ်များ"

ဤသို့ တွေးမိသည့်အခါများ၌ မေသန္တာမှာ တရှိုက်ရှိုက် ငိုကြွေးမိသည်သာ။

တစ်ယောက်တည်းရှိနေရာမှ ပုံရိပ်ယောင်များသည် ဓာတ်ရှင်ဇာတ်ကားမှ အရုပ်ကားချပ်များပမာ တရိပ်ရိပ် ပေါ်လာတတ်သည်။





ဦးကျားရိုးနှင့် အိပ်ခန်းအတွင်း လုံးထွေးရန်းကန်နေရသည့်ပုံများ။

သူဌေးဦးပံသု၏မာယာပရိယာယ်နှင့် သူဌေးကတော်ဒေါ်မြမ၏ ဝကန္တ။

မိုးရေစက်များအကြား၌ မကြာခဏ ပြေးလွှားနေခဲ့ရသည့် သူမ၏ပုံရိပ်များ။

နောက် ကျေးဇူးရှင်ဟု ဆိုရမည့် ကိုချောသာ၏ပုံရိပ်။

ထိုပုံရိပ်များ ပြန်လည် မြင်ယောင်မိပြီးသည့် နောက်၌ အတိတ်၏ အရိပ်များ ...

× × ×

"ဟော့...မေသန္တာ...မင်းက ဘယ်ကိုများ သွားနေရတာလဲဟင်"

အိမ်ထဲမှ ထွက်လာသည့် ကိုချောသာက ခါးထောက်ရှက်မှောင်ကြုတ်ရင်း မကျေမနပ်နှင့် မေးလိုက်သည်။

"ဩော်...ကိုချောတောင် ရောက်နေပြီကိုး၊ အားလုံး



www.burmeseclassic.com

www.burmeseclassic.com







ရှုတ်ပြုတ်လျှော့ဖွတ်ပြီးတာနဲ့ ဘာရယ်မဟုတ် ဟိုဘက်ကို အညောင်းပြေလျှောက်သွားမိတာပါရှင်"

"အဲဒီဘက်မှာ ဘယ်သူရှိလို့လဲ မေသန္တာ"

"ဘယ်သူမှမရှိပါဘူး။ ဟိုး...ဆင်းရဲသားရပ်ကွက်ဘေး က လမ်းကလေးအတိုင်း လျှောက်သွားတာပါ"

"ပြီးရော...ပြီးရော...ကဲ...အိမ်ထဲဝင် မီးထွန်းတော့ လေ"

"အင်း...အင်း"

တစ်ခါမျှ ထန်ထန်မာမာ မပြောဘူးသည့် ကိုရော့သ အနေအထားကို တွေးရင်း မေသန္တာက မီးတိုင်ကို ထွန်းညှိလိုက် သည်။

"ကဲ..မေသန္တာ သူဌေးဦးပံသုက နိုင်းစရာရှိလို့ ခေ ပြန်လာဦးတဲ့၊ ဒီတော့ ကိုရော့ခဏသွားလိုက်ဦးမယ်ဟုတ်လား"

"ဟင်..မသွားစမ်း။ အချိန်မတော်ကြီးမှာ ကိုရော့ရယ်"

"ခဏပါကွား မကြာခင် ပြန်လာခဲ့ပါမယ်...ခြောက် ဒီမှာ"

"ဘာများလဲ ကိုရော့"

"ဟို...ခဏကြာရင် ကိုရော့မိတ်ဆွေနှစ်ယောက် လာ မိန့်မယ်၊ အဲဒါ ကောင်းကောင်းမွန်မွန် လက်ခံထားလိုက်ပါ သန္တာ"

"ရှင်"

ဤအိမ်ရောက်သည့်မှာ သုံးလအတွင်း တစ်ခါမျှ ဧည့်သည် မလာဘူးသဖြင့် မေသန္တာ အထူးအံ့သြခြင်း ဖြစ်မိရ ည်။

"ငါပြောနေတာ အရှင်းကြီးပါ။ တော်ကြာ အရေးကြီးတဲ့ ဧည့်သည်နှစ်ယောက် လာလိမ့်မယ်၊ သူတို့ကို ပြုပြင်မှု မဖြစ်စေ အဆင်ပြေပြေ ဧည့်ခံထားပါလို့ ပြောနေတာ။ ကဲ...ကဲ... နေရတာ ကြာတယ်...သွားမှာ"

စိတ်မရှည်ဟန်ဖြင့် ပြောကာ အိမ်အတွင်းမှ ထွက်ခွာ သော ကိုရော့သာကို ကြည့်ကာ မေသန္တာမှာ မည်သို့ ည်ရမှန်း မသိအောင် ဖြစ်ရပေတော့သည်။

"ဟင်း...သူ...အရက်များ မူးလာသလား။ အရင် ဒီလို တ်ပါဘူး။ အခု...သူ့ပုံက တစ်မျိုးပါ။

ဤသို့ ရေရွတ်ရင်း ကိုရော့သာ ပြန်လာလျှင် အသင့်

www.burmeseclassic.com

www.burmeseclassic.com



စားသောက်နိုင်ရန် စားပွဲခုံပေါ်မှ ပစ္စည်းပစ္စယများကို ရှင်းနေ
သည်။

"ဖျပ်...ဖလပ်"

"ဖတ်...ဖျပ်"

ထိုအခိုက် အိမ်အဝင်ဝမှာ ခြေသံများကြောင့် မေသန္တာ
တစ်ယောက် လန့်ဖျပ်သွားရသည်။

"ဟင်...ရှင်...ရှင်တို့"

အပေါက်ဝ၌ သွားအဖြဲသားနှင့် ရပ်ကြည့်နေကြသော
ခပ်ဝဝ ဂင်တိုတို ဟာဝေယံရှုပ်ဝတ်ထားသူ အသက်လေးဆဝ
နီးပါး ပုဂ္ဂိုလ်တစ်ဦးနှင့် အကောင်းစား ဘလေဇာကုတ်၊ မာဖလ
တို့ဖြင့် စတိုင်ကျကျရှိနေသူ အသက်သုံးဆယ်ခန့် လူတ
ယောက်တို့ကို မေသန္တာ ကြောင်ကြည့်ရင်းမေးလိုက်မိသည်။

ဦးစွာ ဟာဝေယံရှုပ်ပုဂ္ဂိုလ်ကြီးက...

"ကြော် ...မိန်းကလေးကို မောင်ရှောသာက ကျွပ်
လာမယ်ဆိုတာ ပြောမထားဘူးလားဟင်"

ဟု မေး၏။

"ဟဲ...ဟဲ...ဟဲ...ဟဲ"





ဘလေဇာကုတ်အင်္ကျီ ဝတ်ထားသူကမူ မေသန္တာ၏
တစ်ကိုယ်လုံးကို စားတော့ဝါးတော့မတတ် သိမ်းကြုံးကြည့်ကာ
ရယ်သွမ်းသွေးလျက်ရှိသည်။

ထိုအခါကျမှ ကိုရှောသာ မှာကြားသွားသည်ကို သတိ
ရလိုက်မိသည်။

"ကြော် ...ဟုတ်ပါတယ်။ သူမှာ သွားပါတယ်ရှင်။ အထဲ
ကို ဝင်ကြပါ။ လက်စသတ်တော့ ကိုရှောရဲ့ ဧည့်သည်တွေကိုး"

"ဟုတ်ပါတယ်...ဟုတ်ပါတယ်"

"အင်း...ဒီလိုမှပေါ့"

ထို့နောက် အတန်မူးနေဟန်ရှိသည့် ထိုသူနှစ်ယောက်
အိမ်အတွင်းဘက်သို့ ဝင်ရောက်လာခဲ့သည်။

ဝင်လာလျှင် ဝင်လာချင်းပင် ဘလေဇာကုတ်အင်္ကျီနှင့်
လူက ခန္ဓာကိုယ် ယိမ်းယိုင်သွားဟန်ဖြင့် သူ့မကို လှမ်းဖက်လိုက်
သည်။

"အို...ရှင်...ရှင်...ဘယ်လိုလုပ်တာလဲ"

မေသန္တာက ထိတ်ခနဲဖြစ်သွားကာ ထိုသူ့လက်မှ လွတ်
မြောက်ရန် ရုန်းကန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဟာဝေယံရှပ်အင်္ကျီဝတ်လူက သဘောကျသကဲ့သို့ ဟက်ဟက်ပက်ပက် ရယ်ရင်း...

"မင်းကို ရှောသာဆိုတဲ့အကောင်က ကြိုပြောမထားဘူးလားကွ ဟင်"

ဟု ပြုံးစိစိနှင့် မေး၏။

"ဘာ...ဘာပြောတယ်ရှင့်"

သူမက ရှန်းကာန်ရင်း ထိုသို့ ပြန်မေးလိုက်ရာ ချုပ်ကိုင်ထားသူ ဘလေဇာကုတ်အင်္ကျီဝတ်လူက...

"ရှင်းရှင်းပြောရရင် တို့က ဘရှောဆိုတဲ့ကောင်ကို ငွေပေးပြီးပြီ။ မင်းက ဒီညမှာ တို့နှစ်ယောက်အတွက် ပျော်တော်ဆက်ဖို့ပေါ့"

"အို...ကျွန်မ ဒီအစားထဲက မဟုတ်ဘူး။ သူ ဘာပြောပြော ကျွန်မ လက်မခံနိုင်ဘူး။ လွှတ်...အခုလွှတ်"

မေသန္တာက ရင်တွင်း၌ မုန်လောင်လျက် အခနေနှင့် အတင်းတွန်းကန်ရုန်းထွက်နေသည်။

ဟာဝေယံရှပ်အင်္ကျီနှင့် လူကြီးက ပြောပြန်လေသည်။

"ဒီမှာ မိန်းကလေး မင်း သိအောင် ပြောပြမယ်။ ဘရှောသာလို့ မင်းသိထားတဲ့ ဘရှောဟာ မင်းလို နိုကိုးရာမဲ့မိန်းကလေးများစွာကို မရှာမတွေ့နိုင်အောင် ဖျောက်ခဲ့သူကွ။ သူက ကယ်တယ်ဆလိုလိုနဲ့ ရက်အသင့်အတင့်မျှသာ ပေါင်းပြီး တို့လိုလူမျိုးတွေကို အခကြေးငွေနဲ့ အခုလို ထိုးကျွေးနေတာလေ...ဟဲ...ဟဲ...ဟဲ"

"ဟင်...ဟုတ်လား။ ဒါတွေ ကျွန်မ မသိပါဘူး။ ကျွန်မဟာ ဒုက္ခရောက်လာလို့ သူ့အကူအညီနဲ့ ကောင်းကောင်းမွန်မွန်နေတဲ့ မိန်းကလေးတစ်ယောက်ပါ။ ရှင်တို့...ရှင်တို့ အနိုင်မကျင့်ကြပါနဲ့။ ကျွန်မ တောင်းပန်ပါတယ်ရှင့်"

သူမက ရုန်း၏။ ဘလေဇာကုတ်အင်္ကျီနှင့်လူက ဖက်၏။ ကြမ်း၏။ ယမ်း၏။ နမ်း၏။ မွှေ၏။

ထို့ကြောင့် အိမ်အတွင်းမှ စားပွဲ၊ ကုလားထိုင်နှင့် ပစ္စည်းစွယ်များ လဲပြိုကာ ကစဉ့်ကလျားဖြစ်ကုန်တော့သည်။

"ကဲ...ကြာတယ် မောင်ဟန်။ ရှင်းပြလို့မှ သဘောမပေါက်ရင် ထုံးစံအတိုင်းသာ လုပ်ပေတော့ပေါ့ကွာ"

"ကောင်းတယ်...ကောင်းတယ်ဗျာ...ကဲ"

"ဂျိန်း"







www.burmeseclassic.com

www.burmeseclassic.com



"အံမာလေး"

ပြောပြောဆိုဆို အတင်းတွန်းထိုး ရုန်းကန်နေသော သူမအား ဘလေဇာကုတ်အင်္ကျီဝတ်လူက လှျပ်တစ်ပြ မျက်နှာကို ဖြတ်ရိုက်ချလိုက်ရာ မျက်စိထဲ၌ မီးပွင့်များ ဖြာထွ ကာ မျက်နှာတစ်ခုလုံးနာကျင်သွားရသည်။

"ကဲဟာ ...ကဲဟာ"

"ဖြန်း"

"ဖျောင်း"

"အား"

"အီး"

ပြင်းထန်သည့်ရိုက်နက်ချက်များက ဆင့်ကဲဆင့်ကဲ ဖြ လာသည်ကြောင့် မေသန္တာမှာ ပြင်းထန်စွာ နာကျင်မှုနှင့်အ သတိမေ့မတတ်ဖြစ်သွားရသည်။

"ဟား ..ဟား . .ဟား . .ဟား . .ဟား . .ဒါပဲပေါ့ကွ အေးအေးပြောလို့ လက်မခံတဲ့မိန်းကလေးကို အဲဒီလိုအသား စေပြီးမှ အောင်ပွဲခံတာ အကောင်းဆုံးပေါ့။ ကိုင်း . . . ကြာတ ပေါ့"





ပြောပြောဆိုဆို ဟာဝေယံရှပ်အင်္ကျီဝတ်လူကြီးက ထိုင်နေရာမှ ထကာ သူမ၏ ခြေထောက်နှစ်ချောင်းကို ဆွဲကိုင်လိုက်သည်။

ပြီး...ယောကျ်ားကြီးနှစ်ဦးက ခြေထောက်နှင့် ဦးခေါင်းမှ မ ကာ မေသန္တာကို အိပ်ခန်းဆီသို့ ဆွဲယူရန် ကြိုးစားနေကြသည်။

"လွှတ်...ရှင်တို့ လွှတ်နော်"

သတိမလစ်စေရန် ကြိုးစားရင်း မေသန္တာက ဖျစ်ညှစ်အော်ဟစ်နေသည်။

"ကဲ...ကဲ...အသံထွက်ဦး"

"ဖျန်း"

"အ"

ဘလေဇာကုတ်နှင့်လူက လက်သံပြောင်ပြောင် ရိုက်ချက်များကို သုံးလိုက်သဖြင့် သူမအသံတိတ်သွားရကာ နှုတ်ခမ်းဝမှ သွေးစသွေးနများ စီးကျလာရသည်။

သူမခန္ဓာကိုယ်မှာ ရမ္မက်သမားနှစ်ဦးကြောင့် အိပ်ခန်းအဝင်ဝသို့ပင် ရောက်နေချေပြီ။



www.burmeseclassic.com

"ခွေး...ခွေးတွေ"

ပြောပြောဆိုဆို သူမက ခြေထောက်ဘက်မှကိုင်ထ

သည့် ဟာဝေယံရှုပ်နှင့်လူကြီးကို ခြေထောက် တွေးထ

ရုတ်တရက် ဆန့်ထုတ်လိုက်တော့သည်။

"အား"

"ဒလုံး"

"ဂျွမ်း"

ထို့ကြောင့် ထိုလူကြီး နောက်ပြန်လွင့်ထွက်သွားတ

ခန်းဆီးနံရံနှင့် ဝင်တိုက်လျက် လူပါကျုံ့ဝင်သွားခဲ့၏။

ထို့နောက်တွင်ကား ဘလေဇာကုတ်အင်္ကျီနှင့်လူသည်

ကြမ်းပြင်ပေါ်၌ လူးလွန့်ရုန်းကန်နေရှာသည့် မေသန္တာအ

ဘီလူးသရဲကဲ့သို့ ကြမ်းကြုတ်စွာကြည့်ကာ မလှုပ်နိုင်အော

တွန်းထိုးဖိကပ်ထားလိုက်တော့၏။

သို့သော် မထင်မှတ်သော အခြေအနေတစ်ရပ်က ဖြစ်ပေ

လာသည်။

မမြင်နိုင်သောနေရာတစ်ခုမှ မေသန္တာ၏ လက်နှစ်ဖက်

သို့ ကြီးမားသောအင်အားတစ်ရပ်ရှိလိုက်သလို ဖြစ်သွားသည်





ထိုသည်နှင့်အတူ သူမလက်ချောင်းများက အံပေါ်မှ

မိမိအားဖိကပ်ထားသည့် ဘလေဇာကုတ်နှင့်လူ၏ လည်ပင်းကို

ဆတ်ခနဲ ဖမ်းချုပ်လိုက်သည်။

"အင်...အား...အလို"

မမျှော်လင့်စွာ အားနှင့်ဖျစ်ညှစ်မှုကြောင့် ဘလေဇာ

ကုတ်နှင့်လူက နာကျင်စွာ အံ့ဩကာ လည်ပင်းမှလက်များကို

ဖယ်ရှားရန် ကြိုးစားလိုက်သည်။

"အန်"

"ကဲဟာ...ကဲ"

"ရွှစ်"

"ဖောက်"

ယင်းအခိုက်မှာပင် တွေ့မြင်ရသည့် မြင်ကွင်းကြောင့်

သွေးအေးပျက်ကြီးပျက်လျက်ရှိသည့် ဟာဝေယံရှုပ်အင်္ကျီနှင့်

လူကြီးက ကျောက်ကျွဲခတ်ကာ အခန်းထောင့်၌ တွေ့ရသည့်

မြေတူးရာ၌ အသုံးပြုသော နှစ်ဖက်ချွန်သံချွန်တပ်ကော်ရင်းရှည်ကြီး

နှင့် မေသန္တာတစ်ဖြစ်လဲ ရုပ်ဆိုးဆိုးသတ္တဝါကြီးအား အမှတ်

မထင် ဝင်ထိုးလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူမက ရိပ်ရနဲ့မြင်လိုက်သဖြင့် အတတ်နိုင်ဆုံး ဦးခေါင်းကို နောက်ငိုက်ကာ ရှောင်တိမ်းလိုက်သေးသည်။

"ဝုန်"

"ဖောက်"

"အီး"

သို့ရာတွင် သံချွန်ခွနစ်ခုက မျက်လုံးနှစ်ဖက်ကို ရှပ်ဖောက်ထုတ်သွားနိုင်သဖြင့် နာကျင်လှသောကြောင့် အသည်းအသန်အော်ဟစ်လိုက်မိတော့သည်။

မေသန္တာ၏မျက်လုံးအိမ်မှ သွေးစီးကြောင်းကြီး ဖြစ်ကျရောက်နေသောအခါ ဟာဝေယံရှပ်အကျီနှင့်လူကြီးကြောက်စိတ်ကို မထိန်းနိုင်တော့ဘဲ တံခါးပေါက်ရှိရာ အလျင်အမြန် ပြေးထွက်ရန် ပြင်လိုက်၏။

"ကိုင်း...ဒါလောက်ဖြစ်လှတာ"

"အား"

ချက်ချင်းပင် မေသန္တာ၏ လက်ကြီးက ဆန့်ထုတ်လိုက်သည်နှင့် မယုံနိုင်အောင် ရှည်ထွက်လာကာ ဟာဝေယံရှပ်အ





နှင့်လူ၏ လည်မျိုကို ဆုပ်ကိုင်မိသွား၏။

ပြီးလျှင် မေသန္တာလက်ချက်ကြောင့် ထိုသူမှာ လျှာထွက်၊ မျက်လုံးပြူးကာ သေဆုံးသွားတော့၏။

ဤတွင် မျက်စိနှစ်လုံးပေါက်သဖြင့် မမြင်မကမ်းဖြစ်နေသော မေသန္တာမှာ အိမ်မှ ထွက်ကာ ခြေဦးတည့်ရာ လျှောက်နေမိတော့သည်။

x x x



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၁)

ကင်းတဲတစ်ခုမှ ညဆယ်နာရီသံချောင်းခေါက်သံသဲ့သဲ့ကို မေသန္တာ ကြားရသည်။

မျက်လုံးအစုံနာကျင်ကိုက်ခဲနေသည့်ကြားမှပင် မေသန္တာသည် ကိုချောသာ၏နေအိမ်နှင့် ဝေးသည်ထက် ဝေးရာသို့ ခွန်အား စွမ်းအားရှိသမျှ အားခဲကာ တရွေ့ရွေ့စမ်းရင်း သွားနေလေ၏။

သို့ဖြစ်ရကား တစ်ခါတစ်ရံ သူမသည် ကမ္ဘနှင့် ပလက်ဖောင်းတို့ကို တိုက်မိကာ ဖရိုဖရဲလဲကျသွားတတ်သကဲ့သို့ တစ်ခါတစ်ရံလမ်းဘေး ရေနုတ်မြောင်းအတွင်း ထိုးကျသွားမည်ကဲ့သို့ ဖြစ်ရသည်။

မည်သည့်နေရာ၊ မည်သည့်အရပ်သို့ ရောက်နေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မခန့်မှန်းတတ်တော့ပေ။

သူမနားစွင့်နေလိုက်သည်။

တလောကလုံးအိပ်မော်ကျနေသည့်အလားအသံပလံများအထူးတိတ်ဆိတ်လွန်းလှပေသည်။

တစ်ခါတစ်ရံ အဝေးမှ မော်တော်ကားတစ်စီးတလေဖြတ်သန်းမောင်းနှင်သွားသံသဲ့သဲ့ကိုကြားရတတ်သည်။

"အင်း . . . ဆိုးလိုက်တဲ့ဇာတ်ဝင်ဘဝများနယ်။ တကယ်တော့လောကဆိုတာ ကောက်ကျစ်ပက်စက်မှုတွေနဲ့သာ ယှက်နွယ်နေပါလား။ ဘုရား . . . ဘုရား . . . မျက်လုံးတွေက နာ၊ ကိုက်ခဲလိုက်တာကလည်း အရမ်းပဲ။ ငါ . . . ငါ . . . ရှေ့ဆက်လှမ်းနိုင်ပါ့မလား"

မေသန္တာက တီးတိုးရေရွတ်ပြီးလျှင် မျက်လုံးအကျိရာမှ စီးကျလာသော သွေးစီးကြောင်းများကို လက်ဖမိုးနှင့် သုတ်လိုက်သည်။

ဤသို့လျှောက်ရာမှ စလုတ်၊ ကမူနှင့် ပလက်ဖောင်းတို့ကို ရှောင်ရှားမိကာ ပြေပြစ်သောလမ်းသို့ ခြေချမိသည့်အတွက် လက်နှင့်စမ်းကြည့်သည်တွင်ကတ္တရာလမ်းဖြစ်သည်ကိုသတိပြု





မိလိုက်၏။

"ဝူး . . . ဝူး"

ထိုအခိုက် ရှေ့တူရူမှ ကားတစ်စီး မောင်းနှင်လာသံကို ကြားလိုက်ရပြီးနောက် နာကျင်၊ ပင်ပန်းမှုဒဏ်များကြောင့် သူမဦးခေါင်းထဲတွင် မိုက်ခနဲဖြစ်ကာ လမ်းပေါ်သို့ လဲကျင်း သတိလစ်သွားရလေတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"ရေ…ရေ…ပေး…ပါရှင်"

အာခေါင်များ ခြောက်သွေ့မှုလောင်လွန်းလှသဖြင့် သူမ သတိရလာကာ ရေကို အငမ်းမရတောင်းလိုက်မိသည်။

"ဟော…သူ သတိရလာပြီဒေါက်တာ"

"ဟုတ်တယ် ကိုကောင်းသီး ရေခပ်ပြီး ပါးစပ်ထဲ တစ်ဇွန်းချင်းချပေးလိုက်ပါဗျာ…နော်"

နုညံ့ညင်သာစွာ စကားပြောသံများနှင့်အတူ သူမပါးစပ်ထဲသို့ ရေစက်ရေပေါက်များ ကျလာမှုကို ခံစားလိုက်ရသည်ကို မြို သောက်နေမိ၏။

ရေသောက်ပြီးသောအခါ နုညက်သော လက်တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



က သူမလက်မောင်းကလေးများကို ညင်သာစွာဆုပ်ကိုင်ကာ…

"သမီးလေး…ဘာမှစိတ်မပူနဲ့နော်။ အခုဆိုရင် သမီးလေးဟာ အန်ကယ်ရဲ့ဆေးခန်းရှိရာ နေအိမ်ကို ရောက်လာပြီဆို ရမယ်။ တစ်ကိုယ်လုံးလည်း အညိုအမည်းဒဏ်ရာဒဏ်ချက်တွေ ပြည့်နေတဲ့သမီးကို လမ်းပေါ်မှာ လဲကျသတိလစ်နေတာ တွေ့လို့ အန်ကယ်တို့ကားနဲ့ ဒီကိုတင်ခေါ်လာခဲ့တာပါကွယ်…"

ဟု ရှင်းပြနေသည်။

ထိုပုဂ္ဂိုလ်ကြီး၏စကားသံတွင် မေတ္တာ၊ ကရုဏာဓာတ အပြည့်ပါရှိရာ ထိုအသံကြားသည်နှင့်ပင် မေသန္တာမှာ အဟာရ တစ်ခုခုကို စားသုံးလိုက်ရသည့်အလား အတန်အသင့် အား[…] သွားသည်ဟု ဆိုရပေမည်။

"ကျေး…ကျေးဇူးပါပဲ အန်ကယ်။ သမီးဘဝဟာ အန်ကယ်တို့နဲ့သာ မတွေ့ရရင်…ဟင့်…အဟင့်"

ဝမ်းနည်းလျှက် ရှိုက်ငိုမိမည်သို့ဖြစ်သွားသည့်အတွက် မျက်လုံးဒဏ်ရာနေရာများမှ စူးခနဲနာကျင်လာ၏။

"အို…အို…ဝမ်းမနည်းပါနဲ့။ မငိုနဲ့သမီးလေး။ မင်း[…] မျက်လုံးနှစ်လုံးစလုံး ပေါက်ထွက်သွားတဲ့အတွက် မျက်ရည်ကျ

ချင် ငိုဆိုသွားလိမ့်မယ်။ အတတ်နိုင်ဆုံး စိတ်ကိုထိန်းထားပါ။ အန်ကယ်ဟာ မျက်စိအထူးကုပါရဂူ ဆရာဝန်ကြီးတစ်ယောက်ပါ။ [..]မ်းရဲ့မျက်လုံးတွေ မူလအတိုင်း ကောင်းမွန်သွားတဲ့အထိ အန်ကယ် တာဝန်ယူကုသပေးမယ်…တုတ်လား။ ဒါကြောင့် စိတ်ပျက် အားငယ်စရာတွေ မတွေးဘဲ၊ ဝမ်းမြောက်ဝမ်းသာနဲ့ သက်သက် [..]ာသာနေပါ သမီးရယ်…နော်"

"အို…ပြောမပြနိုင်လောက်အောင် ဝမ်းသာခြင်းဖြစ်ရပါ ထား အန်ကယ်။ သမီး…သမီးရဲ့ကျေးဇူးရှင်အနေနဲ့ ကန်တော့ ပါရစေနော်"

သူမက ဖြူနုသွယ်ပြောင်းသောလက်ချောင်းကလေးများ နှင့် လက်အုပ်ချီကာ ရှိခိုးလိုက်သဖြင့် ဒေါက်တာအဲ့ထူးမှာ ဝမ်းသာဝမ်းနည်းဖြစ်ကာ မျက်ရည်များပင် ကျဆင်းလာရရှာ၏။

ခါးကုန်းကြီးဦးကောင်းသီးကား သေသုံးသွားသူ လူလေး ဒီနှင့် ချွတ်စွပ်တူသော ဧကွသည်မိန်းကလေးနှင့် ဒေါက်တာ အဲ့ထူးတို့ကိုကြည့်ကာ…

"အင်း…ဘယ်လိုရေစက်နဲ့ ဘယ်လိုအကြောင်းကံလို့ ဆုံရှာလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



ဟုသာ စိတ်ထဲ၌ တွေးရင်း ခေါင်းတညိတ်ညိတ်ရှိ
လေ၏။

မကြာမီ လွှန်စွာအရသာရှိသည့် ကြက်သားစွပ်ပြုတ်
လာကာ ခေါက်တာကြီးကိုယ်တိုင် ခုတင်အနီးထိုင်ကာ တယ
တယ ခွံကျွေးရှာသည်။

မျက်စိဖေထ်ရာမှာလည်း ခေါက်တာအဲ့ထူးကိုယ်တိုင် က
တစိုက်ကုသမှုကြောင့် အမြင်အာရုံမရလင့်ကစား နာကျင်ကိုက်
ခြင်းများ အတော်လျော့ပါးမှု ဖြစ်ရလေ၏။

xxx





## အခန်း (၁၃)

မေသန္တာတစ်ယောက် ခေါက်တာအဲ့ထူး၏ကာယတင်မှု
အောက်ရောက်ခနေခဲ့သည်မှာ တစ်လနီးပါးခန့်ရှိချေပြီ။

ဤနေရာသည်မည်သည့်နေရာဟု ခန့်မှန်းခြင်းငှါမစွမ်း
သာသော်လည်း အမေအေးခေါ်တိုက်ကဲကာ ငြေငြေသည်ထိုသကဲ့သို့
အစိန့်နေခြင်းအား သူမ ခံစားရသည်။

သူမ မြင်တွေ့ရခြင်းမရှိသည့် ခေါက်တာအဲ့ထူး နှင့်
တောင်းသီးဆိုသူ သက်ကြီးပုဂ္ဂိုလ်နှစ်ဦးမှာ ထေဝရဆိုသလို
င်သူမအား အရိပ်တကြည့်ကြည့်နှင့် စောင့်ရှောက်အကူအညီ
ပေးကြသည်သာ။

လမ်းလျှောက်နိုင်ရန်အတွက်လည်းငုင်းတို့ကကြိုးပမ်း



www.burmeseclassic.com

www.burmeseclassic.com



များကို ဒွယ်တန်းပေးထားသေးသည်။

ထို့ပြင် သူမကိုယ်ခန္ဓာနှင့် အနေတော်ဖြစ်သည့် များမြ

လှစွာသော အဝတ်အထည်များကိုလည်း ပေးကာ ကြိုက်သ

လဲလှယ်ဝတ်ဆင်စေသဖြင့် မေသန္တာမှာ နိုင်ကော်၍ ချုပ်ပေါ်ရော

ရသည့် မိမိဘဝအတွက် အထူးအံ့ဩမိပေတော့သည်။

ဆိုးရွားသည်ကား မျက်စိနှစ်ကွင်း အလင်းမရခြင်းအ

ဆိုးပင်တည်း။

သို့သော် ဒေါက်တာအံ့ထူးကိုယ်တိုင်က မည်သို့မျှ မှ

မှုမဖြစ်ရန်နှင့် မကြာမီ မိမိကျွမ်းကျင်သောပညာရပ်ဖြင့် မျ

အစားထိုးကုသပေးမည်ဖြစ်ကြောင်း နှစ်သိမ့်ပြောကြားခဲ့ပေသ

နေ့လယ်၊ ညဟူ၍ ခန့်မှန်းမသိရှိသော်လည်း ဒေါက်

အံ့ထူးနှင့် ဦးကောင်းသီးခိုသူ ပုဂ္ဂိုလ်ကြီးတို့နှစ်ဦးသည် မြ

ခဏ အပြင်ဘက်ထွက်ခွာသွားတတ်သဖြင့် အခန်းတွင်း၌ ထိ

ဆိတ်နေသည်ကသာ များပေသည်။

ကြီးတန်းဖြင့် လမ်းလျှောက်ရာမှ လက်လှမ်းမီရာ

များပေါ်ရှိ စာတ်အိုး၊ စာတ်ခွက်၊ ဖန်ပုလင်း၊ စာတ်ကြိုးနှင့် ထို

မှိုသီးပစ္စည်းများကို မကြာခဏ စမ်းသပ်မိသကဲ့သို့ စက်သီး၊ စ





ထိုင်ခုံ၊ နားကြပ်နှင့် အခြားဆေးရာဝန်သုံး ပစ္စည်းများကိုလည်း စမ်း

မိခဲ့သည်။

"အင်း . . . တကာယ်ကို ပညာတတ်တဲ့ ပညာရှင်ကြီး

တစ်ယောက်ပါလား။ အဆိုးတွေနဲ့သာ အမြဲလိုလိုရင်ဆိုင်ခဲ့ရတဲ့

ဖွဲ့ဘဝဟာ အခုဆိုရင် အဖေအရင်းထက်တောင် ပိုကောင်းတဲ့

ကျေးဇူးရှင်ကြီးနဲ့မမျှော်လင့်ဘဲ ဆုံတွေ့ခွင့်ရတဲ့အတွက် တကယ်

ကို ကျေနပ်စရာပါပဲ။"

× × ×

သူမတစ်ယောက်တည်းရှိနေစဉ်အခါများတွင် သမီးပျို

လေး မပျောက်ဆုံးနေသည့်ပြင်၊ ယောက်ျားဆိုး ဦးကျော်ရှိုး၏

နှိပ်စက်ခြင်းကို ခံနေရမည့် မိခင်ကြီးအကြောင်း တွေးကာ အထူး

သတိရလွမ်းဆွတ်မိသည်။

ထို့ပြင်တဝ မိမိအား ယုတ်မာစွာ ကြံစည်ခဲ့သည့် ဦးကျော



www.burmeseclassic.com

www.burmeseclassic.com



ရှိ။ သူငွေဦးပံသု၊ သူဌေးကတော် ဒေါ်မမ၊ အမည်မသိ ဘလေ
ကုတ်အကျီနှင့်လူ၊ ဟာဝေယံရှပ်အကျီနှင့်လူကြီး စသည်တို့
တွေ့ရှိမြင်ယောင်မိကာ နှုတ်ခမ်းကိုသွေးထွက်မတတ် သွားမျ
ဖြင့် ဖိကိုက်ထားတော့၏။

အရှုးသဖြင့် မိမိအား ဥပါယ်တံမျဉ်ဖြင့် အယုံသွင်း
ပေါင်းသင်းပြီးလျှင် မိမိအချစ်အား အလွဲသုံးစားလုပ်ရုံမျှမက
မိမိကို ရာဂသမားများအား ငွေကြေးဖြင့် ရောင်းစားသည်
ကိုရောသာဆိုသူ လူယုတ်မာကို တွေးမိကာ ပြင်းစွာဒေါသထွက်
လျက် သွေးများ ဆူပွက်လာရ၏။

"အင်း...ဟင်း...ဟင်း...အမည်မသိ ဘလေဇာကုတ်
အကျီဝတ်လူနဲ့ ဟာဝေယံရှပ်အကျီဝတ် ရာဂသမားနှစ်ယောက်
တော့ ဆိုးဆိုးရွားရွားဆိုသလို တမလွန်ကို ဘဝပြောင်းသွားကြ
ရပြီ။ ဒီလူနှစ်ယောက်ရဲ့အလောင်းကို တွေ့ရင် ကိုရောသာဆိုတဲ့
ကောင် လန့်ဖျပ်ပြီး နေရဲမှာမဟုတ်တော့ဘူး...စ်...စ်"

ဤသို့ တွေးမိသည့်အခါ၌မူ တစ်မျိုးတစ်ဖုံ ကျေနပ်မိ
ကာ နှစ်နှစ်ခြိုက်ခြိုက်ပင် ရယ်လိုက်မိသည်။

ပြီးမှ သူမက တွေးရင်း ဆက်လက်ရေရွတ်မိပြန်သည်။





"အင်း . . . နေနှင့်ကြဦးပေါ့ လူယုတ်မာတွေရယ်။
အနိတယ် ဒေါက်တာကြီး ကုသပေးခဲ့လို့ ငါ့မျက်စိတွေ အလင်း
ပြန်သာရရင်လား နင်တို့ကို အရသာရှိရှိ လက်စားချေရမယ်။
အဲဒီအခါကျမှ..."

အထက်ပါ အတွေးများ တွေးနေစဉ် ကာလတစ်
လျှောက် မေသဇ္ဇာမျက်နှာမှာ ပြုံးပန်းတဝေဝေဖြစ်နေသည်ကို
တမေ့မှားပေ။

ကျန်အချိန်များတွင်ကား မေသဇ္ဇာမှာ ဘုရားအာရုံပြု
လျက်၊ ဘုရားဂါထာ၊ ပရိတ်တော်တို့ကို မပြတ် ရွတ်ဖတ်နေလေ့
ရှိသည်သာ။

သို့အတွက် ယခုအခါ မေသဇ္ဇာ၏ဘဝမှာ မျက်စိနှစ်
ကွင်း အလင်းမရသည်မှတစ်ပါး ပူပင်သောက ငြိမ်းအေးလျက်
သက်တောင့်သက်သာရှိသည်ဟု ဆိုရမည်ပင် ဖြစ်ပါလေတော့
၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)

"ပြောရဦးမယ် ကိုအံ့ထူးရဲ့"

"ဘာများလဲ ကိုကောင်းသီး ပြောလေဗျာ"

"ဒီလို..."

စကားအဆက်အစပ်မရှိ ထိုနေရာ၌ ရပ်တန့်သွား၏။

ပြီးမှ ခါးကုန်းကြီးက...

"ခင်ဗျားအနေနဲ့ လူတွေကို မုန်းတီးလို့ အခုလို ဒီနေရာမှာ နေပြီး ဆေးဝါးကုသခြင်းအတတ်ကို ဝိုဝိုကျွမ်းကျင်အောင် ဆောင်ရွက်ခြင်းဖြင့်သာ အချိန်ကုန်ခဲ့တာကို ကျုပ်ကိုယ်တိုင် လက်ခံပြီးသားပါ။ ဒါကြောင့်လဲ ခင်ဗျားလိုအပ်သမျှကိုစွမ်းနိုင်သမျှ သူငယ်ချင်းလို၊ အစေအပါးလို၊ ဆရာသမားလို ကူညီနေအားဝေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကောင်းသီး . . . ဒါတွေကို ကျုပ်က မသိဘဲ နေပါ့မလားဗျာ။ ခင်ဗျားပြောချင်တာ ဘာလဲ။ အဲဒါကိုဆိုစမ်းပါ"

စကားပြောသံများ ခေတ္တတိတ်ဆိတ်သွား၏။

ထို့နောက် ခါးကုန်းကြီးက . . .

"အခု . . . ခင်ဗျားသမီးနဲ့ ရုပ်ချင်းခွဲမရအောင်တူတဲ့ မိန်းကလေးတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့ဆုံရတော့ ခင်ဗျား စိတ်ရော၊ ကိုယ်ကာယရော အရင်ကလို ထုံထိုင်းမနေဘဲ သွက်သွက်လက်လက် ရွှင်ရွှင်ပျပျရှိလာရတာကို ကျုပ်အနေနဲ့ ဘယ်လို ဝမ်းသာရမှန်းတောင် မသိပါဘူးဗျာ"

"အင်း . . . အင်း"

"သို့ပေမယ့် မိန်းကလေးရဲ့မျက်လုံးနှစ်ဖက် အစားထိုးကုသဖို့ကိစ္စကတော့ တော်တော်ခက်ခဲတယ် ဆိုရမှာပဲ။ ကျုပ်က ဒါကို ပြောချင်တာပါပဲ"

စဉ်းစားဟန်ဖြင့် ငြိမ်နေပြီးမှ မကြာမီ ဒေါက်တာအံ့ထူး အသံထွက်ပေါ်လာသည်။

"ခင်ဗျားပြောတာ မှန်ပါတယ် ကိုကောင်းသီး။ ကျုပ်ဟာ လူလောကကနေ ဇာတ်မြှုပ်နေထိုင်တာ နှစ်အတော်ကြာပြီဆို





တော့ လတ်လတ်ဆတ်ဆတ် မျက်လုံးနှစ်လုံး ရရှိရေးကို ဆောင်ရွက်ပေးမယ့် မိတ်ဆွေသင်္ဂဟဆိုတာ မရှိဘူးဖြစ်နေတယ်။ ဒါ မှန်ပါတယ်"

ဟု ဝန်ခံစကားပြောကြားလိုက်၏။

ခါးကုန်းကြီးဦးကောင်းသီးက ကြေးမီးခြစ်ကြီးကို ခြစ်လျှက် ဆေးတံကို မီးညှိရှိုက်ဖွာလိုက်၏။

ပြီးမှ ၎င်းက . . .

"ကျုပ်လည်း ခက်ခဲမှန်း စဉ်းစားပြီးပါပြီ။ တကယ့်တော့ လွယ်ရေးချ မလွယ်ပါဘဲ"

ဟု ဆိုလိုက်၏။

"အိုဗျာ . . ."

ခါးကုန်းကြီးစကားအဆုံးတွင် ဒေါက်တာအံ့ထူး မျက်နှာကြီးမှာ ရွာတော့မည့်မိုးကဲ့သို့ အုံ့မှိုင်းညို့နိုင်းလျက် မျက်မှောင်ကုတ်ကာ အထက်ပါအတိုင်း မကျေမနပ် ရေရွတ်လိုက်လေ၏။

သို့သော် မည်သည့်အစီအမံဖြစ်ကြောင်း ခန့်မှန်းရန်ကား ခက်ခဲလှလေ၏။

အတန်ကြာစကားစပြတ်သွားပြီးမှ ဒေါက်တာအံ့ထူးက



www.burmeseclassic.com

www.burmeseclassic.com



အံ့ကြိတ်လျက်. လေသံနှင့် ပြောလိုက်သည်။

"ကျုပ်ဘဝဟာ သမီးလေးမရှိတော့ကတည်းက သေသွားခဲ့ပြီဗျ။ အခု . . .သမီးလေးလှလေးစိန်နဲ့ ချွတ်စွပ်တူတဲ့ သမီးလေးတစ်ယောက်ကို မမျှော်လင့်ဘဲရရှိတော့ ပြန်ပြီး စိုစိုပြေပြေ ချမ်းချမ်းမြေ့မြေ့ ရှိလာရာမှာ ကုန်ကုန်ပြောမယ်ဗျာ အဲဒီသမီးလေး မျက်စိမြင်ဖို့အတွက် အစားထိုးကုသရာမှာ နောက်ဆုံး ရှုပဲ သတ်ချင်သတ်ရပါစေတော့. . .ကျုပ်. . .ကျုပ်. . ."

ဒေါက်တာအဲ့ထူးက ဆက်ပြောရန် အားမရှိတော့ဟန်ဖြင့် ထိုနေရာ၌ ရပ်တန့်ထားလိုက်၏။

၎င်း၏မျက်လုံးများက. ထူးထူးခြားခြားပင် အရောင်အဝါ ဝင်းပြောင်လျက်ရှိနေချေတော့သည်။

ထို့နောက်မှ ၎င်းက. . .

"အေးဗျာ. . .ကျုပ် စကားလွန်သွားတယ်။ တကယ်တော့ ဒီစကားဟာ ဆရာဝန်တစ်ယောက် ပြောရမယ့်စကား ဟုတ်ဘူး ကိုကောင်းသီး။ သို့ပေမယ့်ဗျာ. . .ကျုပ်ဘဝမှာ ဒီသမီးလေးရဲ့ မျက်လုံးတွေ ကောင်းလာဖို့သာ အဓိကဆိုတော့. . ."

ဟု တုန်ယင်သည့်အသံနှင့် ခံစားချက်ပြင်းစွာ ပြောလိုက်





လေ၏။

ခါးကုန်းကြီးဦးကောင်းသီးက ခေါင်းညိတ်လိုက်ပြီးလျှင်

"အဲဒီအတွက် ခင်ဗျားကို ကျုပ်က မေးမလို့ပါပဲ။ အဲဒါကို ဖြေစေချင်ပါတယ် ကိုအံ့ထူး"

ဟု ဆိုလိုက်၏။

"ဘာများပါလိမ့်ဗျာ. . .မေးလေ"

"ဒီလိုဗျ. . .ဟိုမိန်းကလေး. . .အဲ. . .ခင်ဗျားရဲ့သမီးလေး လှလေးစိန်ပဲ ထားလိုက်ပါတော့။ အဲဒီ လှလေးစိန်ရဲ့မျက်လုံးကို အစားထိုးကုသဖို့ကိစ္စမှာ လူ့သားမျက်လုံးအစားရမှ ဖြစ်မှာလား။ သို့မဟုတ် တိရစ္ဆာန်တစ်ကောင်ကောင်ရဲ့ မျက်လုံးနဲ့ဆိုရင်ရောဗျာ ဟင်"

"သြော်. . .ဒါလား. . .အင်းလေ. . .လူ့သားမျက်လုံး မရတဲ့အခါ အဲဒီလိုဆိုရင်လည်း ဖြစ်တယ်ဆိုရမှာပေါ့။ နေစမ်းပါဦး သတ္တဝါတစ်ကောင်ကောင်ရဲ့ မျက်လုံးရဖို့ဆိုတာကရော လွယ်လို့လားဗျဟင်. . .ကိုကောင်းသီး"

"ဟဲ. . .ဟဲ. . .ဟဲ. . .ဟဲ"

ခါးကုန်းကြီးဦးကောင်းသီးက ရှတ်တရက် ရယ်မောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဒေါက်တာအဲ့ထူးတစ်ယောက် ကြောင်သွားရသည်။

ပြီးမှ ခါးကုန်းကြီးက…

"ကျုပ် ညကတစ်ညလုံး စဉ်းစားနေတာဗျ။ မျက်စိအစား ရဖို့ဆိုရင် လူသတ်မှုရမယ်။ အဲဒီလိုလုပ်ဖို့ဆိုတာမှာ ခင်ဗျားတို့ ကျုပ်တို့ဟာ ရက်စက်တဲ့ ဒုစရိုက်သမားတွေမှ မဟုတ်တာ"

"မှန်တာပေါ့ဗျာ"

"ဒီလိုဆိုရင် ခင်ဗျားကို သေသေချာချာမေးပြီး သတ္တဝါ တစ်ကောင်ကောင်ရဲ့ မျက်လုံးအစုံနဲ့ အစားထိုးကုသရင်ကောလို့ ကျုပ် အကြံရလာမိတယ်လေ"

"အင်း…အင်း"

"အခု…ဖြစ်နိုင်တယ်ဆိုတဲ့ ခင်ဗျားဆီက အဖြေကို ရ လာခဲ့ပြီဆိုတော့ အခုညနေမှာတင် ကျုပ် ခရီးထွက်မှ ဖြစ်တော့ မှာပေါ့ဗျာ"

"ဟင်…ဟုတ်လား…ဘယ်ကို ခရီးထွက်မှာလဲ ကိုကောင်းသီးရဲ့"

"ပဲခူးရိုးမဘက်ကိုပါဗျာ"

"ပဲခူးရိုးမဘက်…ဟုတ်လား"





"ဟုတ်ပါတယ် ကိုအဲ့ထူး။ ပဲခူးရိုးမတစ်နေရာမှာ ကျုပ်နဲ့ အထူးခင်မင်ရင်းနှီးတဲ့ မုဆိုးကြီးဦးဖိုးထူးဆိုတာရှိနေတယ်။ သူက ကျုပ်ရဲ့အကူအညီအတွက် အတတ်နိုင်ဆုံး ကူညီမယ်လို့ ယုံကြည်မိတယ်ဗျာ"

"အေးဗျာ…ဒါဆို သိပ်ကောင်းတာပေါ့"

ဤသို့ဖြင့် ခါးကုန်းကြီးဦးကောင်းသီးသည် ဒေါက်တာ အဲ့ထူးနှင့် အစစတိုင်ပင်ပြီးဖြစ်သောကြောင့် နှုတ်ဆက်၍ ထွက် ခွာသွားခဲ့၏။

၎င်းတို့အနေနှင့် ပြောဆိုဆွေးနွေးမှု အဖုံဖုံအား တံခါး အကွယ်တစ်နေရာမှ ချောင်းမြောင်းနားထောင်နေသည့် မေသန္တာ ကိုမူ သတိမထားမိကြပါပေ။

×××



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၅)

"သမီးလေးလှလေးစိန်…ဘာမှ အားမငယ်နဲ့နော်။ သမီး ဒိုးခပ်တာမှန်သမျှ ပြော အန်ကယ် အကုန်စီစဉ်ပေးမယ် သိလား"

"အို…အန်ကယ်ရယ်"

ဒေါက်တာအံ့ထူးက ဦးခေါင်းကို ကိုင်ကာ တယုတယ ဆေးလိုက်သည်တွင် မေသန္တာရချိမှာ နင့်ခနဲဖြစ်သွားရလျက် ဒေါက်တာအံ့ထူးလက်များကို သူမ၏လက်ကလေးနှစ်ဖက်နှင့် အားကိုးတကြီး ပြန်လည်ဆုပ်ကိုင်ထားလိုက်မိသည်။

ပြီး…သူမ မေးလိုက်မိသည်။

"သမီးအပေါ်မှာ ဘာ့ကြောင့် ဒီလောက်တွောင် ကောင်း နေရတာလဲဟင် အန်ကယ်။ ကျေးဇူးရှင်ကို သမီးအနေနဲ့ မပြီး



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ အင်မတန်စိတ်မကောင်းဖြစ်မိတာ အမှန်ပါပဲ။ အဲဒါ သမီးရင်ထဲမှာရှိတဲ့အတိုင်း ပြောတာပါ အန်ကယ်ရယ်"

"ဒီလိုပြောတာနဲ့တင် အန်ကယ် ဝမ်းသာလှပါပြီ ဘာ့ကြောင့် ကောင်းသလဲလို့ သမီးက မေးတယ်။ အန်ကယ့် သမီးနဲ့ ရုပ်ချင်းခွဲမရအောင်တူတဲ့ လုလေးစိန်အမည်ရှိ သမီးက တစ်ယောက် တစ်ချိန်က ရှိခဲ့တယ်ကွယ့်"

"ဟင်...ဟုတ်လား...သမီးနဲ့ ခွဲမရအောင်တူတ ဟုတ်လား။ အံ့ဩစရာပဲနော်"

"အေး...ဟုတ်တယ်ကွယ့်။ လောကမှာ လူတူမ နာမည်တူမရှားဆိုတာ သမီးကိုတွေ့တော့မှ အန်ကယ် ယုံကြ မိတော့တယ်"

ထိုအခါ မေသန္တာက...

"အဲဒီ လုလေးစိန်ဆိုတဲ့ အန်ကယ့်သမီးလေးရော အခု ဘယ်မှာလဲ ပြောပါဦး အန်ကယ်"

ဟု သိလိုဇောနှင့် မေးမြန်းလိုက်သည်။

"အန်ကယ့်သမီးလေး...ဟုတ်လား...လုလေးစိ မေးနေတာပေါ့နော်...ဟုတ်လား"

"အို...သူ့ကို မေးနေတာပေါ့"

ဤတွင် ဒေါက်တာအံ့ထူးမှာ မည်သို့ပြောရမှန်းမသိ အောင် လည်ချောင်း၌တစ်ဆို့လျက် မျက်ရည်များ စို့လာ၏။

"အန်ကယ် ဘာဖြစ်နေတာလဲဟင်။ ရှိုက်သလိုအသံမျိုး သမီးကြားရတယ်ထင်လို့ပါ"

အတန်ကြာမှ ဒေါက်တာအံ့ထူးက အားယူကာ စကား ပြောဖြစ်သည်။

"ဒီလိုသမီးရယ်...လွန်ခဲ့တဲ့ ဆယ်နှစ်နီးပါးခန့်မှာတင် အန်ကယ့်သမီးလေး လုလေးစိန်ဟာ..."

ပြီးလျှင် ဒေါက်တာအံ့ထူးက မြသမား သိုက်သမား ဆော်တွန်းဆိုသူ၏ ယုတ်မာရက်စက်မှုကြောင့် သမီးကလေး သေဆုံးသွားရပုံအကြောင်းများကို ရင်တနင့်နင့်နှင့် ရင်ဖွင့်ပြောပြ ရာ နားထောင်ရသည့် မေသန္တာကိုယ်တိုင်ပင် ဝမ်းနည်းခြင်း ဖြစ်ရလျက် မျက်ရည်မကျအောင် မနည်းထိန်းထားရလေ၏။

"တောမွှန် ဟုတ်လား...အန်ကယ်"

စကားအဆုံး၌ မေသန္တာက မေးလိုက်ရာ ဒေါက်တာ အံ့ ထူးမှာ...





www.burmeseclassic.com

www.burmeseclassic.com



"အေး…ဟုတ်တယ်။ ပုလိပ်ဘက်ကတော့ အဲ့ဒီစော
ဆိုတဲ့လူယုတ်မာဟာ နာမည်ပြောင်းထားတဲ့ ရာဇဝင်လူ
သော်ထွန်းဆိုတဲ့ကောင်လို့လည်း ဆိုကြလေရဲ့ကွယ်"

"အင်း…ဟုတ်ပြီ…စောမွန်ခေါ် သော်ထွန်း။ စော
ခေါ် သော်ထွန်း…လူယုတ်မာ။ သမီးမှတ်မိပါပြီလေ"

နှစ်ဦးသားစကားစရပ်ကာ ကိုယ်စီ အတွေးများနှင့်
သက်နေကြ၏။

ထို့နောက်မှ မေသန္တာက…

"ဒါဖြင့် သမီးနာမည်ကို ဖျောက်ပြီး ဒီနေ့ကစလို့ လု
စိန်လို့သာ ခေါ်ပေါ့နော် အန်ကယ်"

ဟု ဆိုလိုက်လေ၏။

"ဟာ…အန်ကယ်ကလည်း အဲဒါ ပြောမလို့။ သ
လေးကို လုလေးစိန်လို့သာ ခေါ်မယ်လို့"

"တိုက်ဆိုင်လိုက်တာနော်"

"အေးကွယ်…သမီးရယ်"

နှစ်ဦးစလုံး အထူးပင်ဝမ်းသာခြင်းဖြစ်သွားကြရသည်။

"ဒါနဲ့ အန်ကယ်။ အန်ကယ့်မိတ်ဆွေ ဦးကောင်းသ





အသံ မကြားရတာ ကြာပြီနော်"

"အေးလေ။ သူ့ကို အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ ခရီးထွက်
နိုင်းလိုက်ရတယ် သမီးရဲ့။ မကြာပါဘူး။ အခု တစ်ရက် နှစ်ရက်
အတွင်း သူ ပြန်ရောက်လိမ့်မယ်ထင်ပါရဲ့"

"ဪ…ဪ"

"ကဲ…ကဲ…သမီး စကားပြောတာများနေပြီ။ မျက်လုံး
အိမ်ကို ဆေးထည့်ပေးမယ်။ ပြီးရင် အားရှိအောင် တစ်ရေးအိပ်
လိုက်…ဟုတ်လား"

"ဟုတ်ကဲ့"

ဒေါက်တာအံ့ထူးက နေရာမှထကာ ဆေးများရောစပ်
လျက် စုတ်ဖြင့် မေသန္တာမျက်လုံးအိမ်ကို ဆေးထည့်ပေးရှာ၏။

ထို့နောက်တွင်ကား မေသန္တာမှာ တစ်ရေးအိပ်လျက်
ဒေါက်တာအံ့ထူးမှာ မြေအောက်ခန်းအတွင်း ဆေးပစ္စည်းဖော်စပ်
ခြင်းဖြင့် အလုပ်ရှုပ်လျက်ရှိနေလေတော့သည်။

×××



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၆)

ထိုညသည် အထူးမှောင်မိုက်လျက် ကောင်းကင်တွင် တိမ်ညိုမည်းတို့ အုံ့ဆိုင်ညို့မှိုင်းလျက်ရှိ၏။

သို့သော် မိုးကား မရွာသေးပေ။

ထိုအချိန်၌ ကြို့ကုန်းရပ်၏ ချောင်ကျသောခြံကြီး တစ်ခြံရှေ့သို့ ကားတစ်စီး မောင်းလာကာ ထိုးရပ်လိုက်၏။

"ကျွီ···အိ···အီ"

ခြံအတွင်းရှိ အိမ်ကြီးကား ပကာတိမည်းမှောင်လျက် မီးရောင်ပင် မြင်တွေ့ရခြင်းမရှိပါချေ။

ကားရပ်မိသည်နှင့် ခါးကုန်းနေသောလူသဏ္ဌာန်နှင့် ဗလာကောင်းကောင်း သွေ့ချောင်တစောင်းနှင့်ပုဂ္ဂိုလ်ကြီးတစ်ဦး၏ ခြေမှ



www.burmeseclassic.com

www.burmeseclassic.com



သစ္စာနှက်တို့က ကားထဲမှ ကြိုးဖြင့်ချည်နှောင်ထားသည့် ဂုံနီအိတ်ကြီးတစ်အိတ်အား နှစ်ဦးသားမကာ ဆွဲချလိုက်ကြသည်။

"အု…ပု…ဂလု…ဂု"

"ဂလု…ပု"

ထိုအခါ အိတ်ကြီးမှာ တလူးလူးတလွန့်လွန့် ဖြစ်လာကာ ထိုအိတ်ထဲမှ ညည်းညူသံကဲ့သို့လည်းကောင်း၊ ဟစ်အော်သံကဲ့သို့လည်းကောင်း အထက်ပါမပီမသအသံဆိုးကြီး ထွက်ပေါ်လာခဲ့၏။

"ဟာ…ဒီအကောင်ကြီး အော်သံ လူတွေကြားကုန်မှဖြင့် အခက်ဗျာ မှုဆိုးကြီးရ"

"ခင်ဗျားသိတဲ့အတိုင်း သူ့ပါးစပ်ကို မဟနိုင်အောင် ကြိုးနဲ့စည်းထားခဲ့တာပဲလေ။ ဒါပေမယ့် ဒီသတ္တဝါမျိုးက ရုန်းကန်လှုပ်ရှားတဲ့နေရာမှာ အတော်သန်တာကလားဗျာ။ ကြေ့ ပါးစပ်က ချုပ်ကြိုးပြေသွားပြီထင်ပါရဲ့"

"ဟာ…ဟုတ်လား…ဒီလိုဆို အထဲက လုမ်းဟပ်မှ ခက်နေမယ်။ ဖုကွပါပဲ"

"မပူပါနဲ့ ဦးကောင်းသီး…သူ့ပါးစပ်ကို ကျုပ် အားရှိသမျှ





ဖိချုပ်ထားပါတယ်ဗျ"

"ဒါဖြင့် အမြန်မပြီးသွင်းကြစို့"

"ဗုတ်…ဗုတ်"

"ဝူး…အူး"

ငှင်းတို့နှစ်အားစိုက်ကာ အမှောင်ထုထဲ၌ အိတ်ကြီးကို မကာ ဆွဲသွားကြ၏။

"မောတယ်။ တံခါးပေါက်ရောက်ခါနီးပါပြီး ခဏချပြီးနားကြစို့ဗျာ"

"ဟူး…ဟုတ်တယ်။ ခဏနားမှ"

သူတို့အိတ်ကြီးကို ချ၍ ခေတ္တနားချစဉ် အိတ်ကြီးထဲမှ ရုတ်တရက်ထွက်ပေါ်လာသည့် အူသံကြီးကြောင့် နားကြားများ စိမ့်ကာ မုဆိုးကြီးရော၊ ခါးကုန်းကြီးပါ ခန္ဓာကိုယ်တစ်လျှောက် ကြက်သီးမွေးညင်းများ ထသွားရပေတော့၏။

"အူး…အူး…ဝူ"

"အူး…ဝူ"

"ဟိုက်"

"အိုး"



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် မှဆိုးကြီးက အိတ်ကြီးကိုဖိကိုင်ချုပ်ထား လိုက်ရတော့သည်။ သို့မှပင် အူသံကြီးက ချက်ချင်းတိတ်သွားတော့၏။

"ဂျလောက်"

ထိုအခိုက် မြေတိုက်ခန်းအဝမှ တံခါးတစ်ချပ်ပွင့်သွားကာ မီးရောင်တန်းတစ်ခု တိုးထွက်လာခဲ့သည်။

"ဗျို့… ဦးကောင်းသီး"

ခေါ်သံကြောင့် ခါးကုန်းကြီးဦးကောင်းသီးက လှမ်းပြောလိုက်သည်။

"ဟုတ်တယ်။ ကျုပ်ပါဗျ ကိုအံ့ထူး။ ဒီကို လာစမ်းပါဦးဗျာ။ မနိုင်မနင်းဖြစ်နေလို့"

"အို… ဒီလိုကိုး"

ထို့နောက် သုံးဦးသား တလှုပ်လှုပ်ဖြစ်နေသော အိတ်ကြီးကို မကာ မြေအောက်ခန်းဆီသို့ ခက်ခက်ခဲခဲ ဆွဲသွင်းလိုက်ကြတော့၏။

"ဟား… မောလိုက်တာ။ ဒါနဲ့… ခင်ဗျားရဲ့သမီးလေး လှလေးစိန် အိပ်ပျော်နေပြီလားဗျာဟင်"





"ဟုတ်တယ်… စောစောကမှ အိပ်သွားတာ ကိုကောင်းသီး။ ဘာဖြစ်လို့လဲဗျ"

ထိုအခါ ခါးကုန်းကြီးဦးကောင်းသီးက လေသံဖြင့်…

"ဘာဖြစ်ရမှာလဲ။ ဒီမှာ သတ္တဝါတစ်ကောင် ဖမ်းမိလာတယ်လေ။ မျက်စိနှစ်လုံးရအောင်လုပ်ဆောင်ရမှာ ဖြစ်လေတော့ အော်သံဟစ်သံတွေ ထွက်လာဦးမှာ။ ဒါကြောင့် ကလေးမ မနိုးအောင် အိပ်နေဖို့လိုတယ် မဟုတ်လား"

ဟု ဆိုလိုက်၏။

"ဟုတ်ပြီ… ဟုတ်ပြီ။ ခင်ဗျားပြောမှ ကျုပ်လည်း သဘောပေါက်ရတယ် ကိုကောင်းသီးရယ်။ ကိုင်း… ဒါဖြင့် ခင်ဗျားတို့ ဒီမှာ ခဏနေကြဦးဗျို့။ သမီးလေး မနိုးအောင် ချော့မော့ပြီး ကျုပ် အိပ်ဆေးတိုးဦးမှဖြစ်မယ်"

ပြောပြောဆိုဆို ဒေါက်တာအံ့ထူး ထွက်သွားသောအခါ သီးသန့်ခန်းအတွင်း၌ မှဆိုးကြီးနှင့် ဦးကောင်းသီးတို့ ခေတ္တ အနားရကြပေသည်။

အတန်ကြာမှ ဒေါက်တာအံ့ထူးတစ်ယောက် ဇွန်းကင်း… မီးအိမ်တစ်လုံးကိုင်လျက်သား ပေါ်လာကာ မျက်နှာပြုံး…



www.burmeseclassic.com

www.burmeseclassic.com



အနေအထားနှင့် လှုပ်လှုပ်ရှရှဖြစ်နေသည့် ဒိတ်ကြီးအား လက်ညှိုးထိုးကာ မေးလိုက်လေ၏။

"ဒါက ဘယ်လိုသတ္တဝါလဲဗျ"

"အဲဒါ ဝံပုလွေကြီးတစ်ကောင်ပါပဲ ဒေါက်တာကြီး"

ဟု မှဆိုးကြီးဦးဖိုးထူးက ပြောလိုက်လေ၏၊

"ဟင်···ဝံပုလွေ"

"ဘာဖြစ်လို့လဲ။ ခင်ဗျား သဘောမကျလို့လားဗျ"

ခါးကုန်းကြီးဦးကောင်းသီး အမေးကြောင့် ဒေါက်တာအဲ့ထူးက ဦးခေါင်းခါယမ်းကာ···

"အိုး···နိုး···နိုး···ဒီလိုပြောတာ မဟုတ်ပါဘူးဗျား။ ခုလို သမီးလေးအတွက် အရေးကြီးတဲ့အချိန်မှာ ဘယ်လိုသတ္တဝါရရ လုပ်ဆောင်ရမှာပါပဲ။ ဒါပေမယ့် လန်ဒန်မှာ ကျုပ် ဆေးပညာသွားသင်တဲ့အခါ ဝံပုလွေတွေနဲ့ ပတ်သက်တဲ့ ထူးထူးခြားခြား ဖြစ်စဉ်တွေအကြောင်း ကြားခဲ့ မှတ်ခဲ့ရဖူးလို့ပါ"

ဟု ဆိုလိုက်လေ၏။

"ဩော်···ဟုတ်လား။ ဒါဖြင့် ကြားဖူးနားဝရှိအောင် ပြောစမ်းပါလားဗျာ"





"အင်း"

ထို့နောက် ဒေါက်တာအဲ့ထူးက အောက်ပါအတိုင်း ပြောပြလေတော့သည်။

"ပြည်နယ်တစ်ခုက သချိုင်းမှာ ညည ဝံပုလွေတွေ သောင်းကျန်းမှုကြောင့် သချိုင်းအုတ်ဂူတွေ ပြိုပျက်၊ လူသေအရိုးတွေ ထွက်ပေါ်ဆိုသလိုဖြစ်နေတာကြောင့် အစိုးရစုံထောက် အမှုထမ်းတွေဟာ သချိုင်းကုန်းပတ်ပတ်လည်မှာ လျှို့ဝှက်ပုန်းအောင်းစောင့်ဆိုင်းတော့ ညဉ့်နက်ချိန်မှာ ဝံပုလွေအုပ်ကြီးဟာ သချိုင်းအတွင်းကို ရောက်လာတာပဲတဲ့"

မှဆိုးကြီးနှင့် ခါးကုန်းကြီးတို့က ငြိမ်ငြိမ်သက်သက် နားထောင်နေကြသည်။

"ဘာပြောကောင်းမလဲ။ ခဏကြာတော့ အုတ်ဂူတွေကို ဖျက်ဖို့ ကြိုးစားတဲ့ ဝံပုလွေတွေကို သေနတ်နဲ့ပစ်ခတ်ရာမှာ အုပ်စုခေါင်းဆောင်ဖြစ်တဲ့ ဝံပုလွေကြီးကို ထိမှန်ပြီး ကျန်တဲ့ အကောင်တွေ ထွက်ပြေးလွတ်မြောက်သွားကြတယ်။ အဲ···ကျသွားတဲ့ ဝံပုလွေကြီးကို ရဲနဲ့စုံထောက်တွေ သွားကြည့်တော့ ရှာတယ့်ကို မယုံနိုင်စရာ လူသားမိန်းမလှလေးတစ်ယောက် ဖြစ်

www.burmeseclassic.com



နေတယ်တဲ့ဗျာ···အံ့ရော···အံ့ရော"

"အလို···ထူးဆန်းလှချေကလားဗျာ"

"တစ်မျိုးပါလားဗျာ"

ကြားရသည့်အကြောင်းအရာကြောင့် မှဆိုးကြီးရော ခါးကုန်းကြီးဦးကောင်းသီးပါ အထူးအံ့သြခြင်းဖြစ်ကြရပေတော့သည်။

"ပြောရရင်···ထူးထူးခြားခြား ဝံပုလွေတွေရဲ့အကြောင်းဟာ အများကြီးမို့ ကုန်နိုင်ဖွယ်ရာ မရှိပါဘူး။ ကိုင်း···ကိုင်း··· ကျုပ်တို့လုပ်ငန်းစကြရအောင်လားဗျာ"

"ဟုတ်တယ်···စကြစို့"

ခါးကုန်းကြီးဦးကောင်းသီးက ခေါင်းညိတ်လိုက်သည်တွင် မှဆိုးကြီးက အိတ်ကြီးအား ၎င်း၏ကိုယ်ခန္ဓာနှင့် ဖိကပ်ချုပ်ကိုင်လိုက်သကဲ့သို့ ဒေါက်တာအံ့ထူးကလည်း အသင့်ယူဆောင်ထားသည့် အိပ်ဆေးပါသော ဆေးထိုးအပ်ကို ပြင်ဆင်လိုက်တော့သည်။

ထို့နောက်တွင်ကား အိတ်ကြီးအတွင်းမှ ဝံပုလွေကြီး၏ ရုန်း၏။ ကန်၏။ အော်၏။ လှုပ်ရှား၏။

သူတို့က ဖိ၏။ ချုပ်၏။ ခွ၏။ ဆေးထိုး၏။ ဤသို့ဖြင့် ကြာမီ အိတ်ကြီးမှာ တအိအိနှင့် ငြိမ်သက်သွားရှာတော့သည်။

"ဟူး···ဒီကောင်ကြီး အိပ်ဆေးဝင်လို့ ငြိမ်ကျပြီး အိပ်ပျော်သွားပြီဗျို့။ ကိုင်း···ခင်ဗျားတို့အိတ်ကြီးက ကြိုးကို ဖြေလိုက်ပေတော့"

"ဟုတ်ကဲ့"

မှဆိုးကြီးက ကြိုးကို ဖြေ၍ အိတ်ကိုဖွင့်လှစ်လိုက်တော့သည်။

"ဟာ"

ဒေါက်တာအံ့ထူးမှာ မွဲပြာပြာအမွေးရောင်များနှင့် သွားကြီးများ ချွန်ထွက်ကာ ပကတိကြောက်စရာကောင်းလှသည့် ဝံပုလွေကြီးကို တအံ့တသြနှင့် ကြက်သေသေကာ ငေးကြည့်နေမိတော့သည်။

ဤတွင် မှဆိုးကြီးက ပြောသည်။

"ဒီကောင်ကြီးဟာ ကျုပ်တို့ရှိုးမတလွှားမှာ ရာဇဝင်နဲ့ချီခဲ့တဲ့ ကောင်ကြီးဗျ။ ကျားတို့ ကျားသစ်တို့ကိုတောင် အလျှော့မပေး ရင်ဆိုင်တိုက်ခိုက်လာတာ။ အဲ···ကျုပ်ရဲ့ထောင်ချောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဓိလိုသာ ခမျာမလှုပ်နိုင်တော့တာ"

ဒေါက်တာအဲ့ထူးက ခေါင်းညိတ်လျက်…

"ဟုတ်နိုင်ပါတယ်။ သူ့ခွန်အားနဲ့ ခန္ဓာကိုယ်အနေအထား ကြည့်ရတာ ဝံပုလွေအုပ်ကြီးရဲ့ ခေါင်းဆောင်ဖြစ်နိုင်ပြီ။ ထူးခြားတဲ့ အရည်အသွေးတွေလည်း ရှိပုံရပါတယ်။ ပြောရရင် ဒီလိုဝံပုလွေ တော်တော်များများမှာ အနောက်နိုင်ငံ အယူအဆအရဆိုရင် နတ်ဆိုး၊ မိစ္ဆာဆိုးတွေ ကပ်ငြိနေတတ်တယ်တဲ့လေ"

ဟု ဆိုလေ၏။

"အလုပ်စကြစို့ဗျို့"

ဦးကောင်းသီးက လောဆော်လိုက်သဖြင့် အလုပ်စခန်းဝင်ရန် သတိရသွားကာ မုဆိုးကြီးနှင့် ဦးကောင်းသီးတို့ အကူအညီဖြင့် ငြိမ်သက်နေသော ဝံပုလွေကြီးအား မြေအောက်ခန်းအတွင်းရှိ ခွဲစိပ်ခုတင်ပေါ်သို့ တင်လိုက်ကြတော့သည်။

ထို့နောက်တွင်ကား လျှပ်စစ်မီးထွန်းညှိထားသည့် ဓာတ်ဆောင်းကို ဝံပုလွေကြီး၏မျက်နှာသို့ တည့်မတ်စွာ ချိန်ထိုးလျက် ခွဲစိတ်ဝတ်စုံကို ဝတ်ဆင်ကာ ဒေါက်တာအဲ့ထူးတစ်ယောက် အလုပ်ရှုပ်နေတော့သည်။





ခါးကုန်းကြီးဦးကောင်းသီးနှင့် မုဆိုးကြီးတို့မှာကား ဦးအဲ့ထူးလုပ်ဆောင်နေသမျှကို ခပ်လှမ်းလှမ်းမှသာ စိတ်ဝင်တစား အကဲခတ်ကြည့်ရှုနေကြပေ၏။

မိနစ်ဝက်မျှကြာသောအခါ ဝံပုလွေမျက်လုံးနှစ်လုံး ရရှိပြီဖြစ်သောကြောင့် ဒေါက်တာအဲ့ထူးက ညှပ်နှင့်ညင်သာစွာ ဆွဲယူကာ ဆေးရည်ရှိနေသည့် ဖန်ပုလင်းထဲသို့ ထည့်လိုက်တော့သည်။

ခွဲစိတ်ခုတင်ပေါ်မှ ဝံပုလွေကြီးခန္ဓာကိုယ်မှာ အသက်ကို ခပ်ပြင်းပြင်းရှူရှိုက်နေရှာလေ၏။

ပြီး…ဖုတ်လိုက် ဖုတ်လိုက်ဖြစ်သွားကာ ခေတ္တအကြာတွင် အသက်ရှူခြင်း ရပ်တန့်လျက် လုံးဝငြိမ်သက်သွားပေတော့၏။

"ဟော…သူ သေသွားပြီဗျ"

မုဆိုးကြီးက ပြောလိုက်သောအခါ ဒေါက်တာအဲ့ထူးက

"အင်း…ဟုတ်တယ် မုဆိုးကြီး။ သူ သေသွားရှာပြီ။ ဒီလိုပါပဲဗျာ။ တစ်ဖက်ကမ်းပြုရင် တစ်ဖက်မှာ သောင်ထွန်းဆိုသလိုပေါ့။ ဆေးပညာရှုထောင့်က ကြည့်ရင်တော့ လူသားတစ်ယောက် အဆင်ပြေရေးအတွက် တိရစ္ဆာန်တစ်ကောင် ဆုံးရှုံးမှု



www.burmeseclassic.com

www.burmeseclassic.com



ဟာ ၁ မတရားဘူးလို့ မဆိုနိုင်ဘူးလေ"

ဟု ၎င်း၏အသနကို ပြောပြလိုက်လေ၏။

ပြီးလျှင် ဝံပုလွေကြီး၏ရင်ကိုခွဲကာ အူအသည်း ကလီစာများအား ဖန်ဘူး ဖန်ပုလင်းတို့၌လည်းကောင်း၊ ဝံပုလွေကြီး၏ ခန္ဓာကိုယ်ကြီးအား အစိမ်းရောင်ဆေးရည်များရှိနေသည့် ဖန်သေတ္တာအတွင်းသို့လည်းကောင်း မုဆိုးကြီး ခါးကုန်းကြီးဦးကောင်းသီးတို့အကူအညီနှင့် ထည့်သွင်းလိုက်လေတော့၏။

ကိစ္စအဝဝပြီးသောအခါ ဒေါက်တာအုံထူးသည် ရေဘုံဘိုင်တွင် ၎င်း၏လက်များအား စင်ကြယ်အောင် ဆေးကြောပြီးနောက် သွေးစွန်းနေသော ခွဲစိတ်အဝတ်များကို ချွတ်ကာ သီးသန့်ခန်းအတွင်း၌ လူအားလုံး အေးအေးဆေးဆေး စကားပြောဖြစ်ကြတော့သည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး သိပ်ကိုကျေးဇူးတင်တဲ့အကြောင်း ပြောပါရစေဗျာ မုဆိုးကြီး"

ထိုအခါ မုဆိုးကြီးက...

"ဟုတ်ကဲ့ ဒေါက်တာ၊ ကျွန်တော့်ဆွေမျိုးသွားချင်းတွေ အပေါ်မှာ ပေါ်ဘီဦးကောင်းသီးဟာ အထူးကျေးဇူးပြုဖူးသူ တစ်





ယောက်ပါ။ ဒါကြောင့် သူ့အရေးတကြီးလိုအပ်ချိန်မှာ ကူညီခွင့်ရတာကို ကျွန်တော်ဖြင့် ဝမ်းသာလို့ မဆုံးနိုင်အောင်ပါပဲဗျာ။ အဲ ဦးကောင်းသီးအကူအညီလိုတဲ့အချိန်နဲ့ အခန့်သင့်ခဲ့သလို ရိုးမတစ်ခွင်မှာ ထူးသောင်းကျန်းနေတဲ့ ဒီဝံပုလွေကြီးကို ထောင်ချောက်မှာမိတာနဲ့ အချိန်ကိုက်ဆိုသလိုဖြစ်ရတာ အထူးကံကောင်းတယ်ဆိုရမှာပါပဲလေ"

ဟု ရှည်လျားစွာ ပြောပြလိုက်သည်။

"အေးဗျာ...ဒါဆို...ကျုပ်သမီးလေးရဲ့ ကုသိုလ်ကံလို့ ဆိုနိုင်ပေတာပေါ့။ ကဲ...ကဲ...ဦးကောင်းသီး၊ မုဆိုးကြီးကို ဆုအဖြစ် ချီးမြှင့်လိုက်ပါဗျာ"

..ပြောပြောဆိုဆို ဒေါက်တာအုံထူးက အံဆွဲအတွင်းမှ ငွေထုပ်ကြီးနှစ်ထုပ်သုံးထုပ်ကို ထုတ်ယူလျက် ဦးကောင်းသီးအား ပေးလိုက်၏။

"ကဲ...မုဆိုးကြီး ကြားတဲ့အတိုင်းပဲ ဆုအဖြစ် လက်ခံပါဗျာနော်"

"အာ...ကျုပ်အတွက် များလှပါတယ်ဗျာ"

"ယူသာယူပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီးက အားနာပါးနာ လက်ခံသည်တွင် မကြာမီ ခါးကုန်းကြီးဦးကောင်းသီးက မုဆိုးကြီးအား ပြန်ပို့ရန် ထွက်သွားတော့၏။

မြေအောက်ခန်း၌ တစ်ယောက်တည်းကျန်ခဲ့သည့် ဒေါက်တာအံ့ထူးမှာ ဆေးစိမ်ထားသော မျက်လုံးနှစ်လုံးအား ကြည့်ကာ ဝိတိပြာနေလေတော့၏။

×××





# အခန်း (၁၇)

"အန်ကယ် . . .ပတ်တီးဖွင့်ဖို့ရက် ဘယ်လောက်ကြာကြာ စောင့်ရဦးမလဲဟင်"

"မကြာပါဘူး သမီးရယ်။ နောက်ထပ် နှစ်ပတ်လောက်သာ ကြာမှာပါ။ အဲဒီအခါကျရင် သမီးရဲ့မျက်လုံးတွေ အကောင်းစားတိဖြစ်ပြီး နဂိုမူလကလို လောကကြီးရဲ့အလှအပတွေ မြင်တွေ့ရပြီဆိုပါတော့ကွယ်"

မျက်လုံးအစားထိုးခွဲစိတ်ကုသပြီးသည့်နေ့တွင် သားအဖနှစ်ယောက် ဤသို့စကားစမြည်ပြောနေကြခြင်း ဖြစ်သည်။

ထိုအချိန်များမှာပင် တံခါးပွင့်လာကာ ဦးကောင်းသီးသည် စားအသောက်များနှင့်အတူ ရောက်ရှိလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲ ကိုအံ့ထူး မျက်စိအစားထိုးပြီးပြီလား"

"ပြီးပြီလေဗျာ။ သမီးလေးဟာ ရက်အနည်းငယ်ကြာ သူ့မျက်လုံးတွေ အကောင်းပကတိနဲ့ လောကကြီးကို လှ လှမ်းနိုင်ပြီဗျ။ ကျုပ်···ဝမ်းသာလိုက်တာဗျာ··ဟဲ··ဟဲ··

"ကဲပါ··ဝမ်းသာတယ်ဆိုရင် သားအဖနှစ်ယောက် အားရှိသွားအောင် ယူလာတဲ့အစားအသောက်တွေ စားကြ ဦး"

"ဟဲ···ဟဲ···ဟဲ···ဟဲ"

"ခစ်···ခစ်···ခစ်"

သဘောကောင်းလှသော ဦးကောင်းသီးအပြောကြေ သားအဖနှစ်ယောက်စလုံး ပြုံးပြုံးရွှင်ရွှင်ဖြင့် အစားအစာမျ အားပါးတရ စားသောက်လိုက်ကြသည်။

ထိုနေ့က သူတို့အားလုံး ပျော်တပြုံးပြုံးဖြစ်နေကြရသ

အထူးသဖြင့် ဦးကောင်းသီးမှာ ငင်းဆ်ကျေးဇူးရှင်လ ဖြစ်၊ စိတ်ဆွေကောင်းလည်းဖြစ်သူ ဒေါက်တာအံ့ထူးတစ်ယော စိတ်နှလုံးချမ်းမြေ့ရခြင်းအတွက် ကျေနပ်ခြင်းဖြစ်မိရလေ၏။

"ဪ··ဒါနဲ့ ဦးကောင်းသီးရေ··ခင်ဗျားမလဲ ဖ





ကိုကြည့်ရှုစောင့်ရှောက်ရတဲ့ကိစ္စနဲ့သာ ပြီးနေရတော့တာပဲ။ ခင်ဗျား ရဲ့ဇနီးနဲ့ ခင်ဗျားရဲ့သားကလေး မောင်ထွန်းနိုင်အကြောင်းကို ပြော စမ်းပါဦးတော့"

၎င်းတွင် ဦးကောင်းသီးက···

"ဆေးခန်းမဖွင့်တော့ပေမယ့် သားလေးမောင်ထွန်းနိုင် ရှာဖွေထားတဲ့ ငွေကြေးအပြင်၊ ခင်ဗျား ထောက်ပံ့ထားတဲ့ငွေ ကြောင့် ကျုပ်ရဲ့ဇနီး မချစ်မေဟာ အိမ်မှာနေပြီး ဘုရားရှိခိုး သံယာတော်တွေ နေ့စဉ်ဆွမ်းလောင်း စတဲ့ကိစ္စတွေနဲ့ အိမ်မှာ အေးအေးဆေးဆေးနေနိုင်ပါတယ်လေ"

ဟု ဆို၏။

"ခင်ဗျားသားလေး မောင်ထွန်းနိုင်ကရောဗျာ··ဘယ်လို လဲ၊ သူ မိုးကုတ်ကို ကျောက်အရောင်းအဝယ်ကိစ္စ သွားတယ် ဆိုတာ ကြာလှချည်လားဗျ"

"ဟုတ်တယ်··သားလေးဟာ ကျောက်အရောင်းအဝယ် ကိစ္စအတွက် မြန်မာပြည်အနှံ့ မကြာခဏဆိုသလို ခရီးထွက် လေ့ရှိပါတယ်။ သို့ပေမယ့် အခုတစ်ခေါက် မိုးကုတ်ကို တက် သွားရာမှာ သိပ်ကိုကြာတယ်ထင်မိတယ်။ ခင်ဗျား ပြောသလို



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိစ္စအတွက် ကျွန်တော်လည်း အထူးစိုးရိမ်နေမိတာပါ ကိုအုံထူး"

ရင်းတို့ပြောသည့်စကားများကို နားမလည်သည့်အလျောက် မျက်နှာ၌ ပတ်တီးစည်းထားသည့် မေသန္တာသည် ငြိမ်သက်စွာသာ နားထောင်နေရှာ၏။

အတန်ကြာမှ ဒေါက်တာအုံထူးက…

"အေးလေ။ အကျိုးအကြောင်းသိရအောင် စောင့်ပြီး နာ ထောင်ရမှာပေါ့။ မိုးကုတ်ကို ခင်ဗျား လိုက်သွားရအောင်ကလည်း လွယ်မှာ မဟုတ်ဘူးလေ"

"အင်း…ဟုတ်ပါတယ်ဗျာ"

"အန်ကယ်…အန်ကယ်…သမီး သိပ်ပြီးအိပ်ချင်လာ တယ်။ ဘယ်လိုဖြစ်မှန်းကို မသိဘူး"

"ဟော…ဟုတ်လား။ အစားအသောက်တွေ စားထာ များသွားလို့များလားကွာ။ ကဲ…ကဲ…အိပ်လိုက်…အိပ်လိုက် အန်ကယ်နဲ့ ဦးကောင်းသီးတို့ သမီးကို စောင့်ရင်း ဒီမှာစကားပြော နေပါ့မယ်…ဟုတ်လား"

"အင်း…အင်း"





သူမက လေသံဖြင့်သာ ပြောကာ ခုတင်ပေါ်တွင် ခေါင်း ချလျက် ချက်ချင်းအိပ်ပျော်သွားတော့သည်။

"ကြည့်စမ်း ချက်ချင်းနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား လိုက်တာမျာ။ ဟောက်များတောင် ဟောက်လို့ဗျ"

ဒေါက်တာအုံထူးက ချက်ချင်းအိပ်ပျော်သွားသော မေ သန္တာကိုကြည့်ကာ သဘောကျလျက် ပြောလိုက်သည်။

ဦးကောင်းသီးက ခေါင်းညိတ်လိုက်သောအခါ ၎င်းက ဆက်လက်ပြောပြန်သည်။

"ကြည့်စမ်းပါဦးဗျာ…သူအိပ်ပျော်နေတာ သမီးလေး လုလေးစိန်နဲ့ ပိုတူမနေဘူးလား။ တကယ့်လုလေးစိန်မှ လုလေး စိန်ပါပဲ…ဟဲ…ဟဲ…ဟဲ…ဟဲ"

"မှန်ပါတယ်ဗျာ။ တကယ်တူပါတယ်။ ခင်ဗျားရဲ့ဆုံးရှုံး သွားတဲ့ သမီးလေးလုလေးစိန်တစ်ယောက် သေရွာက ပြန်ရှင် လာသလို အစားရသလိုမျိုးလို့ ဆိုရမှာပါပဲ"

"အေးဗျာ…ဒီလိုပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီမှာ ကိုကောင်းသီး ကျုပ်မှာရှိတဲ့စည်းစိမ်ဥစ္စာတွေကို ကျုပ်သေရင် တော့ဒီသမီးလေးနဲ့ ခင်ဗျားတို့မိသားစုကို အညီအမျှဝေပေးခဲ့ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကျွပ် သေတမ်းစာတောင် ရေးထားပြီးပြီဗျ။ အဲဒီကိစ္စအတွ...
မကြာခင် ရှေ့နေတစ်ယောက်ဆီမှာ လှိုဖွက်လက်မှတ်ရေး...
ချင်တယ်ဗျာ"

"ဗျာ"

ဦးကောင်းသီးမှာ ၎င်းတို့မိသားစုအပေါ် လွန်စွာရက်...
လှသည့် သူငယ်ချင်းဒေါက်တာကြီးအား လေးစားကြည်ညို...
အကြည့်နှင့် ကြည့်ကာ ခေါင်းညိတ်ပြလိုက်မိလေ၏။

"ဖို...ဖို...ဒွီး"

"အု...အာဝ"

"အူး...ဝူး"

ထိုအခိုက် မည်သို့ဖြစ်သည်မသိအောင်ပင် ခုတင်...
အိပ်ပျော်နေသည့် မေသန္တာသည် ဆတ်ခနဲလှုပ်ရှားသွားကာ...
ကုန်းလျက်အနေအထားမှ ဝံပုလွေတစ်ကောင်ကဲ့သို့ လည်...
မော့လျက် အထက်ပါအတိုင်း လည်ချောင်းသံများထွက်ကာ...
ဆွဲငင်ငင် အူလိုက်သဖြင့် ဒေါက်တာအဲ့ထူးရော၊ ခါးကုန်းကြ...
ကောင်းသီးပါ တအံ့တဩနှင့် အလွန့်အလွန်လန့်ဖျပ်သွား...
တော့သည်။



ပြီးလျှင်ကား မေသန္တာသည် မည်သို့မျှမဖြစ်သကဲ့သို့ အိပ်...
...ချို့ စောင်းလှဲချကာ နှစ်နှစ်ခြိုက်ခြိုက် ပြန်လည်အိပ်ပျော်သွား...
...တော့၏။

"မဟုတ်ကာမှ လွဲရော...ဒါ...ဒါ...ဝံပုလွေမျက်လုံး...
...ကြောင့်ပဲဗျ ကိုအံ့ထူး"

"ဟုတ်တယ်။ ဖြစ်နိုင်တယ်။ ဝံပုလွေမျက်လုံးကြောင့်...
...က သူတို့ရဲ့ဝံပုလွေရုပ်ပုံလွှာတွေ ပြန်လည်မြင်ယောင်မိရင်း...
...ခုလို ထအော်တာနေမှာဗျ"

"အေးဗျာ...တခြားမျက်လုံးမရလို့သာ အခုလိုလှပ်လှိုက်...
...တယ်။ ဒီပုံမိုးဖြင့် သမီးလေးအတွက် အထူးစိုးရိမ်တာ အမှန်ပဲ"

တွေးတွေးဆဆပြောလိုက်သော ဒေါက်တာအံ့ထူးစကား...
...ကြောင့် ခါးကုန်းကြီးဦးကောင်းသီးသည်၊ စိတ်မကောင်းဖြစ်ဟန်...
...နှင့် ငြိမ်ငြိမ်သက်သက်ရှိနေလေသည်။

ပြီးမှ ၎င်းက...

"ဘယ်လိုလဲဗျာ ကိုအံ့ထူး။ ဒီပုံမိုးဆိုရင် ဒီကလေးမှာ...
...ျက်လုံးကြောင့် ဝံပုလွေစိတ်ဓာတ်တွေ ဝင်နေတော့မှာလား။
...ဒါဆို ခက်နေပြီပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု စိုးရိမ်စွာ ပြောလိုက်လေ၏။

"ဟူး"

ဒေါက်တာအုံထူးမှာ ပြန်လည်အိပ်ပျော်သွားပြီဖြစ်သည့် မေသန္တာအား ကြည့်ကာ လေပူတစ်ချက်ကို ပြင်းစွာမှုတ်ထုတ် လိုက်၏။

ထိုနောက်မှ…

"အင်း…ကျုပ်ကြားဖူးသမျှ ပြောရရင် ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုခု ပြောင်းလဲတပ်ဆင်မှုကြောင့် တစ်ခါတစ် ခါ ဒီခန္ဓာကိုယ်အစိတ်အပိုင်းရဲ့ မူလသဘာဝတွေဟာ အစဉ်အမြဲ မပျောက်တောင် ရံဖန်ရံခါ လက်ခံအစားထိုးခံရတဲ့ပုဂ္ဂိုလ်ထံ ပေါ် ပေါက်လာတတ်လေ့ရှိသဗျ"

ဟု ဖြည်းလေးစွာ ပြောလိုက်၏။

"ဟင်…ဒါကို အစက ခင်ဗျားစဉ်းစားခဲ့ဖို့ ကောင်းတာ ပေါ့ဗျာ"

၍တွင် ဒေါက်တာအုံထူးက…

"ကျုပ်စဉ်းစားမိတာပေါ့ဗျာ။ သို့သော်လည်း လူတစ်ယောက် ရဲ့မျ လုံးအစုံကို ရာဇဝတ်ပြစ်မှုဖြစ်ပြီး ယူရမှာထက်စာရင်





ပို့ညှိသာရှိတာမို့ အခုလိုလုပ်လိုက်ရတာပါလေ"

ဟု ရှင်းပြလေ၏။

ထိုနောက်တွင်ကား ယင်းကိစ္စနှင့်ပတ်သက်၍ ခန္ဓာကိုယ် အစိတ်အပိုင်းအစားထိုးရာမှ ထူးခြားစွာဖြစ်လာရသည့် ဖြစ်စဉ်များ အကြောင်းကို နှစ်ဦးသား ပြောဆိုနေမိကြတော့၏။

×××



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၈)

ပထမဆုံးတွေ့ရသည်က အမှောင်…။

ထို့နောက် အစိမ်းရောင်များ…

ပြီး…မြူလွလွတိမ်စိုင်တိမ်ခဲများ တရွေ့ရွေ့သွားလာနေတာန်း။

တစ်ဖန် မြူနီညိုပြာရောင်စဉ်တန်းများက ပျောက်ချည်တစ်ခါ ပေါ်ချည်တစ်လှည့်။

အဆုံး၌ တောတောင်နှင့် သစ်ပင်ကြီးငယ် ချုံနွယ်ခင်တန်းများကို အစီအရီ တွေ့မြင်လာရသည်။

ချုံနွယ်ပိတ်ပေါင်းများကြားသို့ လှမ်းကြည့်လိုက်သောခါ စူးရှဝင်းလက် တောက်ပြောင်သော အရာဝတ္ထုအတောင်များ



www.burmeseclassic.com

www.burmeseclassic.com

များကို ရုတ်တရက် တွေ့ရပြန်သည်။

ထိုအရာဝတ္ထုတို့သည် ငြိမ်သက်နေရာမှ သူ့အနီးသို့ တရွေ့ရွေ့ တိုးကပ်လာနေကြသည်။

"ဝေါင်း…ဝေါင်း"

"ဝေါင်း"

ထိုအခိုက် ခပ်လှမ်းလှမ်းတောင်ကုန်းပေါ်မှ ကျားဟိန်းသံကြီး ထွက်ပေါ်လာရာ စူးရှသော မျက်လုံးပိုင်ရှင်အကောင်များများက သူ့အနီးသို့ တိုးကပ်လာကြသည်။

ဤတွင်မှ သူမ သတိပြုလိုက်မိသည်။

"အလို…အလို…လက်စသတ်တော့…ငါ…ငါဟာ ဒီဝံပုလွေအုပ်စုရဲ့ ခေါင်းဆောင်ပါလား။ ကျားကြီးကို တိုက်ခိုက်ဖို့ သူတို့ ငါ့လှုပ်ရှားမှုကို ကြည့်နေကြပြီ"

သို့အတွက် သူမက တရွေ့ရွေ့လှမ်းကာ တောင်ကုန်းရှိရာသို့ သွားနေလိုက်၏။

မကြာမီ အဝါစင်းကျားနှင့် ကျားသတ္တဝါကြီးတစ်ကောင်အား မျက်နှာချင်းဆိုင်မိကာ မျက်လုံးအကြည့်ချင်း ပြိုင်နေမိကြလေပြီ။





"ဒွီး…ဂလွီး"

"ဝူး…ဝူး…ဂရူး"

အနောက်ဘက်မှ အားပေးနေကြသည့် ဝံပုလွေအုပ်စု၏ ညီချောင်းသံများကို ကြားနေရသည်။

"ဝူး…အူး"

သူမက ဝမ်းတွင်းအားကို အသုံးပြုကာ ပြင်းပြင်းထန်ထန် …ချက် အူလိုက်သည်။

ပြီးလျှင် တောင်ကုန်းပေါ်မှ ကျားကြီးအား လျှပ်တစ်ပြက် …သွားတိုက်ခိုက်လိုက်ပေတော့၏။

"ဟာ…ဘယ်လိုလုပ်လိုက်တာလဲ သမီးရဲ့ သမီးနား… ကပ်လာတာ သမီးစားဖို့မုန့်တွေလာပို့တဲ့ ဦးကောင်းသီးလေ …ယ်။ သတိထားမှပေါ့"

"ဟင်"

ခါးကုန်းကြီးဦးကောင်းသီး လည်မျိုကို လက်နှစ်ဖက်နှင့် …ထားကာ ကိုက်ခဲရန် ပါးစပ်ဖြဲနေသော မေသန္တာအား …ကိုက်တာအဲ့ထူးက ကပျာကယာပြောလိုက်ရသည်။

ထိုအခါကျမှ သတိရသွားဟန်ဖြင့် မေသန္တာက သူ…



www.burmeseclassic.com

www.burmeseclassic.com



ပြင်းတစ်ချက်ချလိုက်သည်။

ပြီးလျှင် ဦးကောင်းသီးလည်ပင်းကို ကုတ်ထားသ
လက်များအား ဖယ်ရှားပေးလိုက်လေ၏။

"ဘယ်လိုဖြစ်ရတာလဲ သမီးရယ်...ဟင်"

သို့အတွက် မေသန္တာက...

"သမီးလည်း မသိတော့ပါဘူး အန်ကယ်။ မျက်စိထဲ
တောရိပ်တောင်ရိပ်တွေနဲ့ ဝံပုလွေတွေကို မြင်ရရုံမက ကျား
တစ်ကောင်နဲ့ တိုက်ခိုက်ရတဲ့အနေအထား မြင်မိတာမှာ အ
ဖြစ်သွားရတာပါပဲ"

ဟု မောလျက်အနေအထားမှ ရှင်းပြရှာ၏။

သူမအပြောကြောင့် ဒေါက်တာအံ့ထူးနှင့် ခါးကုန်း
ဦးကောင်းသီးတို့မှာ အဓိပ္ပာယ်ပါပါကြည့်မိလိုက်ကြလေတော့သ

ပြီးမှ ဒေါက်တာအံ့ထူးက...

"ဟုတ်လား ...အိပ်မက်ကြောင့် သမီးရဲ့စိတ်
ကမောက်ကမဖြစ်သွားရတာ ထင်ပါရဲ့ကွယ်။ တော်ပါသေး
သမီးက ဦးကောင်းသီးကို လည်ပင်းညှစ်မိတော့မလို့ကွယ့်"

ဟု ပြောပြလိုက်လေ၏။





"အို... ဟုတ်လား။ ဒါဖြင့် သမီး တောင်းပန်ပါရစေ
ဦးလေးကြီး။ မဆင်မခြင်ပြုမူမိတဲ့ အပြုအမူအတွက် သမီး
တောင်းပန်ပါရစေနော်"

လက်အုပ်ချီကာ တောင်းပန်နေရှာသည့် မေသန္တာကြောင့်
အနေခက်လျက် ဦးကောင်းသီးက...

"ကိစ္စမရှိပါဘူးကွယ်။ ကယောင်ချောက်ချားအနေအထား
ကြောင့် ဒီလိုဖြစ်ရတာပဲဥစ္စာ"

ဟု ပြောလိုက်၏။

"ကဲ...ကဲ...သမီးရေ စိတ်ကိုချမ်းသာအောင် ပျော်ရွှင်
အောင် ထားနော်။ စားသောက်ပြီးတာနဲ့ သမီးရဲ့မျက်လုံးမှာ
ညှိုးနှောင်ထားတဲ့ ပတ်တီးကို ဖြေမယ်...ဟုတ်လား"

"အို...ဝမ်းသာလိုက်တာ။ ဒါဖြင့် ဒီနေ့ကစပြီး သမီး
မျက်စိအလင်းပြန်မြင်ရတော့မှာပေါ့နော်"

"အေး...အေး...သေချာတာပေါ့။ ကဲ...ကဲ...ထမင်း
စားပွဲမှာ ဦးကောင်းသီး ပြင်ဆင်ထားတဲ့ အစားအသောက်တွေ
စားလိုက်ကြဦးစို့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား စားပွဲ၌ထိုင်ကာ အစားအစာများ

မြိန်မြိန်ရှက်ရှက်စားသောက်လျက်သာ ရှိနေကြသည်။

အမှန်စင်စစ် သုံးဦးသားမှာ အတွေးကိုယ်စီဖြင့် ငြိ

ငြိမ်သက်နေကြခြင်းဖြစ်သည်။

"စားလေ…ဟောဒါ ကြက်သားကြော်၊ အသားချည်

စားစမ်းပါကွယ်"

ဒေါက်တာအံ့ထူး တယုတယထည့်ပေးသည့် ကြက်

ကြော်ကို စမ်း၍ အလယ်ပန်းကန်တွင်းသို့ ပြန်ထည့်ကာ…

"သမီး…သမီး…မျက်စိပြန်မြင်ရတော့မှာမို့ အ

ဝမ်းသာတဲ့စိတ်ကြောင့် ရင်ပြည့်လာတယ် ထင်ပါရဲ့။ မစား

တော့ဘူး အန်ကယ်"

"ဟုတ်တာပေါ့…ဟုတ်တာပေါ့။ အရမ်းစိတ်လှုပ်

တော့ ဘယ်မှာ အစားစားချင်စိတ် ရှိပါတော့မလဲ…ကဲ…

သမီးမစားနိုင်ရင် ဟောဒီဟောလစ်ကလေးတစ်ခွက်တော့ သော

လိုက်နော်…ဟုတ်လား"

"ဟုတ်ကဲ့"

ဦးကောင်းသီးမှာ တွယ်တာမှုသံယောဇဉ် ကြီးမားလှသ





သားအဖနှစ်ယောက်အား ကြည့်ကာ ခေါင်းတညိတ်ညိတ်နှင့် ရှိ

နေရှာတော့၏။

စားသောက်မှုကိစ္စအပြီးတွင် ဒေါက်တာအံ့ထူးနှင့် ဦး

ကောင်းသီးတို့မှာ ဆေးတံကိုယ်စီ မီးညှိဖွာရှိုက်ကာ အချိန်စောင့်

နေကြ၏။

မေသန္တာကလည်း ပတ်တီးဖြေမည့်အချိန်ကို စောင့်ကာ

ခုတင်ပေါ်၌ ငြိမ်ငြိမ်သက်သက် ရှိနေလေသည်။

အတန်ကြာမှ လက်ပတ်နာရီကို လှမ်းကြည့်ပြီးလျှင်

ဒေါက်တာအံ့ထူးက…

"ကဲ…သမီးရေ…ပတ်တီးဖြေကြစို့။ အဲဒီအခါကျ

သမီးဝမ်းအသာကြီးသာပေတော့"

ဟု ပြောကာ ထိုင်ရာမှ ထလိုက်သည်။

ခါးကုန်းကြီးဦးကောင်းသီးကမူ ထိုင်ခုံတွင်ပင် ထိုင်ကာ

စိတ်အားထက်သန်သည့်အကြည့်နှင့် ကြည့်နေရှာလေ၏။

ဒေါက်တာအံ့ထူးက ပတ်တီးစကို စ၍ဖြေနေရင်း…

"ကဲ…သမီးရဲ့မျက်လုံးက အလင်းရောင်တွေကို စတင်

မြင်ရတဲ့အချိန်မှာ ဘယ်သူ့ကို အတွေ့အမြင်ချင်ဆုံးလည်းကွယ်။

www.burmeseclassic.com



အဲဒါ ဆိုစမ်းပါဦး"

ဟု မေးလိုက်လေ၏။

"အို…ဘာပြောစရာလိုလဲ။ သမီးကို သမီးအရင်းအချာလို စောင့်ရှောက်ကူညီတဲ့ ကျေးဇူးရှင်အန်ကယ့်ကိုသာ အမြင်ချင် အတွေ့ချင်ဆုံးပေါ့…ဟွန်း…ဒါများ"

"ဟဲ…ဟဲ…ဟဲ…ဟဲ"

"ခစ်…ခစ်…ခစ်"

နှစ်ဦးသား သဘောကျလျက် ရယ်မောလိုက်ကြရာ ကြည့်နေသည့် ဦးကောင်းသီးပင် မပြုံးဘဲ မနေနိုင်အောင် ဖြစ်ရှာပေ၏။

ပတ်တီးများ တစ်ရစ်ပြီး တစ်ရစ် ကွာသွားပြီး၍ နောက်ဆုံးအရစ်သာ ကျန်တော့သောအခါ…

"ကဲ…သမီးရေ…ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာမြတ်သုံးပါးကို ရည်မှန်း ဦးထိပ်ထားပေတော့။ နောက်ဆုံး အရစ်ဖြစ်တဲ့ ပတ်တီးစကို ဖွင့်လိုက်တော့မယ်နော်"

ဟု ပြော၏။

"ဟုတ်…ဟုတ်ကဲ့ အန်ကယ်"





"အဲ…ပတ်တီးဖြေပြီးပေမယ့် မျက်လုံးကို ချက်ချင်းမဖွင့်နဲ့ဦးနော်။ မှိတ်ပြီးတော့သာ ငြိမ်ငြိမ်နေ။ ဖွင့်ဆိုမှ ဖွင့်"

"ဟုတ်ကဲ့"

ဤသို့ဖြင့် ပတ်တီးနောက်ဆုံးအလအာကို ဖွင့်ပြီး ဖြစ်သွားတော့သည်။

ထိုအခါ ယခင် အမှောင်တို့သာကြီးစိုးခဲ့သည့် မေသန္တာ၏ မှိတ်ထားသော မျက်လုံးများအတွင်း၌ ရောင်စုံအလင်းတန်းများ ကွန့်မြူးယှက်ပြာလျက်ရှိကြောင်း သတိပြုမိပေတော့သည်။

သို့ရှိစဉ်ခဏ စကားပြောသံများ တိတ်ဆိတ်လျက် အခန်းတွင်း၌ လူသုံးယောက်တို့၏ အသက်ရှူသံများသာ မှန်မှန်ကြီး ထွက်ပေါ်လျက်ရှိနေပေသည်။

အတန်ကြာမှပင် ဒေါက်တာအံ့ထူးက အမိန့်ပေးလိုက်တော့သည်။

"ဖွင့်တော့…တဖြည်းဖြည်းချင်း ဖွင့်နော် သမီး"

မေသန္တာက ခေါင်းညိတ်လျက် သူမမျက်လုံးများကို တဖြည်းဖြည်းအားယူဖွင့်လှစ်လိုက်သည်။

သို့အတွက် ကနဦး၌ စူးရှသော အဖြူရောင်အလင်းကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသည်။ ပြီးမှ အနည်းငယ် ဝေဝါးသွားကာ သင့်တင့်
မျှတသော အနေအထားနှင့် အခန်းတွင်းမှ အသုံးအဆောင်ပစ္စည်း
များကို မြင်လာရသည်။

ထို့နောက် မှန်ရည်သန့်ပြန့်သော ဉပမိရုပ်နှင့် အသက်
ငါးဆယ်ကျော်ခန့် ကျေးဇူးရှင်ဒေါက်တာအုံထွေး ပြီး အထူးကျွမ်း
တင်ထိုက်သူ ဒေါက်တာအုံထွေး၏မိတ်ဆွေ ခါးကုန်းကြီးဦးကောင်း
သီးတို့၏ ရုပ်ရည်သွင်ပြင်များအား ထိကျစွာ မြင်လာရတော့သည်။

"ဘယ်နှယ် သမီး"

"သမီး. . .သမီး. . .သိပ်ကိုဝမ်းသာတာပဲ အန်ကယ်
အခုလေ အရာအားလုံးကို ရှင်းရှင်းလင်းလင်း၊ ကောင်းကောင်း
မှန်မှန် တိတိကျကျဆိုသလို မြင်နေရပြီ။ အဲဒါဟာ အန်ကယ်ရဲ့
ကျေးဇူးတွေပါပဲ"

"အိုး. . .အိုး. . .ဝမ်းသာလွန်းပြီး မျက်ရည်များတော့
မကျပါနဲ့ သမီးရယ်။ မျက်လုံးဒဏ်ရာက ကျက်သေးတာ မဟုတ်
ဘူးကွယ်"

ဦးကောင်းသီးကလည်း ထိုင်ရာမှ ထလျက်. . .

"ဟုတ်တယ် လုလေးစိန်ရေ. . .မင်းအဖေ ပြောသလို



ဂရုစိုက်ကွယ်"

ဝမ်းသာစွာ သတိပေးရာလေ၏။

ထိုနေ့အတွက်ကား ဝမ်းမြောက်ဝမ်းသာခြင်းဟူသမျှမှာ
ထိုသူသုံးယောက်၌သာ စုဝေးနေသည်ဟု ဆိုရပြီမည်သာတည်း။

×××



မိုးဆောင်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၉)

ယမန်နေ့ညက အပျော်ကြီးပျော်ကာ မေသန္တာ တစ်ယောက် အိပ်ပျော်သွားသည့်တိုင် ဒေါက်တာအဲ့ထူးနှင့် ခါးကုန်းကြီးဦးကောင်းသီးတို့ နှစ်ဦးမှာ မအိပ်နိုင်ကြသေးဘဲ မြေတိုက်ခန်းအပြင်သို့ထွက်ကာ ထိုင်ခုံကိုယ်စီနှင့် လရောင်ကို မျှော်ငေးရင်း ယမကာအရက်များကို မှိုင်ဝဲသုံးဆောင်လျက်ရှိနေကြသည်။

"ဟဲ...ဟဲ...ဟဲ...ဦးတောင်းသီးရေ ကျုပ်ဟာ နိုင်ငံခြားပြန်မျက်စိအထူးကု ပါရဂူကြီးတစ်ဦးအနေနဲ့ လူမှာအတော်များများရဲ့ မျက်စိတွေကို စမ်းသပ်ကုသအောင်မြင်ခဲ့ပြီးသားပါလေး။ နို့ပေမယ့် ကျုပ်ရင်ထဲက အစွဲအလမ်းသံယောဇဉ်နဲ့ ချစ်ခင်ရတဲ့ သမီးလေးရဲ့ မျက်လုံးအစုံကို ကုသအောင်မြင်ရာမှာတော့ အထိ



www.burmeseclassic.com

www.burmeseclassic.com



လို ဝမ်းသာခြင်းမျိုးနဲ့ မနိုင်းနိုင်းအောင်ပါပဲဗျာ"

ဦးကောင်းသီးမှာ တစ်ဦးတည်းသော သမီးလေး လှလေးစိန်အပေါ် ချစ်ခင်ရွံ့လမ်းနေရှာသည့် သမီးရှူး ဒေါက်တာအုံ့ထွေးအပေါ် အပြစ်တင်ရမည်ထက် သနားစရာကောင်းလှသည်ဟုသာ မှတ်ချက်ချလျက် ပြုံးရယ်ကာ ခေါင်းညိတ်ထောက်ခံလိုက်လေ၏။

"သောက်ဗျာ ဦးကောင်းသီး။ ဒီညမှ လကလည်း အစွမ်းကုန်သာပေသကိုးဗျ။ နေရတာ သက်တောင့်သက်သာရှိလိုက်တာဗျာ"

"ဒါနဲ့ ကိုအုံ့ထွေး"

"ဗျာ...ဘာများလဲ"

"မိန်းကလေး...အဲ...ခင်ဗျားသမီးလေး လှလေးစိန်ရဲ့ မျက်လုံးတွေဟာ ဝံပုလွေမျက်လုံးတွေဆိုတော့ မှုလသတ္တဝါရဲ့ အမူအကျင့်တွေ မကြာမကြာ ဖင်လာပြီးများ..."

"အု...ဝု...ရှူး"

"ဟိုက်"

ဒါးကုန်းကြီးဦးကောင်းသီး၏စကားမဆုံးမီမှာပင် မြေ





ဆက်ခန်းတံခါး ပွင့်သံ ဂုန်းခနဲ ထွက်ပေါ်လာပြီးသည်နှင့် မရှေ့နောင်းမှာပင် ခြေလေးချောင်းသတ္တဝါကြီးတစ်ကောင်က လွှားခနဲ ခြုံပြင်ပေါ် ခုန်တက်လာကာ စိမ်းဖန့်ဖန့်မျက်လုံးအစုံဖြင့် ဒေါက်တာအုံ့ထွေးနှင့် ဓါးကုန်းကြီးဦးကောင်းသီးတို့ကို စူးစိုက်ကြည့်နေလိုက်သည်။

ပြီး...ပြည့်ပြည့်ဝန်းဝန်းသာနေသည့် ကောင်းကင်မှ လမင်းကြီးကို ဆောင့်ကြောင့်အနေအထား မော့်ကြည့်ကာ ဆွဲဆွဲငင်ငင် အူလိုက်လေတော့၏။

ထိုသတ္တဝါကြီး၏ အူသံကြောင့်ပင်ထင်ရ၏ ရပ်ကွက်အတွင်းမှ ခွေးလေခွေးလွင့်တို့၏ ဟောင်သံ အူသံအချေပြောက်အမြားထွက်ပေါ်လာလျက် မကြာမီမှာပင် ထူးထူးခြားခြား တိတ်ဆိတ်သက်သွားပေတော့သည်။

"ဘုရား...ဘုရား...ဦးကောင်းသီးရေ မှောင်ထဲက သတ္တဝါကြီးက မျက်လုံးစိမ်းကြီးတွေနဲ့ ကျုပ်တို့ကို ကြည့်နေသလို ချက်ပြီးအုပ်တော့မလား မသိဘူး"

ဦးကောင်းသီးလည်း ကြက်သေသေကာ ထိုမျက်လုံးစိမ်းကြီးအား စိုက်ကြည့်လျက်သား တုံ့ဆိုဘာဝေရှိနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ သတ္တဝါကြီးက အမှောင်ထုမှတစ်ဆင့်
လမ်းပေါ်သို့ ခုန်တက်ပြေးသွားကာ တရိပ်ရိပ်အနေအထားဖြင့်
စိန်အားပျောက်ကွယ်သွားပေတော့သည်။

အပြင် "ဟူး"
ချက် "ဟင်း"

ထိုသတ္တဝါကြီး ပျောက်ကွယ်သွားသည်နှင့် ဒေါက်တာ
အံ့ကတွေးလည်း ရုတ်တရက်သတိရလာလျက်...

"ကို...ကိုကောင်းသီးရေ...ဒီသတ္တဝါကြီးဟာ ကျုပ်တို့
မြေအောက်ခန်းက ထွက်လာဗျ။ ဟုတ်တယ် မဟုတ်လား"

ဟု ဒရောသောပါး မေးလိုက်လေ၏။

"ဟာ...ဟုတ်တယ်...ဒါဖြင့်..."

ပြောပြောဆိုဆို နှစ်ဦးသား တိုင်ပင်ထားသကဲ့သို့ နေရာ
မှ ပြိုင်တူလိုလိုထကာ မြေအောက်ခန်းတံခါးပေါက်ဆီမှတစ်ဆင့်
လှေကားထစ်များအတိုင်း ပြေးဆင်းခဲ့၏။

"အလို"

"ဟာဗျာ"

သူတို့နှစ်ဦးစလုံးပင် လူလေးစိန်အိပ်စက်ရာ ခုတင်ဆီသို့





ချမ်းကြည့်လိုက်ကြသည်နှင့် မျက်လုံးများ ပြူးကျယ်ကာ
အာမေဋိတ်သံကိုယ်စီ ထွက်သည်အထိ အံ့ဩသွားကြရတော့
သည်။

အကြောင်းသော်ကား...

ခပ်စောစောက လူလေးစိန်တစ်ယောက် အိပ်စက်လျက်
သားရှိပါလျက် ယခုအခါ အစအနမျှ မမြင်ရအောင် ၎င်းဝ ပျောက်
ကွယ်နေခြင်းကြောင့်ပင် ဖြစ်လေတော့၏။

"မီးတွေ ဖွင့်။ ဦးကောင်းသီးရေ စတွန်းကင်းမီးအိမ်ကို
လည်း ထွန်းညှိလိုက်ပါဦးဗျာ"

"အင်း...အင်း"

သို့အတွက် ဒေါက်တာအံ့ထူးက မီးသီးနှင့် ဓာတ်မီးခွက်
ခလုတ်များကို ဖွင့်လိုက်သကဲ့သို့ ဦးကောင်းသီးကလည်း စတွန်း
ကင်းမီးအိမ်ကို ထွန်းညှိလိုက်သည်။

တစ်ခန်းလုံးလင်းချင်းသွားသောအခါ နှစ်ယောက်သား
ချောင်ကြိုချောင်ကြားမကျန် လူလေးစိန်ကို ရှာဖွေကြသည်။
သို့သော် လူလေးစိန်ကား အစအနမျှမမြင်ရအောင် ထူးထူးဆန်း
ဆန်း ပျောက်ကွယ်လျက်ရှိနေပြီဖြစ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာကြည့်လိုက်စမ်း ကိုအံ့ထူး"

ဦးကောင်းသီးက လှုလေးစိန်အိပ်စက်ခဲ့ရာ အိပ်ရာဆီသို့

အလန့်တကြား လက်ညှိုးထိုးပြလိုက်သည်။

မြင်ရသည်ကား သတ္တဝါတစ်ကောင် စိတ်ဆိုးမာန်ဆိုး

ကုတ်ခြစ်ထားသကဲ့သို့ အိပ်ရာခင်းဖြူဖြူမှာ စုတ်ပြတ်လျ

ရှိသည့်အဖြစ်ပင်တည်း။

"အို • • • သမီးလေးရယ် • • • ဖြစ်မှဖြစ်ရပလေ။ ဒက်

မှားပြီ။ မှားသွားပြီ။ မင်းကို မျက်လုံးအစာထိုးကုသပေးမိတ

ဒက်ဒီမှာသွားပြီကွာ • • • အီး • • • ဟီး • • • ဟီး"

ရုတ်တရက်ပင် ဖြစ်စဉ်များကို တွေးမိသွားကာ ဒေါက်တာ

အံ့ထူးမှာ အထက်ပါအတိုင်း မချိတင်ကဲရေရွတ်လျက် လက်

ဖက်နှင့် မျက်နှာအုပ်ပြီးနောက် ချုံးပွဲချငိုကြွေးရှာလေတော့၏။

ဦးကောင်းသီးမှာလည်း ငုင်းအ်ပယောဂမကင်းသလို ဖြ

နေရကား ဒေါက်တာအံ့ထူးတစ်ယောက် ပူဆွေးငိုကြွေးနေသ

အား ငူငူငိုင်ငိုင်နှင့်သာ ကြည့်နေမိရှာတော့သည်။

ပြီးမှ ငိုကြွေးခြင်းကို ရပ်လျက် ဒေါက်တာအံ့ထူးသည

ဖန်သေတ္တာအတွင်း၌ ဆေးရည်စိမ်ထားသည့် ဝံပုလွေကောင်

ခွှာကိုယ်ကြီးကို ခပ်စိမ်းစိမ်းကြည့်လိုက်၏။

နောက် • • • အံ့ဆွဲထဲမှ သေနတ်ကိုထုတ်ကာ ဆင့်၍

ဆင့်၍ ပစ်ချလိုက်လေတော့၏။

"ဒိုင်း"

"ဒိုင်း"

×××



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၀)

"ဟော့…အေးချစ်…အေးချစ်"

"ရှင်…ကိုကျွားရိုး လာပါပြီရှင်။ ဒီမှာ ကုန်စိမ်းတွေ ရေတောက်ပေးနေလို့ပါ"

"ဘာ…လာဆို လာစမ်း"

"ဟုတ်…ဟုတ်ကဲ့ရှင့်"

ဒေါ်အေးချစ်ခမျာ ရေစိုအဝတ်တစ်ပိုင်းတစ်စနှင့် ဝရန်တာ၌ အရက်ပုလင်းထောင်သောက်နေသော ဦးကျွားရိုးဆံ အမြေးအလွှား ရောက်လာခဲ့ရသည်။

"ဘာ…ဘာများပါလိမ့် ကိုကျွားရိုးရယ်"

"တောက်…ဒီမှာ မြည်းလို့ကောင်းတုန်း အမဲခြော



www.burmeseclassic.com

www.burmeseclassic.com



ကုန်သွားတာကို နင် မသိဘူးလား…ကဲဟာ"

"ဖြန်း"

"အမလေးတော့"

ပြောပြောဆိုဆို လက်ကြမ်းကြီးနှင့် လျှပ်တစ်ပြက် ရိုက်နက်လိုက်သောကြောင့် မအေးချစ်မှာ လေ့ကားအောက်အဆင်းတွင် ပုံလျက်သား လဲကျသွားရရှာသည်။

ပြီးမှ သူမက လူးလဲထကာ…

"ကျွန်မ…ကျွန်မ နေထိလို့နွမ်းနေတဲ့ ကုန်စိမ်းတွေ လန်းအောင်ရေတောက်နေတာပါရှင်။ အမဲကြော်လိုရင် ထည့်ပေးပါ့မယ်"

ဟု အားယူကာ ပြောလိုက်သည်။

"ကြည့်…ဒါတောင် ပြောနေသေးတယ်။ အမြန်ထပြီး မီးဖိုချောင်မှာ အမဲကြော် အမြန်သွားထည့်ခဲ့စမ်း"

"ဟုတ်…ဟုတ်ကဲ့"

နာကျင်မှုများကို ဖယ်ထားကာ မအေးချစ်တစ်ယောက် မီးဖိုချောင်သို့ ပြေးဝင်ကာ ဒယ်အိုးတွင်းမှ အမဲကြော်အကုန်လုံးကို ပန်းကန်ပြားတစ်ချက်တွင် ထည့်၍ယူလာခဲ့ပေးသည်။





"ဒီမှာပါရှင်"

"ဟာ…များလှချည်လား"

"ကျွန်မ…အကုန်ထည့်ယူလာတာပါ"

"အောင်မာ…ငါ့ကို အရွဲ့တိုက်ပြီး အကုန်ထည့်လာတာပေါ့လေ။ ကိုင်း…ဒါလောက်ဖြစ်လှတာ"

"ဖျန်း"

"အံမာလေးတော့"

"အုံး"

"ဂွမ်း"

ပြီးလျှင်ကား ကိုကျားရိုးမှာ မအေးချစ်၏ရှည်လျားသောဆံကေသာများကို ဆုပ်ဆွဲလျက် စိတ်ရှိလက်ရှိ ကြမ်းကြမ်းရမ်းရမ်း ရိုက်ပုတ်ညှဉ်းဆဲသမှု ပြုလေတော့၏။

ထို့ကြောင့်လည်း ဝရန်တာအနီး စင်ကလေးပေါ်တွင် ရှိသည့် ရေအိုးနှင့် ပစ္စည်းပစ္စယများ ကျကွဲသံ၊ လူးလိမ့်ရုန်းကန်အော်ဟစ်သံများသည် စီစီညံညံထွက်ပေါ်လျက် ရှိနေပေတော့၏။

ဦးကျားရိုး ဒေါ်အေးချစ်တို့၏ ဤပုံစံအတိုင်း ထထရ ဖြစ်ပျက်နေမှုအပေါ် လမ်းသူလမ်းသားနှင့် ဒိုင်ဖိန်းနားချင်းကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ဥပက္ခာပြုထားကြပြီးဖြစ်သဖြင့် လာရောက်ပြန်ဖြေရန် စဉ်းမျှပင် စိတ်မကူးကြပေ။

တစ်ဖန် ကြမ်းတမ်းရိုင်းစိုင်းလွန်းလှသော ဦးကျားရိုး လည်း မည်သူမျှပင် မျက်နှာချင်းမဆိုင်လိုကြပေ။

အထူးသဖြင့် လမ်းထိပ်တည့်တည့်မှအိမ်ဖြစ်သောကြော အခြားအိမ်များနှင့် ဝေးလွန်းလှရကား ဦးကျားရိုးမှာ စိတ်ရှိလက် သောင်းကျန်းချင်တိုင်း သောင်းကျန်းနေပေတော့သည်။

"တောက်…ခွေးမ…ဒီည အော်ဒါမှာထားတဲ့ခရီးသည် ရှိလို့ပေါ့။ နို့မို့…ငါးဖယ်ဖြစ်အောင် ကိစွတုံးအောင် တော လိုက်မယ်။ ကျားရိုးတဲ့ကွ…ဟင်း"

လက်သီးလက်မောင်းတန်းကာ စိတ်ဆိုးမာန်ဆိုး ကြုံး ပြီးနောက် ဦးကျားရိုးက အိမ်ခြေရင်း၌ ရပ်ထားသည့် ဆိုက္ကား ရှိရာသို့ ထွက်သွားရ… …ကျင်မှုအပေါင်းသရုပ္ပဆောင်းရသည် မငွေအားချစ်ခမျာ… …ကို ခပ်ယုံ့ယုံ့သော ရှုရှိုက်လိုက်မိပေ၏

…ဆဲနေ… ချက်မှ ကြည့်လိုက်သောအခါ လမ်းဓာတ်မီး ရောင်အောက်၌ ဆိုက္ကားနင်းထွက်သွားသော ဦးကျားရိုး၏ အရိပ် သဏ္ဍာန်ကို မအေးချစ် လှမ်းမြင်လိုက်ရပေသည်။





"အား…ကျွတ်…ကျွတ်…နာလိုက်တာ…နာလိုက် တာ။ အံမာလေး…သမီးလေးနဲ့လည်း ရှင်ကွဲကွဲ၊ နေဝဉ်နဲ့အမျှ အထုအထောင်းအနှိပ်စက် အညှဉ်းပန်းခံနဲ့ ကျွန်မဘဝကိုကြည့် မနေပါနဲ့၊ အမြန်သာ သေရွာကို ခေါ်လိုက်ပါတော့…ဟင့်… အဟီး…ဟီး…ဟင့်…ဟင့်"

မအေးချစ်မှာ မရိုတဝ်ကဲ့ပြီးတွားရှေ့တ်ရင်း ခန္ဓာကိုယ် တစ်ခုလုံး မွမွကြေမတတ် နာကျင်မှုဒဏ်၊ စိတ်နှလုံးညှိုးငယ်မှုတို့ ကြောင့် လဲကျနေရာမှ ချက်ချင်းလို သတိလစ်မေ့မြောသွားရှာ ပေတော့၏။

ယင်းသို့ မအေးချစ်တစ်ယောက် သတိလစ်မေ့မြော သွားစဉ် မည်သည့်အရပ်မှ ရောက်ရှိပျံသန်းလာမှန်း မသိသည့် အဝါရောင် လိပ်ပြာကြီးတစ်ကောင် ရောက်လာကာ မအေးချစ် ၏ခန္ဓာကိုယ်အား အတန်ကြာမျှဝဲလည်လှည့်ပတ်ပျံသန်းနေပေ ၏။

ပြီး မအေးချစ်၏ နဖူးပေါ်တွင် ထူးထူးဆန်းဆန်းပင် နား လိုက်လေတော့၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၁)

ဦးကျားရိုး၏ဆိုက္ကားသည် ဗလန်းလမ်းအတိုင်း မောင်းလာကာ မကြာမီ လမ်းဘေးတစ်နေရာရှိ မီးရောင်အသင့်အတင့်ထင်းနေသော အဖောင်၏တရုတ်ဆိုင်ကလေးရှေ့တွင် ရပ်လိုက်လေ၏။

"ဒေါက်...ဒေါက်"

တံခါးပျဉ်ချပ်ကို ခေါက်လိုက်သည်တွင် အတွင်းဘက်မှ အဖောင်၏မေးသံ ကြားလိုက်ရသည်။

"ဘယ်သူလဲဟေ့"

"ကျားရိုးကွ"

"အို...ဆရာကြီးပါလား။ ခီနေ့ နောက်ကျလှချည်လား"



www.burmeseclassic.com

www.burmeseclassic.com



အခု ည ဆယ့်နှစ်နာရီတောင် ကျော်နေပြီလေ"

အဖောင်ဟပေးသည့် ဖျဉ်ချပ်မှ တိုးဝင်လာရင်း ဦးကျား ရိုးက ပြောလိုက်သည်။

"အေး...ငါ...အော်ဒါအနေနဲ့ ခရီးသည်နှစ်ယောက် ကို မအှုကုန်းဘက်လိုက်ပို့နေရလို့ကွာ"

"တစ်ပိုင်းပဲနော်"

"အေး"

ထို့နောက် အဖောင်ချပေးသည့် အရက်တစ်ပိုင်းကို အခွ တွင် ထိုင်ပင်မထိုင်တော့ဘဲ ပုလင်းလိုက်မော့ကာ သောက်နေ လိုက်သည်။

"ဗွီး"

ပြီးမှ ရေတစ်ခွက် ခပ်သောက်လျက် အဖောင်ချပေ သည့် ပဲကြမ်းတစ်ဆုပ်ကို ပါးစပ်အတွင်း ပစ်သွင်းကာ ကျခင့် ငွေကို စားပွဲပေါ် ချပေးလိုက်သည်။

"သွားမယ်ကွာ အဖောင်"

"ဟုတ်...ဟုတ်...လှသွားရင် ဝလည်း ဆိုင်မိတ်တော မယ်ဗျာ"





သူ့ ဆိုက္ကားကို နင်းထွက်လာစဉ် အဖောင်၏ဆိုင်တံခါး ပိတ်သံကို ကြားလိုက်ရသည်။

"အင်း...အိမ်ပြန်တာထက်စာရင် တစ်ညလုံး ဆိုက္ကား နင်းပြီး အရက်သောက်နေတာမှ ဟန်ကျဦးမယ်။ ရှေ့လမ်း (ယခု ယောမင်းကြီးလမ်း)ဂိတ်မှာဆိုရင် မီးရထားဘူတာက ခရီးသည် အချို့ကို ရနိုင်တယ်။ ဒါမှမဟုတ် ချစ်တီးတို့လှုစုနဲ့ ကျားထိုးပြီး အပျင်းဖြေနိုင်တယ်။ ဟုတ်တယ်...အဲဒီကို နင်းမှ"

အတွေးဖြင့် ဦးကျားရိုးက ကန်တော်ကြီးပတ်လမ်းအတိုင်း လေညှင်းခံရင်း ဆိုက္ကားကို ခပ်ဖြည်းဖြည်းမှန်မှန် နင်းလာခဲ့သည်။

"အား...ကန်တောကြီးက ဖြတ်တိုက်လာတဲ့လေ ကလေးဟာ အေးမြပြီး အရသာရှိလိုက်တာ"

ယင်ရွှေရည်၏ယစ်မူးမှုးအရသာပေါ်တွင် လေညှင်းသွဲ့သွဲ့ ၏ အရသာက ပေါင်းစပ်လိုက်သဖြင့် ဦးကျားရိုးတစ်ယောက် သဘောကျကာ နှုတ်မှပင် မြည်တမ်းရေရွတ်လိုက်မိ၏။

ထိုခဏ၌ ရေခွပ်လှမ်းလှမ်း ပလက်ဖောင်းပေါ်၌ အဝါ ရောင်လူရိပ်တစ်ခုကို မြင်လိုက်ရသဖြင့် ရိုဝေနေသော သူ့မျက်လုံး များကို အထူးအာရုံပြုကာ ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အားပါးပါး…တယ်နိုင်တဲ့ မဒီလေးပဲ။ ငယ်လည်း
ငယ်၊ ကိုယ်ခန္ဓာအချိုးအဆစ်ကလည်း ပြေ၊ ကေ့န္တ အထည်ကြီး
ပျက်၊ ဒါမှမဟုတ် ပါတီပွဲတစ်ခုခုက ထွက်လာတဲ့ ညဉ့်ငှက်မလေး
ဖြစ်မယ်"

အဝါရောင်ဝတ်စုံနှင့် အမျိုးသမီးချောက သူဆိုက္ကား
မတွေ့ပြန်နှင့် ပလက်ဖောင်းဘေးမှ လှုပ်လီလှုပ်လဲ့ လျှောက်ရင်း
မလင်းတလင်း လမ်းဓာတ်မီးတိုင်အောက်၌ ရပ်နေလိုက်သည်။

"ဂလင်…ဂလင်"

"ဂလင်"

ဦးကျားရိုးက ဤကဲ့သို့သော အတွေးအကြံ့မျိုး ရှိနေသူ
ပီပီ ဆိုက်ကားဘဲလ်သံပေးလိုက်သည်။

ပြီး…ချက်ချင်းလိုပင် ရပ်နေသော အမျိုးသမီးလေးအနီး
ဆိုက္ကားကို ကျင်လည်စွာ တိခနဲထိုးရပ်လိုက်၏။

"ဘယ်သွားမလဲ။ တက်လေ ညီမလေး"

"ရှင်"

သူမက မော်ကြည့်လိုက်၏။ ထိုအခါ ဦးကျားရိုးမှာ
ကျင်စက်နှင့် အတို့ခံလိုက်ရသူပမာ တစ်ကိုယ်လုံး ဆတ်ခနဲ





တုန်ကာ ပါးစပ်မှလည်း တအံ့တဩရေရွတ်လိုက်တော့၏။

"ဟင်…မင်း…မင်း…မေသန္တာ မဟုတ်လား"

အဝါရောင်ဝတ်စုံနှင့် မိန်းမပျိုခပ်လှလှပြုံးကာ…

"ရှင် ဘာလာကြောင်နေတာလဲ။ ကျွန်မနာမည် လှလေး
မိန်း။ ဖိုးစိန်လမ်းက သူဌေးကြီးရဲ့ တစ်ဦးတည်းသော သမီးရှင်"

"အန်"

မိန်းမလှလေးက အချက်ကျကျ ပြောလိုက်သောကြောင့်
ဦးကျားရိုးတစ်ယောက် ဘာပြန်ပြောရမှန်းမသိအောင် ကြောင်သွား
ရ၏။

ပြီးမှ သူက သွားဖြဲလျက်…

"သြော်…သိတဲ့မိန်းကလေးတစ်ယောက်နဲ့ ချွတ်စွပ်
တူလို့ ပြောမိတာပါ။ လာလေ…ဘယ်ကိုပို့ပေးရမလဲ"

ဟု ကျွမ်းမပျက်စေဘဲ မေးလိုက်၏။

"ပြောပြီးပြီကော ဖိုးစိန်လမ်းဆိုတာလေ"

"သြော်…သြော်…ရပါတယ်။ ပို့ပေးမှာပေါ့။ ကဲ…
တက်…တက်"

မိန်းမပျိုက ဆိုက္ကားရှေ့ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နူညက်သော အသားအရေနှင့်လိုက်ဖက်စွာ ဝတ်ဆင်ထားသည့် အဝါရောင်ဝတ်စုံကြောင့် လှချင်တိုင်း လှနေသည်ဟု ဦးကျားရိုး စိတ်ထဲမှ မှတ်ချက်ချလိုက်မိ၏။

ထို့ကြောင့် သူက ဆိုက္ကားကိုပြန်လှည့်ကာ ဖိုးစိန်လမ်း ဘက်သို့ ဦးတည်နင်းလာခဲ့ရင်း စကားစလိုက်သည်။

"အချိန်မတော်ကြီးမှာ မင်းအနေနဲ့ ဘယ်ကပြန်လာတာ လဲ မိန်းကလေးရဲ့"

"ဟိုကပါ"

"ဘာ"

သူမ လက်ညှိုးထိုးပြလိုက်သည့်နေရာမှာ အင်္ဂလိပ်သချိုင်း ကြီးဆီသို့ဖြစ်ရာ ဦးကျားရိုးတစ်ယောက် အထူးထိတ်လန့်အံ့ဩ သွားရသည်။

မိန်းမပျိုက ဆည်းလည်းသံလေးနှင့် ရယ်မောလိုက်သည်။

"ခစ်…ခစ်…ခစ်…ခစ်"

ဆိုက္ကားကို အားစိုက်နင်းရင်း ဦးကျားရိုးက မေးလိုက်သည်။

"မင်း…ဘာဖြစ်နေတာလဲဟင်"

"ဩော်…ပါတီပွဲမှာတွေ့ကြုံရတဲ့ကိစ္စလေးတွေ ဖျော





ပြီး ရယ်ချင်လာလို့ပါရှင်"

ဆိုက္ကားက အင်္ဂလိပ်သချိုင်းအနီးမှ ကွေ့ပတ်ကာ ဗဟန်း ဘက်သို့ ဦးတည်လျက်ရှိသည်။

မိုးသက်လေများက ကန်တော်ကြီးမှ ဖြတ်တိုက်လာရာ အအေးဓာတ်က ပိုကဲလာ၏။

"မိန်းကလေး"

"ရှင်"

"ဖိုးစိန်လမ်းက ဝေးသေးတယ်။ မိုးသက်လေတွေ တိုက် လာပြီဆိုတော့ ခဏနေရင် မိုးရွာတော့မယ်လေ"

"ဒီတော့က ဘာဖြစ်သလဲ ဆရာကြီးရဲ့"

"ကျုပ်တို့ သစ်ပင်တစ်ပင်အောက်မှာ ခဏနားပြီး အခြေ အနေကြည့်ပြီးမှ သွားကြတာပေါ့"

"အဲဒီအကြံကောင်းသားပဲရှင့်"

မိန်းမပျို၏ တုံ့ပြန်စကားကြောင့် ဦးကျားရိုးရင်ထဲ၌ ဟိုက် ခနဲ ဖိုလှိုက်ကာ မုံတီးသွားရတော့၏။

သို့အတွက် သူက ပလက်ဖောင်းဘေးလမ်းမှာကလေးမှ သစ်ရိပ်များရှိရာသို့ ဆိုက္ကားကို ဖျတ်ဖျတ်လတ်လတ် နင်းတွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ဆိုက္ကားက အမှောင်ရိပ်သို့ တိုးဝင်လိုက်သည့်ခဏ ထုံးဆန်းသော ရယ်မောသံကြီးကို မိန်းမပျိုထံမှ ကြားလိုက်ရသကဲ့သို့ ခပ်စောစောက သူမကိုယ်မှ လွင့်ပျံ့လာသော မွှေးရနံ့များမှာလည်း အပုတ်နံ့ဖြစ်လာသည်ကို ဦးကျားရိုး တစ်ပြိုင်နက်လိုလို ခံစားမိလိုက်ရသည်။

"အီး...ဟီး...ဟီး"

"အဟီး...ဟီး...ဟီး"

ထို့ကြောင့် ဦးကျားရိုးက ဆိုက္ကားကို ဘရိတ်အုပ်၍ ရပ်တန့်လိုက်သည်။

ပြီး နံဘေးထိုင်ခုံမှ မိန်းကလေးမျက်နှာကို သေသေချာချာ ငုံ့ကြည့်လိုက်၏။

"အံမာလေး...ဗျှို့"

အသည်းအသန်အော်ဟစ်သံကြီး ထွက်ပေါ်လာကာ ဆိုက္ကားနှင့်အတူ တစောင်းလဲကျသွားတော့၏။

ထိုနေရာတစ်ဝိုက် လေညှင်းက တသုန်သုန်တိုက်ခတ်လျက်...



# အခန်း (၂၂)

"နောင်...ဝေ...ဝေ"

"နောင်...ဝေ...ဝေ"

ကြံတောသချိုင်းကြီးအတွင်းသို့ အသုဘတစ်ခု လာချသည့် သာမန်မြင်ကွင်းဖြစ်ရာ အခံရှေ့မှ ကြေးစည်တီးသူ၊ ခေါင်းထမ်းသူများနှင့် ရပ်သူရွာသား လိုက်ပို့ကြသူများကို အစဉ်အတိုင်း တွေ့ရမည်ဖြစ်ပေသည်။

ထူးခြားသည်ကား သချိုင်းဇရပ်ကြီးအနီး ကုက္ကိုပင်အောက်၌ အဝါရောင်ဝတ်စုံဝတ်ဆင်ထားသည့် မိန်းမပျိုတစ်ဦးရှိနေကာ သူမမျက်နှာမှာ လူတစ်စု သယ်လာသော ခေါင်းတလားကို ကြည့်လျက် မျက်ရည်တတွေတွေစီးကျနေခြင်းပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခြော် . . . အမေ . . . အမေ . . . ချစ်တဲ့သမီးလေ
လည်း စွန့်ပစ်ရ၊ နေ့တရွေ့ နှိပ်စက်ညှင်းပန်းခံနေရတော့ မ
ဘဲရှိပြီမလား၊ အမေရယ်၊

သူမက တတွတ်တွတ်ရေရွတ်ကာ အလောင်း
လျက်ရှိရာသို့ လှမ်းကြည့်ကာ သစ်ပင်ကြီးကို ကျောမှီရပ်တန့်
၏။

အတန်ကြာလျှင် ကိစ္စအားလုံးပြီးစီးပြီ ဖြစ်သ
အသုဘပို့သူများ အလျှိုလျှို ထိုသကဲ့သို့ သချိုင်းအတွင်း
ပြန်လည် ထွက်ခွာသွားကြသည်တွင် အဝါရောင် ဝတ်စုံ
မိန်းမလှလေးသည် ထိုသချိုင်းမြေပုံအသစ်စက်စက်ဆီသို့ သူ
ကာ ပုဆစ်ဒူးတုပ်ထိုင်လျက် ဦးချကန်တော့နေတော့၏။

သူမ၏နှုတ်မှလည်း ဤသို့ ရေရွတ်နေ၏။

"အမေ . . . သမီးအနေနဲ့ မိုက်မှားခဲ့တာများရှိ
ခွင့်လွှတ်ပါ အမေ၊ အမေ့အတွက် သမီး ကလဲ့စားချေချိန်
အမေ တမလွန်ကို ကူးပြောင်းချိန်ဆိုတာနဲ့ တိုက်ဆိုင်
ကြောင်း သမီးသိနေပါတယ်၊ ဘာပဲဖြစ်ဖြစ် အမေနဲ့ သမီး
ရန်သူကို သုတ်သင်လိုက်နိုင်ခြင်းအတွက်တော့ တမလွန်က





တစ်ယောက် ဝမ်းသာနိုင်လိမ့်မယ်လို့ သမီး ယူဆမိပါ
ယ်"

မအေးချစ်

အသက် (၄၅) နှစ်

အထက်ပါအမည်စာတန်းရေးထိုးထားသော မှတ်တိုင်
မြေပုံအသစ်ကလေးကား မိန်းမပျိုလေး ပြောသည်ကို
ကြားယာန်ထင်၊ ငြိမ်သက်လျက်သာ ရှိနေရှာသည်။

"သမီးမှာ ဆပ်စရာအကြွေးတွေ အများကြီးရှိနေသေး
လို့ ခွင့်လွှတ်ပါ အမေရယ်နော်၊ သမီး ဦးချကန်တော့ခဲ့ပါ
ယ်"

သူမက ဤသို့ဆိုကာ မျက်ရည်စများကို ခါးကြားမှ
တ်တိုင်ပုဝါလေးထုတ်ကာ သုတ်လိုက်ပြီးနောက် နေရာမှ ထ
တ်သည်။

"ဥဩ...ဥဩ"

"ဥဩ"

ထိုအခိုက် ကုက္ကိုပင်ကြီးထက်မှ ဥဩငှက်တစ်ကောင်
လွမ်းလွမ်းဆွေးဆွေး တွန်ကြူးလိုက်သကဲ့သို့ အတန်အ



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသည့် လိပ်ပြာအဝါရောင်ကြီးတစ်ကောင်ကလည်း မြေပုံအသစ်ပေါ်ဖြ ခေါက်တုံ့ လူးလာဝဲပျံပြီးနောက် နိုနားလိုး လေ၏။

ပြီးလျှင် ရုက်ချင်းလိုလို ပျံသန်းကာ ဇရပ်ကြီးပေါ် ဖြတ်သန်းကာ ပျံထွက်ပျောက်ကွယ်သွားပေတော့သည်။

ဝိန်းမပိုကြ မျက်စိတဆုံးကြည့်နေပြီးနောက် ရှေ့ လှည့်ကာ ကြံတော်သင်္ချိုင်းကြီးအတွင်းမှ ထွက်ခွာ ကျွန်းတောလမ်းအတိုင်း လျှောက်လာခဲ့၏။

"အင်း... ဆာလိုက်တာ တစ်ခုခုစားမှ"

သို့နှင့် အတန်အသင့် စည်ကားသော မြန်မာထမင်း တစ်ဆိုင်သို့ ဝင်ရောက်ကာ ငါးမြင်းဟင်းတစ်ပွဲမှာလျက် သောက်လိုက်သည်။

"မနေ့ညက ကန်တော်ကြီးစောင်းမှာ ဆိုဖွားအ တစ်ယောက် ရုပ်ပျက်ဆင်းပျက်သေနေတာကို တွေ့ရတဲ့ ရောင်ပုလိပ်တွေတောင် မကြည့်ရဲအောင် တော်တော်ကြေ လန့်နေတယ်ဆိုပဲဗျာ"

"ဟာ... သေတာများ ဘာမကြည့်ရဲစရာရှိလို့လဲ





က ရန်ကုန်ဆေးရုံကြီးနားက ရပ်ကွက်မှာနေတာဆိုတော့ အလောင်းအမျိုးမျိုး တွေ့ဖူးတာမို့ ရိုးနေပါပြီဗျာ... ဟဲ,..ဟဲ... ဟဲ"

သူမနှင့် မလှမ်းမကမ်းစားပွဲမှ တားသောက်နေသူ နှစ် ယောက်ပြောစကားကို သူမ မသိမသာကြားနေရ၏။

ရင်းတို့ဆက်ပြောနေကြပြန်သည်။

"ဟာ . . . ခင်ဗျား အပြောမကြီးနဲ့ဗျ။ သေသူဟာ သေနတ်အဏ်ရာ၊ ဓားအဏ်ရာကြောင့် သေတာမျိုး မဟုတ်ဘူး တဲ့"

"ဘာ... ဘယ်လိုသေတာလဲဗျ"

"တကာယ်ကိုကြောက်စရာ လန့်စရာတစ်ခုခုကို တွေ့ရပုံ မျိုး မျက်လုံးတွေဟာ ပြူးကျယ်ထွက်ကျမတတ် ဖြစ်နေသလို မျက်နှာရော၊ ခန္ဓာကိုယ်မှာပါ သတ္တဝါတစ်ကောင်တောင် ကိုက်ခဲ့ ကုတ်ခြစ်ထားတဲ့ လက်ရာနဲ့ အသားမျှင်၊ အသားစ၊ သွေးစီး ကြောင်းတွေဟာ မြင်လို့တောင် မကောင်းဘူးဆိုပဲဗျ"

"ဟာ... ဒီလိုကိုး"

ထိုသူနှစ်ယောက် စကား ပြတ်သွားကာ အစား အ



www.burmeseclassic.com

www.burmeseclassic.com



သောက်များကို ဆက်လက်စားသောက်နေကြရာ မိန်းမပျို လည်းကျသင့်ငွေကို ရှင်းလျက် မြင်းရထားတစ်စီးကို လက်တား လိုက်၏။

ပြီးလျှင် ရွှေတိဂုံစေတီတော်ကြီးဘက်သို့ မောင်းနှင်စေ လိုက်သည်။

ရွှေတိဂုံစေတီတော်သို့ရောက်သောအခါ သူမသည် ရှင်စောပုတန်ဆောင်းအတွင်းသို့ ဝင်၍ ဘုရားဝတ်ပြု၏။

ထို့နောက် တစ်နေ့လုံးလိုလိုပင် မေတ္တာဘာဝနာပွား များကာ ပုတီးစိပ်နေပြီးနောက် အမှောင်ထုတို့ စိုးမိုးစပြုချိန်ကျမှ ပင် ဘုရားပေါ်မှ ဆင်းခဲ့လေ၏။

× × ×





## အခန်း (၂၃)

"အေးဗျာ . . . ဘာကြောင့်မှန်းမသိဘူး။ ဒီည သိပ်ကို ရက်သောက်လို့ကောင်းသဗျာ။ ထပ်ထည့်စမ်းပါဦးဗျ ဦးတိုင်းတုံး ရဲ့"

"ဟုတ် . . . ဟုတ်ကဲ့ . . . သူဌေးကြီး။ ဒီညမှာ သူဌေးကြီး ရက်သောက်တာ တော်တော်များနေပါပြီ။ တစ်ဆိတ်လျှော့ပါဦး ဗျာ"

ထိုမှတ်ချက်ပေါ်ကြီး စကားကြောင့် သူဌေးကြီးဦးပံသုမျက်နှာ တော်ပျံနပ်မှုဖြစ်သွားသည်။

"ကျုပ်က ထည့်ဆိုတည့်စမ်းပါဗျာ။ လောကကြီးမှာ ဒီ ထိုင်ချိန်သမျှ လုပ်နိုင်ဖို့ဆိုတာ လွယ်တာ မဟုတ်ဘူးဗျာ။ ငွေ



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့အခါ ပျော်မယ်။ မော်ချင်တဲ့အခါ မော်တယ်။ အဲ…သော
ချင်တဲ့အခါမှာလည်း သောက်မယ်ပေါ့ဗျာ…ဟဲ…ဟဲ…
အော့"

သို့အတွက် ၎င်း၏မိတ်ဆွေဖြစ်ဟန်တူသူ ပုဂ္ဂိုလ်ကြီး
မပြောတော့ပေ။ ဖန်ခွက်ထဲသို့ ပျားအုံတံဆိပ်ဘရန်ဒီများကို
ခပ်သွက်သွက် ငှဲ့ထည့်ပေးလိုက်လေ၏။

သူဌေးကြီးဦးပုသည် အရက်နှင့်အချည်များကို သော
တကြီး သောက်စားရင်းမှ အလုပအကြောင်းကို ပြောနေသည်

"ခင်ဗျားရဲ့လိုင်စင်ကိစ္စအတွက် ဘာမှ ပူမနေနဲ့။ အခ
အစိုးရရဲ့ အတွင်းဝန် ——— ဟာ ကျုပ်လူပါဗျ။ ကျုပ်လူလို့
မှတ်လိုက်ပါ။ တစ်ပတ်အတွင်း ခင်ဗျားရဲ့လိုင်စင်ကျရစေ့
ဦးတိုင်းဝင်း"

"စိတ်ချပါတယ် သူဌေးကြီးရယ်။ ဒီအတွက် ကျေ
စကားဆိုပါရစေဗျာ"

"ဟဲ…ဟဲ…ဟဲ…မလိုပါဘူးဗျာ။ ဒါတွေက ကျ
လုပ်နေကျ အလွယ်တကူအလုပ်တွေပါ"

ထို့နောက် ဆက်လက်၍ သူတို့သောက်စားကြပြီး





နာရီကြည့်မိသောအခါ ညဆယ့်နှစ်နာရီကျော်ပြီဖြစ်ကြောင်း သတိ
ပြုမိကြတော့သည်။

ထို့ကြောင့် ဦးတိုင်းဝင်းဆိုသူ ပုဂ္ဂိုလ်ကြီးက စထရင်း
ဟော်တယ်အမှုထမ်းတစ်ဦးအား လက်ပြခေါ်ကာ ကျသင့်ငွေ
အတော်များများကို ရှင်းပေးလိုက်၏။

ပြီးလျှင် စထရင်းဟော်တယ်အပေါ်ထပ်မှ နှစ်ဦးသား
ဒယီးဒယိုင်နှင့် သိုင်းကွက်နင်းကာ ဆင်းလာခဲ့ကြတော့သည်။

ဟော်တယ်ရှေ့ ကားရပ်နားရာဆီသို့ လျှောက်သွားကြစဉ်
ဦးတိုင်းဝင်းက ပြောသည်။

"သူဌေးကြီးခင်ဗျာ ကျွန်တော့်မှာ ဒရိုင်ဘာပါလေတော့
ကျွန်တော့်ကားနဲ့ သူဌေးကြီးအိမ်ကို လိုက်ပို့ပေးပါရစေလား။
သူဌေးကြီးကားကို ကျွန်တော် ဟော်တယ်ဝန်ထမ်းတွေဆီမှာ
အပ်ထားပေးခဲ့ပါ့မယ်"

"အိုး…နိုး…နိုး…ဟဲ…ဟဲ…ဟဲ…မစိုးရိမ်ပါနဲ့ဗျာ။ လူမူးပေမယ့် ဘယ်တော့မှ ကားမမူးစေရဘူး။ စိတ်ချ
စိတ်ချ…ဂွတ်နိုက်"

ပြောပြောဆိုဆို သူ့ကားဆီ အားပြုလျှောက်သွားသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဦးတိုင်းဝင်းမှာ ဆက်လက်မပြောသာတော့ပေ။

ထို့ကြောင့်လည်း စထရင်းဟော်တယ်ရှေ့မှ မိမတို့ကား များအား ကိုယ်စီမောင်းကာ လမ်းခွဲထွက်လာခဲ့ကြသည်။

သူဌေးကြီးဦးပံသုက ညည့်နက်နေပြီဖြစ်၍ ရှင်းလင်းသော လမ်းအတိုင်း ကားကို ဂရုတစိုက်မောင်းနှင်လာခဲ့သည်။

ဘုရားလမ်းအတိုင်း မောင်းခဲ့သော ကားကလေးမှာ တဖြည်းဖြည်း ဂျူဗလီဟောလ်အနီးသို့ ရောက်လာခဲ့၏။

ဤတွင် ကားမောင်းနေသော မိမိပခုံးပေါ်သို့ ဖြူဖွေးသော လက်တစ်ဖက် ညင်သာစွာကျရောက်လာသဖြင့် ထိတ်ခနဲဖြစ်သွားကာ ကားရှိန်ကို လျှော့ရင်း ဘရိတ်နင်းရန် ပြင်ဆင်လိုက်မိသည်။

"ခစ်...ခစ်...ခစ်"

ရယ်သံလွှင်လွှင်ကြောင့် ကားစတီယာရင်ကို ဂရုစိုက်ရင်း ခပ်စောင်းစောင်းအနေ ခုထားဖြင့် လှည့်ကြည့်လိုက်မိ၏။

"ဟင်...မင်း...မင်း"

"ဟုတ်ပါတယ် အစ်ကိုကြီးရဲ့၊ ကျွန်မ မေသန္တာပါ။ အစ်ကိုကြီးတို့ ဟော်တယ်ပေါ်တက်သွားကတည်းက ကားပေါ် တက်ထိုင်ပြီး စောင့်နေခဲ့တာ"





"အာ...လက်စသတ်တော့ မင်းလေးပေကိုး"

ထိုအခါကျမှ အကြောက်အလန့်ပြေသွားကာ ဦးပံသု၏ အဆီပြန်နေသော မျက်နှာကြီးမှာ ပြုံးဖြီးဖြီးဖြစ်လာရသည်။

ထို့နောက် လမ်းဘေးသို့ ကားကို ရုတ်တရက်ထိုးရပ် လိုက်၏။

"ကျွီ...အီ...အီ"

"ဆက်မမောင်းဘဲ ဘာလုပ်တာလဲ အစ်ကိုကြီးရဲ့... ဟင်"

"ဟဲ...ဟဲ...ဟဲ...လာ...ရှေ့ခန်းကို ပြောင်းခဲ့ အစ်ကိုကြီးက မင်းကို အမြဲလိုလို သတိရနေတာကွ။ အခုတော့ မမျှော်လင့်ဘဲ ကြုံကြိုက်ရတာပါလား။ ဝမ်းသာလိုက်တာမှ ရင်ထဲ မှာ ကလိကလိဖြစ်ရတယ် မေသန္တာ. အချစ်ကလေးရယ်"

"အဟင်း...ဟင်း...ဟင်း"

သူမက ညို့မြူသံလေးနှင့် ရယ်ကာ သူဌေးကြီးဦးပံသု စိတ်တိုင်းကျပင် ကားနောက်ခန်းမှ ထွက်လျက် ကားရှေ့ခန်းတွင် ပြောင်းထိုင်လိုက်၏။

"အာပါး...ဖြူနုပြီး မင်းဟာ အရင်ကထက်တောင် ပိုသွ

www.burmeseclassic.com



နေပါလား။ ပြီး တစ်ကိုယ်လုံးလည်း မွေးကြိုင်လို့"

ပြောပြောဆိုဆို ဦးပံ့သုက ဖွေ့ဖက်ကာ မေသန္တာပါးပြင်ကို မွှေးကြူလိုက်သည်။

"အို…မကြမ်းနဲ့ အစ်ကိုကြီးရယ်"

သူက လက်နုနုကလေးများနှင့် ဦးပံ့သု ရင်ခွင်ကို တွန်းထိုးရင်း ခပ်နွဲ့နွဲ့ပြောလိုက်သည်။

ဤတွင် ဦးပံ့သုက သူမ၏ဆင်စွယ်ပမာ သွယ်ပြောင်းသည့် လက်မောင်းကလေးကို တယုတယ ပွတ်သပ်ကိုင်တွယ်ရင်းမှ…

"ဘာလဲ မေသန္တာ အိမ်ကမိန်းမကြီးကြောင့် အစ်ကိုကြီးကို စိတ်ဆိုးနေတုန်းဖေါ် ဟုတ်လား။ အစ်ကိုကြီးအနေနဲ့ကတော့ မေသန္တာကို ဘယ်အခါမှ အချစ်မပြယ်ပါဘူးကွာ၊…နော်…နော်"

ဟု ဆိုလိုက်၏။

ထိုသို့ဆိုရင်း ရင်းကိုင်တွယ်ထားသည့် လက်များမှာ ကြမ်းတမ်းလာသည်ထင်မိသဖြင့် အသေအချာ ကြည့်လိုက်မိသည်။

ဤတွင် မေသန္တာ၏ ခပ်စောစောက လက်မောင်းသား





နုညံ့ညံ့ကလေးများမှာ ဖောယောင်သူများအလား အဖုအပိန့်များနှင့် ကြမ်းတမ်းနေလျက် အမွေးကြမ်းကြီးများကလည်း ထိုးထိုးထောင်ထောင် ပေါက်နေကြောင်း အမှတ်မထင် တွေ့လိုက်ရပေတော့သည်။

"အံမာလေးဗျာ"

သူက အလန့်တကြား ရေရွတ်၍ မေသန္တာမျက်နှာကို ကြည့်လိုက်မိသည်။

ထိုအခါ မေသန္တာမျက်နှာမှာ ကနဦးအတိုင်း လှပနေသေးကြောင်း တွေ့ရှိရသဖြင့် စိတ်သက်သာရာရသွားလေ၏။

သို့ပါသော် သူမ၏မျက်လုံးများကား ထိုအချိန့်တွင် မာကျူနီးရောင်ကဲ့ စိမ်း၍ စိမ်း၍ လာပြီးလျှင် အလင်းတန်းအချို့ပင် ထွက်လာသည်ကို တွေ့မြင်သတိပြုမိ၏။

"မေ…မေ…သန္တာ…အ…အစ်…ကိုကြီး…ကို"

ဦးပံ့သုက တောင်းပန်စကားဆိုရန် အမပျိုးလိုက်၏။ သို့စေကာမူ ထိုအချိန် ဂျူဗလီဟောတစ်ဝိုက်၌ ဝံပုလွေအော်သံနှင့် လူအော်သံတို့ စီစီညံသွားလေတော့၏။

xxx



www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၂၄)

အထက်ပါကိစ္စများ ဖြစ်ပွားပြီး၍ တစ်နှစ်ပါးမျှအကြာတွင် ညနေစောင်းနေဝင်ရီတရောအချိန် အင်းယားကန်စောင်း၌ ကား တစ်စီးရပ်လာလေ၏။

ထိုကားပေါ်မှ အတန်မူးနေပြီဖြစ်သည့် အမျိုးသမီးချော တစ်ဦးနှင့် အသက်ငယ်သော လူရွယ်စုံတွဲတစ်တွဲတို့ ဆင်းလာကြ၏။

သူတို့က ကန်စောင်းရှိ သစ်ပုတ်ပင်ကြီးအောက်သို့ ဖက်တွဲလျှောက်ကြရင်း တခိုးခိုးတခစ်ခစ် ရယ်သံများ ရယ်သွားကြသည်။

"ချစ်လိုက်ရတာ မမရယ်။ တကယ်ပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အဟားဟား…ဒီမှာ ကိုကိုမြတ် မင်း…မင်း…ဒီလို အပြောတွေနဲ့ မမကို ချူနေတာ ဘယ်လောက်ကြာပြီလဲဟင်"

"ဗျာ…ချူတယ် ဟုတ်လား။ ကျွန်တော်က တကယ် စွဲစွဲလမ်းလမ်းချစ်တာဗျ။ မမ မယုံဘူးဆိုရင် မကြာခင် လက်ထပ် မလားပြောလေ…ဟင်"

"အဲမာလေး…မလုပ်လိုက်ပါနဲ့။ နည်းနည်းတော့ စောင့်ပါဦး ကိုကိုမြတ်ရယ်။ မမယောက်ျားကြီး ဦးပံသုသေသွားတာ မနေ့ကမှ တစ်လပြည့်သေးတယ်။ တော်ကြာ သူများပြောစရာ ဖြစ်နေပါ့မယ်။ ဒီလိုပဲ နေပါဦး။ အခုလဲ လွတ်လွတ်လပ်လပ် နေလို့ရတာပဲ ဥစ္စာ"

"သဘောဗျာ…သဘော…သဘော။ မမသဘောတော် အတိုင်းပါပဲ…ဟဲ…ဟဲ…ဟဲ"

ထို့နောက် သစ်ရိပ်အောက်၌ ယှဉ်တွဲထိုင်ကာ မွေ့ဖက် လျက် မဆုံးနိုင်သော ချစ်စကားများကို သီကြွေးလျက်ရှိကြပြန်ချေ ၏။

အမှောင်ထုက တစ်စတစ်စ စိုးမိုးစပြုလာရာ အမျိုးသမီး ကြီးက လောဆော်လိုက်သည်။





"မြန်ကြစို့ ကိုကိုမြတ်။ မှောင်လာပြီ။ တော်ကြာ ဖူ မသူတော်တွေနဲ့တွေ့နေမှဖြင့်"

"ဟာဗျာ…နေပါဦး…မမကလည်း"

အမျိုးသားလူရွယ်က ချစ်စနိုးနှင့် သူမလက်များကို ထား သကဲ့သို့ ဆွဲထားလိုက်သည်။

ထိုအခိုက်မှာပင် ၎င်းတို့နှင့် မနီးမဝေး၌ ချုံပုတ်အတွင်း မှ အစိမ်းရောင်တောက်တောက် မျက်လုံးအစုံက သူတို့ကို ကြည့် နေသည်အား သတိပြုမိသွားကြ၏။

"ဟင်…ဘာကောင်လဲ…ဟိုမှာ"

"အို…ဟုတ်ပါရဲ့…ဘာ…ဘာကောင်ပါလိမ့်"

"ရဲ…ရှလဲ"

သို့ရှိစဉ် ချုံပုတ်က လှုပ်ရှားသွားကာ အယ်လ်ဆေးရှင်း ခွေးကြီးတစ်ကောင်အလား ကြီးမားထွားကျိုင်းသော မိုင်းပြာပြာ အမွေးရောင်နှင့် သတ္တဝါကြီးတစ်ကောင် တရွေ့ရွေ့ထွက်လာကာ ချွန်ထက်သော သွားစွယ်ကြီးများအား ပြသကဲ့သို့ လှစ်ဟထားလိုက် လေ၏။

"ဟမ်း…အို"



www.burmeseclassic.com

www.burmeseclassic.com



"အံမာလေး…"

"အောင်မယ်လေးဗျ"

နှစ်ယောက်သား အကြောက်လွန်ကာ ထိုင်ရာမှ ထပြေးကြတော့ရာ ကိုကိုမြတ်ခိုင်သူ့ လူရွှယ်မှာ ယောက်ျားသား တစ်ယောက်ဖြစ်သောကြောင့် တဒင်္ဂအတွင်း ထိုနေရာမှ အဝေးသို့ လှစ်ခနဲပြေးထွက်သွားနိုင်ခဲ့၏။

သို့ပါသော် ထွက်အပြေးတွင် သစ်မြစ်တစ်ခုကို ခလုတ်တိုက်လျက် လဲကျသွားသော အမျိုးသမီးကိုယ်ပေါ်သို့ သတ္တဝါကြီးက ခုန်အုပ်လိုက်ပြီး ဖြစ်နေတော့သည်။

ပြီးလျှင်ကား အမှောင်အတွင်း၌ ဝံပုလွေဟိန်းသံ၊ အမျိုးသမီးတစ်ယောက်၏ ကြောက်လန့်တကြား အော်သံတို့ ရောထွေးနေလေတော့၏။

×××





## အခန်း (၂၅)

မိုးကုတ်မြို့ ကြပ်မြင်ရေးနှင့် အတန်လှမ်းသောနေရာတွင် ရှေးဟောင်းတိုက်အိုကြီးတစ်လုံး ရှိလေ၏။

ထိုတိုက်ဖိုဝ်ကြီး၏ မြေအောက်ခန်းအတွင်း၌ကား လူရွယ်တစ်ယောက်မှာ ဖမ်းဆီးချုပ်နှောင်ခံရလျက်ရှိသည်။

တစ်ခုတည်းသော မြေတိုက်တံခါး၌ သံကြိုးချည်ထားသည့် အမြင့် ကြီးမားသည့် သော့ခလောက်ကြီးလည်း ခတ်ထားပေသေး၏။

လူရွယ်က ၎င်းအား ဤကဲ့သို့ဖမ်းဆီးချုပ်နှောင်ခံထားရခြင်းကား နားမလည်ဘဲရှိနေရှာလျက် မြေတိုက်ကို ကျောခိုင်းပိတ်ထားသည့် တံခါးကြီးကိုသာ ငေးကြည့်နေမိရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဤမြို့သို့ရောက်စဉ် ထူးထွေဆန်းပြားစွာ လူတစ်ရစ်
အဖမ်းခံရပုံကို ပြန်လည်စေ့ငုကြည့်နေမိ၏။

ထိုနေ့က မိုးကုတ်မြို့သို့ ရောက်ပြီး နှစ်ရက်အကြာတွင်
သူ ယခင်အရောင်းအဝယ်လုပ်နေကျ ကျောက်ပွဲစားကိုမြမောင်
ထံမှ အရည်အသွေးကောင်းလှသည့် ပတ္တမြားကြီးတစ်လုံး အပါ
အဝင် ကျောက်အတော်များများကို ငွေပေးချေ ဝယ်ယူခဲ့ပေသည်။

ရန်ကုန်မြို့သို့ ပြန်ရန်အတွက် ကားကို မောင်းထွက်ခဲ့စဉ်
လူရှင်းသောနေရာအရောက် လမ်းပိတ်ဆို့ထားခြင်း ခံရလျက် ဓား
သုံးယောက်က လက်နက်ကိုယ်စီနှင့် ခြိမ်းခြောက်ကာ အဖိုးတန်
ကျောက်မျက်များကို သိမ်းယူလိုက်သည်။

ထို့ပြင် လူကိုလည်း ဆွဲခေါ်လာကာ လူနေပုံမရသည့်
တိုက်ပျက်ကြီး မြေတိုက်ခန်း၌ ယခုကဲ့သို့ ချုပ်နှောင်ထားသည်
မှာ ဆယ်ရက်ခန့်ပင် ရှိနေခဲ့ချေပြီတည်း။

"အေးလေ…ဘယ်လိုအကြောင်းကြောင့်မှန်း မသိပေ
မယ့် မသတ်ဘဲ အခုလိုချုပ်နှောင်ထားတာဟာ တော်သေးတယ်
ဆိုရမှာပါပဲ"

နောက်…တစ်ဆက်တည်း ရေရွတ်မိပြန်၏။





"အင်း…အခုလောက်ဆိုရင် ငါ ပြန်မလာတဲ့အတွက်
အဖေနဲ့အမေတို့ တော်တော်စိတ်ပူနေရှာရောရမယ်။ ဘုရားမလို့
အမြန်ဆုံး ဒီဘေးဆိုးအန္တရာယ်ဆိုးက လွတ်မြောက်ပါစေဗျာ"

"ဂျောက်"

"ဂလောက်…လောက်"

ထိုခဏမှာပင် အပြင်ဘက်မှ သော့ဖွင့်သံ၊ သံကြိုးဖြုတ်
သံများ ကြားလိုက်ရပြီးနောက် တံခါးတစ်ချပ် ပွင့်ဟသွားခဲ့၏။

စူးရှသည့်အလင်းရောင်ကြောင့် အမှောင်ထဲ၌ ရက်
အတန်ကြာနေခဲ့ရရှာသည့် အကျဉ်းသားမှာ မျက်လုံးများ ကျိန်း
စပ်သွားသောကြောင့် လက်နှစ်ဖက်နှင့် ကပျာကယာ အုပ်ကာ
လိုက်ရ၏။

ထို့နောက် တစ်ဦးက အစားအသောက်လင်ပန်းကိုင်လျက်
တစ်ဦးက ခြောက်လုံးပြူးကိုင်ကာ ၎င်းဆီသို့ လျှောက်လာခဲ့လေ
၏။

"ဟောကောင်…ရော့…မသေထမင်း မသေဟင်းကို
နောက်ဆုံးစားခြင်းအနေနဲ့ အဝစားပေတော့ကွာ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ဘုတ်သိုက်၊ မုတ်ဆိတ်၊ ပါးမြိုင်းမွေးများနှင့်လူက ထိုသို့ပြောလိုက်သောအခါ သေနတ်ကိုင်ထားသည့် ကတုံးဆံတောက်၊ ဗလခပ်ကြီးကြီးလူက သဘောကျလျက် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သဖြင့် မြေတိုက်အတွင်း ဟိန်းထွက်သွားတော့သည်။

"ဟား. . .ဟား. . .ဟား. . .ဟား"

ပြီးမှ ထိုလူက. . .

"ဒီမှာကွ တို့က သိပ်စိတ်ရှည်တာ မဟုတ်ဘူး။ ဒါပေမယ့် တို့ခေါင်းဆောင်ရဲ့အမိန့်ကြောင့် မင်းကို မသေထမင်း မသေဟင်း ကျွေးထားပြီး အချိန်စောင့်နေရတာ။ ဒါပေမယ့် အခု မင်းသေရမယ့် အချိန်ကို ရောက်နေပြီဆိုရတော့မှာပါလေ"

ဟု ပြောလိုက်၏။

မောင်ထွန်းနိုင်က. . .

"ခင်ဗျားတို့ပြောတာ ကျွန်တော် နားမလည်တာအမှန်ပဲ။ ကျွန်တော့်မှာရှိတဲ့ အဖိုးတန်ကျောက်မျက်နဲ့ ငွေတွေကို ခင်ဗျားတို့ ယူပြီးပြီပဲ။ သတ်စရာရှိ သတ်၊ လွှတ်စရာရှိလည်း လွှတ်ပေများ။ အခုတော့ အဓိပ္ပာယ်မရှိ လူကို ရက်အတန်ကြာချုပ်နှောင်





ညှဉ်းဆဲထားတာဟာ ဘာသဘောလဲဗျ"

ဟု မကျေမနပ်မေးလိုက်လေ၏။

ဆံပင်ဘုတ်သိုက်နှင့်လူက. . .

"ကဲ. . .ကဲ. . .ကျန်တာတွေပြောမနေနဲ့ကွာ။ ပေးတဲ့ အစားအစာကို စားချင်ရင် စား၊ မစားချင်ရင် နေ၊ မင်းသေဘောပဲ။ အဲ. . .တို့ခေါင်းဆောင်ရောက်လာရင်သာ မင်းကိစ္စကို အဆုံးအဖြတ်ပေးလိမ့်မယ် ကိုယ့်လူ"

ဟု ပြောလိုက်လေ၏။

ထို့ကြောင့် မောင်ထွန်းနိုင်က ပြောမနေတော့ဘဲ ၎င်းတို့ ပေးလာသည့် အစားအစာများကို ယူလျက် စားသောက်နေလိုက်သည်။

အတန်ကြာမျှနေပြီးနောက် ထိုသူနှစ်ယောက် ပြန်ထည့်ထွက်သွားကာ မြေအောက်တံခါးကို ပိတ်ဆို့လိုက်ရာ အခန်းထဲ၌ မှောင်မြိုက်သွားတော့၏။

မောင်ထွန်းနိုင်မှာ ရှေ့ဆက်၍ မည်သို့မည်ပုံဖြစ်လာမည်ကိုသာ တွေးတောနေမိတော့သည်။

ဤသို့တွေးတောရင်း မှေးခနဲ အိပ်ပျော်သွားရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှာ ထင်းထင်းကြီးပေါ်လာသည့်တိုင် ဝိုးတဝါးမက်လာခဲ့ရ၏။

ဝိတ်ထားသောတံခါးကြီးအား တွန်းဖောက်ကာ အဝါရောင်ဝတ်စုံရှင် အမျိုးသမီးတစ်ဦးနှင့် စူးရှသော မျက်လုံးပိုင်ရှင် ဝံပုလွေကြီးတစ်ကောင်က မြေအောက်ခန်းသို့ ရောက်ရှိလာ၏။

မောင်ထွန်းနိုင်က အလန့်တကြားဖြစ်ကာ အသေအချာ စိုက်ကြည့်နေမိစဉ် ကနဦး၌ မှုန်ဝါးနေသော အဝါရောင်အမျိုးသမီး၏မျက်နှာမှာ ထင်ထင်လင်းလင်း ဖြစ်လာသည်ကို တွေ့လိုက်ရလေ၏။

"ဟင်…ဟင်…မင်း…မင်း…လက်စသတ်တော့ လုလေးစိန်ပေကိုး။ လုလေးစိန်…လုလေးစိန်…ကြည့်စမ်း ဘယ်ပုံဘယ်နည်းနဲ့ ဒီကိုရောက်လာရတာလဲဟင်။ ဝမ်းသာလိုက်တာကွာ"

မောင်ထွန်းနိုင်က အလွန်အမင်း ဝမ်းသာလျက် ဤသို့ ဆိုလိုက်စဉ်မှာပင် ထိုလုလေးစိန်ခေါ် အဝါရောင်ဝတ်စုံရှင်အမျိုးသမီးသည်လည်းကောင်း၊ ကြီးမားသော ဝံပုလွေကြီးသည်လည်းကောင်း မြေအောက်ခန်းမှ ထူးထူးဆန်းဆန်း ပျောက်ကွယ်သွားပေတော့၏။





"လု…လေး…စိန်"

"လု…လေး…စိန်"

သူက အမောတကောလှမ်းခေါ်ရင်း အိပ်ပျော်ရာမှ လန့်နိုးသွားရသည်။

ထိုအခိုက် အပြင်ဘက်မှ စကားပြောသံအတိုင်းသား ကြားရပြီးလျှင် မရေမနှောင်းမှာပင် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"ကာလစ်"

"ဂျောက်…ဂလောက်"

မကြာမီ သော့ဖွင့်လျက် မြေအောက်ခန်းတံခါးတစ်ချပ် ဟသွားကာ အလင်းရောင်အချို့ တိုးဝင်လာသည်။

ထိုအလင်းရောင်နှင့်အတူ အဲတွင်းဘက်သို့ လေကား ထစ်များအတိုင်း မှန်မှန်ဆင်းလျှောက်လာသော လူတစ်စုကို မောင်ထွန်းနိုင် တွေ့လိုက်ရပေသည်။

သူတို့သည် လက်နက်ကိုယ်စီ ကိုင်ဆောင်လျက် မောင်ထွန်းနိုင်ဆီသို့ တစ်လှမ်းချင်း လျှောက်လာနေကြ၏။

အနီးရောက်သောအခါ အမှောင်အတွင်း၌ ကျင်းသား…



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည့် မောင်ထွန်းနိုင်မှာ လှူစုဏ်ရေမှ ရှော့ကလာသည့် ခေါင်းဆောင်ဆိုသူကို ကြည့်မိပြီး လွန်စွာအံ့အားသင့်သွားရလေ၏

"ဟင်…ခင်ဗျား…ခင်ဗျား"

"ဟား…ဟား…ဟား…ဟား"

အထိတ်တလန့်ဖြစ်သွားသော မောင်ထွန်းနိုင်ကို ကြည့်ကာ ထိုသူက သဘောကျလျက် ဟက်ဟက်ပက်ပက် ရယ်မော လိုက်လေ၏။

ပြီးမှ မောင်ထွန်းနိုင်က…

"လက်စသတ်တော့ ခင်ဗျားဟာ လှလေးစိန်ရဲ့မိတ်ဆွေ ဆိုတဲ့ ကိုစောမွန်မဟုတ်လားဗျ…ဟင်"

ဟု မယုံနိုင်ဟန်ဖြင့် မေးလိုက်လေ၏။

"ဟုတ်ပါသော်ကောဗျာ။ တစ်ညမှာ ကျုပ်နဲ့လှလေးစိ တို့ မိတ်ဆွေတစ်ယောက်ရဲ့ မွေးနေ့ပါတီပွဲအသွားမှာ ခင်ဗျား တွေ့ပြီး မိတ်ဆက်ခဲ့ကြတဲ့ စောမွန်ပါပဲ…ဟဲ…ဟဲ…ဟဲ"

"ကို…ကိုစောမွန် ဒီလိုဆို ကျွန်တော့်ကို ကျေးဇူးပြု ဒီဒုက္ခက ကယ်တင်ပေးပါနော်"

အားကိုးတကြီး အကူအညီတောင်းလိုက်ရသည့် ထွ

နိုင်ကိုကြည့်ကာ စောမွန်နှင့်တကွ ၎င်းတို့လူစုက သဘောသကဲ့သို့ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြလေ၏။

"အဟုတ်…ဟား…ဟား…ဟား"

"ဟဲ…ဟဲ…ဟဲ"

"ဟား…ဟား…ဟား…ဟား"

ဘာမှန်းမသိရှာသဖြင့် မောင်ထွန်းနိုင်မှာ ကြောင်ကြောင် ဖြစ်သွားရသည်။

ထို့နောက် စောထွန်းက မျက်နှာကို ခက်ထန်စွာ ထား ထား ပြောလိုက်သည်။

"ဒီမှာ ကိုထွန်းနိုင်"

"ဗျာ"

"ခင်ဗျားက လူနံလူအတစ်ယောက်ပဲဗျ"

"အန်"

"လှလေးစိန်ပြောပြတဲ့အထဲမှာ ခင်ဗျားတို့မိဘတွေက လှလေးစိန်နဲ့ ခင်ဗျားကို သဘောတူထားကြသတဲ့"

"အဲဒါ ဘာဖြစ်လဲဗျာ"

"ဘာဖြစ်သလဲဆိုတာ ကျုပ်ပြောပြမယ်ဗျသည်။





www.burmeseclassic.com

www.burmeseclassic.com



လုလေးစိန်ကို အင်မတန်မြတ်နိုးသလို စီးပွားရေးတိုးတက်အောင် လည်း ကြိုးစားချင်သေးတော့ တစ်နေ့ကျမှ လက်ထပ်မယ်ဆိုတဲ့ စိတ်ကူးနဲ့ စီးပွားရေးကိုသာ လုံးပန်းနေတယ်"

"ဟုတ်···ဟုတ်ပါတယ်ဗျာ"

"အဲဒီအချိန်မှာ ကျုပ်ဟာ အမျိုးမျိုးသောနည်းတွေသုံးပြီး လုလေးစိန်ရဲ့မေတ္တာကို မရရအောင် ယူခဲ့တယ်"

"ဟင်···ဒီလိုလား"

လူရိုးတစ်ယောက်ဖြစ်သော မောင်ထွန်းနိုင်မှာ ကြားရ သည့်စကားကြောင့် မယုံနိုင်အောင် ဖြစ်သွားရတော့သည်။

ကိုထွန်းသော်က ဆက်ပြန်သည်။

"ကျုပ်ဘဝမှာ မိန်းမလှဆိုတာတွေကို မလိုချင်လောက် အောင် တွေ့ခဲ့တယ်ဆိုရမှာပါ။ လုလေးစိန်မေတ္တာကို အရယူ ရခြင်းကတော့ သူ့အဖေပိုင်ငွေတွေကို မက်မောလို့ဆိုပါတော့ မော မှာ···ဟဲ···ဟဲ···ဟဲ"

ကိုစောမွန်ဆိုသူ၏ ဇာတ်ရုပ်မှာ ပြောရင်း ပြောရင်း ပေါ် ဒီဇာကြွက် 'ကင်' ကိုထွန်းနိုင်က မျက်နှာရှုံ့မဲ့လျက်···

အားကိ··လက်စသတ်တော့ ခင်ဗျားဟာ လူယုတ်မာ





တစ်ယောက်ပေကိုး"

ဟု ပြောလိုက်လေ၏။

"ခင်ဗျားပြောချင်သလို ပြောပေတော့ နားထောင်ဦး။ ကျုပ် ဆက်ပြောပြဦးမယ်။ ကျုပ်က သူ့ဆီက ပစ္စည်းတွေကို မက် မောပြီး ချစ်ဟန်ဆောင်၊ နောက် လုလေးစိန်ကို ပြန်ပေးဆွဲပြီး သူ့အဖေဆီမှာ ငွေတောင်းတော့ သူ့အဖေဒေါက်တာကြီးက ပုလိပ် အဖွဲ့ကို ခေါ်လာတာနဲ့ လုလေးစိန်ကို ကျုပ်ကိုယ်တိုင် သတ်ပစ် လိုက်ရတယ်"

"ဗျာ···လု···လေး···စိန်···သေ···သေပြီ··· ဟုတ်လား"

မောင်ထွန်းနိုင်မှာ လွန်စွာ တုန်လှုပ်သွားရကာ မချိတင်ကဲ မေးလိုက်ရှာ၏။

"သေပြီ···သေတာမှ ကျုပ်လက်ထဲက သေနတ်နဲ့ သုံးချက်တိတိပစ်ခဲ့တာမို့ ကျည်ဆံတွေ သူ့ကိုယ်ထဲ ဝင်ပြီး သေ ခဲ့ရတာပဲ ကိုထွန်းနိုင်"

"ဘုရား···ဘုရား"

သူတို့အားလုံး ခေတ္တမျှ ငြိမ်သက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ မောင်ထွန်းနိုင်က…

"ဟုတ်ပြီ…ခင်ဗျားအနေနဲ့ လုလေးစိန်ကို သတ်ပစ်ခဲ့ပြီး ထားတော့…ကျွန်တော့်ကိုရော ဘာကိစ္စအခုလို ဖမ်းဆီးထားရတာလဲ။ အဲဒါ ဆိုစမ်းပါဦးဗျာ"

ဟု မေးလိုက်လေ၏။

၎င်းတွင် ကိုစောမွန်က…

"ဒါ…မေးထိုက်တဲ့မေးခွန်းပေပဲ။ အဲဒီမေးခွန်းအတွက် ကျုပ် ဖြေပါ့မယ်။ သေသေချာချာ နားထောင်"

ဟု ဆိုကာ အောက်ပါအတိုင်းပြောလိုက်လေတော့၏။

"လုလေးစိန် သေသွားတော့ ပုလိပ်ဘက်က ကျုပ်နောက်ကို အမှုတပြင်း လိုက်နေကြတာမို့ ကျုပ်ဟာ တစ်နေရာရာမှာ ရှောင်ပုန်းနေရတယ်။ ခင်ဗျားဟာ ကျောက်အရောင်းအဝယ်ကိစ္စအတွက် မိုးကုတ်ကို တက်သွားကြောင်း လုလေးစိန် ပြောပြတာကြောင့် ကျုပ် သိနေပြီးဖြစ်တယ်လေ"

မောင်ထွန်းနိုင်က ခေါင်းညိတ်လိုက်သည်။

"ဒီမှာတင် ကျုပ်ရဲ့ဥာဏ်ပညာတွေကို အချိန်မီ မိုးကုတ်လွှတ် ခင်ဗျားကို ဖမ်းနိုင်းခဲ့တာပဲ"





"ရည်ရွယ်ချက်က…"

"ရှင်းပါတယ်။ ကျုပ်လိုချင်တဲ့ငွေကို လုလေးစိန်ဆီက တော့ ခင်ဗျားဆီက ကျောက်မျက်နဲ့ငွေတွေကို အရယူဖို့ပဲ …ဟဲ…ဟဲ…ဟဲ"

မောင်ထွန်းနိုင် မျက်မှောင်ကျုံ့လိုက်သည်။ ပြီးမှ ၎င်း…

"အခုလဲ ခင်ဗျားတပည့်တပန်းတွေက ကျွန်တော့်ကို ဆီးပြီးတာနဲ့ အဖိုးတန်ကျောက်မျက်နဲ့ ငွေအချို့ကို သိမ်းဆည်း ပြီးပြီပဲ။ ဒါဆိုရင် ကျွန်တော့်ကို လွှတ်ပေးဖို့ သင့်တာပေါ့ဗျာ"

ဟု ဆိုလိုက်၏။

ကိုစောမွန်ဆိုသူက ဟန်ပါပါ ရယ်မောလျက် ဦးခေါင်းကို ညာခါယမ်းလိုက်သည်။

ထို့နောက်မှ သူက…

"ဒီလိုမဟုတ်သေးဘူး ကိုထွန်းနိုင်။ ကျုပ်က အလုပ်လုပ် သိပ်နေစပ်တဲ့ကောင်ဗျ။ စောမွန်တို့လုပ်ဆောင်သမျှ တစ်ချက် နှစ်ချက်ပြတ်ဆိုတာမျိုးချည်ပဲ"

ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းနိုင်မှာ နားမလည်သဖြင့် ငေးကြောင်ကြောင်နှင့်သာ ကြည့်နေမိသည်။

စောမွန်၏တပည့်တပန်း ငါးယောက်ကမူ ၎င်းတို့ခေါင်းဆောင်ပြောဆိုနေသမျှကို ငြိမ်သက်စွာသာ နားထောင်ကြည့်ရှုနေကြ၏။

အတန်ကြာမှ စောမွန်က...

"တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတာက ခင်ဗျားဆီက အဖိုးတန်ကျောက်မျက်နဲ့ ငွေအချို့ရထားပြီးပြီဖြစ်ပေမယ့် လုလေးစိန် ပြောစကားအရဆိုရင် ဒေါက်တာကြီးနဲ့ ခင်ဗျားမိဘတွေဟာ ကျေးဇူးခံ ကျေးဇူးစားတွေလို့ ကျုပ် သိထားခဲ့ရပြီဗျ"

ဟုဆိုပြန်လေ၏။

"အဲဒါနဲ့ ကျွန်တော့်ကို ဖမ်းတာ ဘာဆိုင်လို့လဲဗျ"

"ဆိုင်ပါသော်ကောဗျာ။ ဒီလောက်နဲ့ ကျုပ်က မတင်းတိမ်နိုင်သေးဘူးလေ။ ဒီတော့ ခင်ဗျားမိဘတွေဆီ ငွေညှစ်တဲ့စာ ပို့ပေးရဦးမှာပေါ့"

"ဟာ...ခင်ဗျား"

"ဟဲ...ဟဲ...ဟဲ...ခင်ဗျားမိဘတွေဆီက ငွေကျပ်





ရင် ခင်ဗျားမိဘနဲ့ပတ်သက်တဲ့ လုလေးစိန်အဖေဒေါက်တာကြီးဆီက ငွေကုန်အောင် ညှစ်ရဦးမှာပေါ့"

"အာ...တကယ်တော့ ခင်ဗျားတာ ကမ်းကုန်အောင်ယုတ်မာတဲ့လူယုတ်မာ၊ လူညစ်ပတ်တစ်ဦးပါလားဗျ ကိုစောမွန်။ ဒီလောက်တော်င် ပက်စက်လိမ့်မယ်လို့ ကျွန်တော် မထင်မိတာအမှန်ပဲ"

"ကဲ...ပြောချင်သလိုသာ ပြောပေတော့။ ပြောလို့ဝရင်ပေဘာဒီစာမှာ ခင်ဗျားလက်မှတ်ထိုး။ ပြီးရင် ခင်ဗျားအိမ်ကို ပို့ရမယ်။ အကြောင်းအရာကတော့ ငွေငါးသောင်း အမြန်ပို့၊ မပို့ရင် ကျွန်တော့်ကို သတ်တော့မယ်လို့ ရေးထားတာပါလေ...ဟဲ...ဟဲ...ဟဲ"

"ဟား...ဟား...ဟား"

"အဟတ်...ဟား...ဟား...ဟား"

"ဟဲ...ဟဲ...ဟဲ...ဟဲ"

စောမွန်နှင့် သံယောင်လိုက်ကာ ၎င်း၏တပည့်များကလည်း ရောနှောရယ်မောလိုက်ကြလေ၏။

မောင်ထွန်းနိုင်ခမျာကား အခံရခက်ထွန်းလှသဖြင့် ဆံ



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်လျက် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိလေသည်။

"ကဲ...လက်မှတ်ထိုးမလား"

"မထိုးဘူးဗျာ။ ကျုပ်ကို သတ်ချင် သတ်လိုက်ပေတော့"

"ဒုတိယအကြိမ်မြောက် လက်မှတ်ထိုးမလား"

"ဟင့်အင်း"

မောင်ထွန်းနိုင်က ဦးခေါင်းကို ဘယ်ညာယမ်းခါလိုက်သည်။

"တတိယအကြိမ်မေးမယ်။ လက်မှတ်ထိုးမလား"

ဤတစ်ကြိမ်၌ မောင်ထွန်းနိုင် ပါးစပ်ဖြင့်မဖြေသလို ဦးခေါင်းနှင့်လည်း အမူအရာမပြပေ။

"ကဲ...ဟေ့...ပညာခန်းပြလိုက်စမ်းကွာ"

စောမွန်က သူ့တပည့်တစ်ယောက်ကို အမိန့်ပေးလိုက်သည်။

ထိုကြောင့် ကြာပွတ်ကိုင်လူတစ်ယောက်က ရှေ့သို့တက်လာကာ လက်စွမ်းပြတော့သည်။

"ရှမ်း...ရှမ်း"





"ဝှစ်"

"ရှမ်း"

"အီး"

"အား"

ပြင်းထန်သည့် ကြာပွတ်ရိုက်ချက်များကြောင့် မောင်ထွန်းနိုင်ခန္ဓာကိုယ်အနှံ့ အရိုးနှင့် သွေးစသွေးနများ မြင်မကောင်းအောင် ဖြစ်ပေါ်သွားရတော့သည်။

ထိုအခိုက် အခန်းဝမှအရိပ်သဏ္ဌာန် တစ်ခု လှစ်ခနဲ တိုးဝင်လာသည်ကို သတိပြုမိလိုက်သဖြင့် လှည့်ကြည့်လိုက်ကြသည်။

"အား"

"အံမာလေး"

"ခွေး...ခွေးအကြီးဗျို့"

"ဝံ...ဝံပုလွေကြီး"

"ပစ်...ပစ်"

"ဖိုင်း...ဖိုင်း"

သူတို့အားလုံး တစ်ယောက်တစ်ပေါက် ဆော်ဟစ်ကာ ဝရုန်းသုန်းကား ဖြစ်ကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သတိရှိသောစေမွှန်က အာမိန့်ပေးကာ ငှင်းကိုယ်တိုင် သေနတ်နှင့် ထွန်းတိုးပစ်ခတ်လိုက်၏။

သို့သော် လျှင်မြန်သည်နှင့်အမျှ ပါးနပ်ပုံရသည့် ဝံပုလွေကြီးက ခုန်လွှားလျက်မှ စေမွှန်လက်ထဲမှ သေနတ်ကို ရှေ့လက်များနှင့် ပုတ်ခါချလိုက်နိုင်၏။

ထို့နောက်တွင်ကား ဦးစွာ ကြာပွတ်ကိုင်လူဆိုး၏လည်မျိုကို ခုန်ဟပ်၏။

"ခွီး . . . ခွီး"

"အား"

နောက် . . . တစ်ယောက်သောလူဆိုးကို သန်မာသော နောက်ခြေထောက်ဖြင့် ဆန့်တန်းကန်ထုတ်လိုက်သည်။

မြေသို့ပြန်အကျတွင် လူဆိုးတစ်ယောက်၏ ခြေထောက်ကို ဟပ်၍ ဆွဲခါလိုက်၏။

"ဂရူး . . . ဂရူး"

"အား . . . အီး"

ထို့ကြောင့် အသားများ ဝံပုလွေပါးစပ်တွင် အတုံးလိုက်အတစ်လိုက် ပါသွားကာ လူဆိုးမှာ ငယ်သံပါအောင် အော်ဟစ်





လိုက်တော့သည်။

ပြီးလျှင် ဝံပုလွေကြီးမှာ မယုံနိုင်အောင် လျှင်မြန်စွာဖြင့် လူဆိုးများကို တစ်ယောက်ပြီး တစ်ယောက် ကိုက်ခဲ၊ ဆွဲယမ်း ချေမှုန်းနေတော့၏။

အော်သူအော်၊ လဲသူလဲ၊ ပြေးသူပြေးဖြင့် မြေတိုက်ခန်းအတွင်း၌ ငရဲခန်းကဲ့သို့ ပွက်လောရိုက်နေတော့၏။

မောင်ထွန်းနိုင်ကား ရုတ်တရက်ဖြစ်ပွားလာသည့် အနေအထားအား မယုံနိုင်စွာဖြင့် နေရာ၌ပင် ရပ်တန့်လျက် ကျောက်ရုပ်တစ်ရုပ်အလား ငေးကြည့်နေမိရာသည်။

ထူးဆန်းသည်ဟုဆိုရမည်ကား ကြီးမားသည်နှင့်အမျှ ချွန်ထွက်သော သွားစွယ်ကြီးများနှင့် မျက်လုံးစိမ်းပိုင်ရှင် ဝံပုလွေကြီးသည် လူဆိုးများကိုသာ ကြမ်းကြမ်းတမ်းတမ်း တရစပ် တိုက်ခိုက်နေလျက် ကိုထွန်းနိုင်ကိုမူကား၊ လုံးဝအန္တရာယ်မပြုခြင်းပင် ဖြစ်ပါလေတော့၏။

အချိန်အနည်းငယ်အတွင်းမှာပင် မြေတိုက်ခန်းအတွင်း၌ သေသူနှင့် အသက်ငင်နေသူများ ဖြစ်ပွားသွားရာ ခေါင်းဆောင် စေမွှန်မှာမူ လုံးဝဒဏ်ရာမရသေးဘဲ ငှင်း၏သေနတ်ကို ကောက်



www.burmeseclassic.com

www.burmeseclassic.com



ယှရန် ကြိုးစားနေ၏။

သို့သော် အနီးအနားဌ်ရှိနေသည့် မောင်ထွန်းနိုင် ကျနေသည့် သေနတ်ကို ခြေထောက်နှင့် အရှိန်ပြင်းစွာကန် လိုက်သဖြင့် ခပ်ဝေးဝေး မြေတိုက်ခန်းတစ်နေရာသို့ လွင့် သွားတော့သည်။

"တောက်...မင်းတော့ကွာ"

သေနတ်လွင့်သွားသောကြောင့် ဒေါသဖြစ်သွား စောမွန်က မောင်ထွန်းနိုင် လည်မျိုကိုညှစ်ရန် လက်ဆန့် လိုက်သည်။

"အား...ဂူး"

ထိုစဉ်မှာပင် မျက်လုံးစိမ်းနှင့် ဝံပုလွေကြီးက ယဲ သည့် လူဆိုးတစ်ယောက်လည်မျိုကို စိတ်ရှိလက်ရှိ ကိုက် ရာမှ ကိုထွန်းနိုင်ထံ တိုးဝင်ရန် ကြိုးစားနေသော စောမွန် အထားကို တွေ့မြင်သွားသည်။

ဤတွင် ကိုက်ခဲ့နေသည့် လူဆိုးကို လွှတ်ချကာ မွန်ဆီသို့ ရှေ့လျားရန်ဟန်ပြင်လိုက်၏။

"အီး...အံမာလေးဗျာ"





ကြောက်လန့်လွန်းလှသဖြင့် စောမွန်သည် မောင်ထွန်းနိုင်ထံ တိုးဝင်ရန် လက်လျှော့လျက် မြေအောက်ခန်းအပေါ်ဆီသို့ တက်ရန် လှေကားထစ်များဆီ တစ်ရှိန်ထိုး ပြေးသွားတော့၏။

"ဝူ...အူ...အူး"

"ဝူး...အူး"

ဝံပုလွေကြီးက ဆွဲဆွဲငင်ငင် ဟူကာ ခုန်အုပ်ခြင်းမပြုဘဲ နေရာမှပင် စောမွန်ကို ကြည့်နေလိုက်သည်။

ယင်းအခိုက်မှာပင် ယုံနိုင်ဖွယ်မရှိသည့်ဖြစ်စဉ်တစ်ခုကို မောင်ထွန်းနိုင် တွေ့လိုက်ရပြန်လေ၏။

အကြောင်းသော်ကား လှေကားထစ်များ၏ အပေါ်ဘက်၌ အဝါရောင်ဝတ်စုံနှင့် အမျိုးသမီးတစ်ဦး ရပ်နေသည့်အဖြစ်ပင်တည်း။

"ဟင်...မင်း...မင်း"

လှေကားထစ်အစမှ လှမ်းတက်ရန် ပြင်နေသည့် စောမွန်သည်လည်း ခြေလှမ်းများ တန့်ကာ အပေါ်ဘက်မှ အဝါရောင် ဝတ်စုံရှင် အမျိုးသမီးကို တအံ့တသြကြည့်ကာ ရေရွတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ခစ်…ခစ်…ခစ်… ခစ်"

ထိုအမျိုးသမီးက ကျာခြွေရယ်ပင် အသံလွင်ကွင်နှင့် ရယ်မောကာ လည်တိုင်ကို မော့လိုက်၏။

ထိုအခါ ထိုမိန်းမပျို၏မျက်နှာကို စောမွန်တစ်ယောက် ထင်လင်းစွာ တွေ့မြင်လိုက်ရတော့၏။

"အိုး…အီး…လက်…လက်စသတ်တော့ မင်းဟာ လှလေးစိန်ကို။ မဖြစ်နိုင်ဘူး… မဖြစ်နိုင်ဘူး။ မင်း…မင်းကို ငါ ကိုယ်တိုင် သင်္ချိုင်းမှာ သေနတ်နဲ့ပစ်သတ်ခဲ့ပြီပဲ"

"လှ…လှလေးစိန်"

စောမွန်က အထိတ်တလန့် ရေရွတ်လိုက်သကဲ့သို့ မောင်ထွန်းခိုင်ကလည်း တအံ့တသြနှင့် လှမ်းခေါ်လိုက်သည်။

ဤတွင် အဝါရောင်ဝတ်စုံနှင့် မိန်းမပျိုက…

"ငွေရဖို့ဆိုရင် ဘနမှုးတောင် သိုက်တူးမယ့် လူယုတ်မာ။ နင့်ကြောင့် မိန်းကလေးအတော်များများဟာ ဒုက္ခနဲ့ တွေ့ကြုံရပြီးဖြစ်သလို၊ ငါဆိုတဲ့လှလေးစိန်ဟာလည်း နင့်ကြောင့် တမလွန်ကို ကူးပြောင်းခဲ့ရပြီ။ နင်လိုလူမျိုးဟာ ဒီလောကကြီးမှာ





ဆက်လက်အသက်ရှင်စရာအကြောင်းမရှိတော့ပါဘူး။ ခါကြွင်"

ဟုဆိုကာ သူမက လက်များကို ဆွေယမ်းပြလိုက်၏။

ထိုအခါ စိမ်းဖန့်ဖန့်မျက်လုံးအစုံဖြင့် ကြည့်နေသည့် လူဆိုးအလောင်းများအလယ်မှ ဝံပုလွေကြီးသည် စောမွန်ရှိရာသို့ လွှားခနဲ ခုန်အုပ်ကာ လည်မျိုကို ခဲထားလိုက်တော့သည်။

"အား…အီ"

"ဂူး…ဝရွး…ဂါး"

ညှန်ထက်သော အစွယ်ကြောင့် စောမွန်လည်ပင်းမှ သွေးများ ပန်းထွက်လာခဲ့၏။

ကိုက်ခဲရုံမျှအားမရသေးဘဲ ဆွဲမွှေယမ်းခါမှုကို ဝံပုလွေကြီးက ပြုပြန်သဖြင့် စောမွန်မှာ လည်တိုင်ကျိုးကြေကာ ချက်ချင်းလိုလို အသက်ထွက်သွားရတော့သည်။

"လှ…လှလေးစိန်…လှလေးစိန်"

မောင်ထွန်းခိုင်က အမောတကော လှမ်းခေါ်၏။

သို့ရာတွင် အဝါရောင်ဝတ်စုံရှင် အမျိုးသမီးသည် မြေတိုက်ခန်းအပေါ်ဘက်သို့ တက်သွားရာ ဝံပုလွေကြီးကလည်း တစ်ပါတည်း လိုက်ပါပျောက်ကွယ်သွားပေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၆)

"အဲဒါပါပဲ ဖေဖေ။ သူ မမျှော်လင့်ဘဲ လာကယ်တဲ့အာ ဏျွန်တော်ဟာ လူဆိုးတွေလက်က လွတ်လာရတာပါပဲဗျာ"

မောင်ထွန်းခိုင်စကားအဆုံးတွင် ဖခင်ဦးကောင်းသိန်းနှင့် ဒေါက်တာအံ့ထူးတို့မှာ သက်ပြင်းကိုယ်စီချလိုက်မိကြလေ၏။

ပြီးမှ ဒေါက်တာအံ့ထူးက…

"အင်း…သမီးလေး…သမီးလေး သူ့ဘဝရဲ့အပိုင်းအခြားမှာ လူယုတ်မာတွေနဲ့သာ ဆုံဆည်းခဲ့ရလေတော့ နာကျည်းစိတ်နဲ့ အခုလိုလိုက်လံပြီး အဲဒီလူယုတ်မာတွေကို လက်စားချေနေတာနဲ့တူပါရဲ့လေ"

ဟု ရေရွတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဦးကောင်းသီးက...

"နေစမ်းပါဦး ကိုအံ့ထူးရယ် ရန်ကုန်မြို့က ဆိုက္ကားသမား ကိုကျားရိုးဆိုတဲ့လူအကြောင်း။ ပြီးတော့ သူ့ဇွေးဦးပံသုဆိုသူနဲ့ သူ့မိန်းမတို့ဟာ သေဆုံးရာမှာ ဝံပုလွေကိုက်ခဲထားမှုဒဏ်ရာမျိုး တွေ့ရတယ်လို့ ပုလိပ်အဖွဲ့က ယူဆတော့ ဟိုဝံပုလွေမျက်လုံး တိစ္ဆကြောင့် လှလေးစိန်ဆိုတဲ့ ခင်ဗျားရဲ့မွေးစားသမီးလေး လက်ရုက်ဆိုတာ ထားပါတော့"

ဟု ဆိုလိုက်လေ၏။

"အင်း...အင်း"

"သို့သော် မိုးကုတ်မြို့ရဲ့ မြေအောက်ခန်းတစ်နေရာမှာ အဝန်းခံနေရတဲ့ ကျုပ်သားဆီကို လှလေးစိန် ဒါမှမဟုတ် ဝံပုလွေကြီး ရောက်သွားတယ်ဆိုတာကတော့ တကယ့်ကို မယုံနိုင်စရာ ဗျာ"

ထိုအခါ ဒေါက်တာအံ့ထူးက...

"ခင်ဗျားပြောတာ မှန်ပါတယ် ကိုကောင်းသီး။ ကျုပ်ဟာ ခေတ်မီလောကဓါတ်သိပ္ပံသမားတစ်ယောက်ပါဗျာ။ သို့သော် ကျုပ်ပြောပြမယ် လောကမှာမယုံနိုင်ဖွယ်ဖြစ်ရပ်တွေဟာ ဒုနဲ့ဒေး





ဆိုသလို ရှိတယ်ဗျ"

"အဲ့ဒါတော့ မှန်ပါတယ်ဗျာ"

"ခင်ဗျားစဉ်းစားကြည့်...ဖြစ်ရပ်တိုင်းမှာ ဝံပုလွေကြီးနဲ့ အဝါရောင်ရှင်ဆိုတာ ဆက်စပ်နေတယ် မဟုတ်လား။ ဒါကြောင့် ကျုပ်ရဲ့မွေးစားသမီးလေး လှလေးစိန်ကို နာမ်လောက၊ သို့တည်းမဟုတ် နာနာဘာဝလောက က ဝိညာဉ်တစ်ခုခုဟာ သူ့ကို ပူးပြီး ကူညီနေတယ်လို့ တွက်ဆရတယ်လေ"

"မှန်တယ်...မှန်ပါတယ်"

ဦးကောင်းသီးက ခေါင်းညိတ်ထောက်ခံလိုက်သည်။

လူရှုယ်ဖြစ်သည့်မောင်ထွန်းနိုင်မှာမူ လူကြီးနှစ်ယောက် ပြောဆိုဆွေးနွေးနေကြသည်အား စိတ်ဝင်စားစွာသော မြိမ်ငြိမ် သက်သက် နားထောင်နေရှာ၏။

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသည့် မောင်ထွန်းနိုင်က ထိုအခါကျမှ ဝင်ပြော၏။

"နို့မို့ဆိုရင်အန်ကယ်နဲ့ ဖေဖေတို့ ပြောနေတဲ့စကားတွေ ကို ကျွန်တော့် လုံးဝလက်ခံမှာ မဟုတ်ဘူး။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်ဟာ လောကဓါတ်သိပ္ပံကျောင်းသား



www.burmeseclassic.com

www.burmeseclassic.com



ယောက်နို့ပါ"

လူကြီးနှစ်ယောက်က ခေါင်းညိတ်ထောက်ခံလိုက်ကြသည်။

"အခုတော့ ကျွန်တော်ကိုယ်တိုင် မိုးကုတ်မြို့ မြေအောက်ခန်းမှာ တွေ့လိုက်ရတဲ့ကိစ္စဟာ အိပ်မက်မှ မဟုတ်တာကလား။ နောက် လှလေးစိန်နဲ့ ချွတ်စွပ်တူလွန်းတဲ့ အမျိုးသမီး၊ သာမန်လူထက် ရွေ့လျားမှုမြန်ဆန်တဲ့ အနေအထားတွေဟာ တွေးလို့တောင် မရနိုင်အောင်ပါပဲ၊ သူနဲ့ ဝံပုလွေကောင်ကြီး ပျောက်သွားမှ ကျွန်တော်ဟာ အေးအေးဆေးဆေး မြေတိုက်ခန်းက ထွက်လာနိုင်ခဲ့တယ်။ အဲ.., ပိုပြီးထူးဆန်းတာက လှေကားထိပ်အရောက်မှာ အိတ်တစ်အိတ်ကို ကြည့်လိုက်တော့ အိတ်ထဲမှာ ကျွန်တော်ပျောက်ဆုံးခဲ့ရတဲ့ ကျောက်မျက်တွေအပြင် အခြားအဖိုးတန် ကျောက်မျက်အတော်များများကို တွေ့ရတာပါပဲခင်ဗျာ"

"ဟေ...ဟုတ်လား"

"ဪ...ဒီလိုကိုး"

အတန်ကြာမှ ဦးကောင်းသီးက...





"ကိုအံ့ထူးရေ...ခင်ဗျားရဲ့မွေးစားသမီး လှလေးစိန်က ခင်ဗျားရဲ့ တစ်ဦးတည်းသော သမီးလေး လှလေးစိန်အစစ်ကို နှုတ်ကွပေးပြီး သေရွာကို ပို့လိုက်တဲ့ လူယုတ်မာကို လက်စားချေပေးတဲ့အပြင် ကိုအံ့ထူးတို့ ကျွန်တို့ကျေးဇူးကို ထပ်မံပြီး ဆပ်တဲ့အနေနဲ့ သားကလေး မောင်ထွန်းမိုင်အသက်ကိုကယ်၊ နောက် လူဆိုးတွေရဲ့ ကျောက်မျက်တွေကိုပါ အဖိုးဆောင်းထည့်ပေးလိုက်တာပဲဗျ။ ပြောရရင် တစ်ချက်ခုတ် သုံးချက်ပြတ်ဆိုသလိုပါပဲဗျာ"

ဟု အားရပါးရ ပြောလိုက်လေ၏။

"ဟုတ်ပါ့...ဟုတ်ပါ့...ဂါနဦးက ကျွန်မတွေးမိခဲ့သူ ဟုတ်ပါ့ဗျာ...ဟုတ်ပါ့...သူကလေးဟာ ကျွန်ုပ်ခံစားနေရတဲ့ သောကတွေအတွက် လူယုတ်မာသော်ထွန်းဆိုတဲ့ကောင်ကို သူ့နည်းသူ့ဟန်နဲ့ သွားပြီး လက်စားချေပေးခဲ့တာပေါ့ဗျာ"

ပြောပြောဆိုဆို မျက်ရည်များ ဝေ့တက်လာသဖြင့် ဒေါက်တာအံ့ထူးက လက်ကိုင်ပုဝါကို ထုတ်၍ သုတ်လိုက်ရှာလေ၏။

သူ့မျက်လုံးတွင် မေသဇ္ဇာဒေါ်လှလေးစိန်၏ရုပ်သဏ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မျက်လုံးစိမ်းစိမ်း ဝံပုလွေကြီးပုံရိပ်ကို မျက်စိထဲ၌ လှမ်းမြင်လိုက်မိလေ၏။

မောင်ထွန်းနိုင်က…

"လှလေးစိန် သေဆုံးတယ်ဆိုတာကို အဲဒီအမျိုးသမီးလေးတွေရဲ့တော့ ကျွန်တော်မှာ မယုံနိုင်အောင် ဖြစ်ရတယ် အန်ကယ်"

ဟုပြောလိုက်၏။

"အေး…မင်းပြောသလိုပါပဲ မောင်ထွန်းနိုင်။ ငါ့ဘဝမှာ သမီးလေး ဆုံးသွားတော့ ခံစားရပေမဲ့ လှတွေနဲ့တောင် မထိတွေ့ မဆက်ဆံချင်လောက်အောင် ခံစားနေရတာမှာ လှလေးစိန်နဲ့ ရုပ်ချင်းတူတဲ့ ဒီသမီးလေးတွေ့တော့ ငါ့ဘဝဟာ မျှော်လင့်ချက်နဲ့ တစ်နည်းတစ်ဖုံ ပြန်လည်ရှင်သန်လာခဲ့ရတယ်လို့ ပြောရမှာပါပဲ"

ဦးကောင်းသီးက…

"သားရယ် ဖြစ်ချင်တော့ ဝံပုလွေမျက်လုံးနဲ့ အစားထိုးကုသလိုက်ရာက အခုလို…

ဟု စကားကိုထိန်းနှင့်ပင်ရပ်တန့်ထားလိုက်တော့သည်။





မောင်ထွန်းနိုင်က ဆက်လက်၍…

"လူသတ်မှုကိစ္စတွေမှာ ပုလိပ်ဘက်က အန်ကယ်ရဲ့သမီးလေးအပေါ် သံသယဖြစ်ကြသေးလားဟင်"

ဟု မေးရာ ဒေါက်တာအုံထွေးက…

"မွေးစားသမီးအကြောင်း သူတို့ မသိကြပေမယ့် လူသတ်မှုဖြစ်စဉ်တွေရဲ့ အနေအထားနဲ့ ဆဲလွှန်းအပေါ်မှာ ပုလိပ်ဘက်ကတော့ သူတို့နည်းရှိသလောက် တရားခံကို စုံစမ်းကြမှာပေါ့ကွယ်"

ဟု ဆိုလိုက်လေ၏။

မကြာမီ မောင်ထွန်းနိုင့်တစ်ယောက် ပြန်သွားရာ မြေအောက်ခန်းအတွင်းတွင် ဒေါက်တာအုံထွေးနှင့် ဦးကောင်းသီးတို့ နှစ်ဦးသား ကျန်ရစ်ခဲ့လေတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၇)

ထိုညသည် နတ်တော်လဆန်းလပြည့်ညဖြစ်ရာ ကောင်း-ကင်၌ လမင်းမှာ ဝိုင်းဝိုင်းစက်စက် ပြည့်ပြည့်ဝန်းဝန်း သာလျက်ရှိသည်။

ဓါက်တာဇော်ထူးနှင့် ဦးကောင်းသီးတို့သည် မြေအောက်ခန်းအငပေါ်ဘက်၌ ကြိမ်ကုလားထိုင်ကိုယ်စီနှင့် ထိုင်ကာ ဆေးတံကိုယ်စီဖွာလျက်ရှိကြသည်။

"ကျွပ်သမီးလေး လုလေးစိန် ပျောက်သွားတာ အခုဆိုရင် တစ်လပြည့်သွားပြီဗျ ကိုကောင်းသီး။ သူ ပျောက်သွားတာ အခုလို လပြည့်ညပဲလေ"

ဤတွင် ဦးကောင်းသီးက…



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပြောမှ တစ်စုံတစ်ရာကို ကျွပ်သတိရသွားတယ် ကိုအံ့ထူး"

ဟု ဆိုလိုက်၏။

"ဘာများပါလိမ့်ဗျာ"

"ဟိုလေ . . . ဝံပုလွေဆိုတဲ့ သတ္တဝါမျိုးဟာ လပြည့် လကွယ်ညတွေမှာ ကောင်းကင်ကို ကြည့်ပြီး ဘာသာဘာဝ မျ တဲ့အပြင် အဲ့ဒီညမျိုးဟာ ဝံပုလွေသတ္တဝါတွေအဖို့ ထူးထူးခြားခြား ဆိုနိုင်တယ်လို့ ဘာသာပြန်ဝတ္ထုတစ်အုပ်မှာ ရေးသားထားတာ ကျွပ် ဖတ်ရသဗျ"

"အင်း . . . မှန်ပါတယ်။ အနောက်နိုင်ငံတွေမှာ ဆေးတ ခေါ် နတ်ဆိုးရဲ့အစေအပါးလို့ ရည်ညွှန်းသလို ဓိလိုညတွေမှာ ဖျ ဝံပုလွေလို့ခေါ်တဲ့ ထူးထူးခြားခြား သတ္တဝါမျိုးဟာ ရဲတိုက်ဟောင်း တို့ သချိုင်းဟောင်းတို့မှာ တကယ့်ကြောက်ခမန်းလိလို ဖြစ်ရပ် တွေကို ဖန်တီးကြလေ့ရှိတယ်လို့ ဆိုကြပေတယ် ဦးကောင်းသီ ရဲ့"

"ဩော် . . . ဩော်"

နှစ်ဦးသား ဆေးတံကိုယ်စီဖွာရှိုက်လိုက်ကြပြန်သည်။





"ဝူ . . . အူ . . . ဝူး"

"ဝူ . . . အူး"

ထိုအခိုက် အဝေးဆီမှ ရှူးရှူးဝါးဝါး အူသံလိုလို ဟောင်သံလိုလိုကြီး ထွက်ပေါ်လာရာ အတိုင်းသားကြားလိုက်ရသည့် နှစ်ယောက်သားမှာ အူအသည်များ တုန်ခါကာ ကြက်သီးမွေးညှင်းများပင် ထသွားရတော့သည်။

ပြီး နှစ်ဦးသား မျက်နှာချင်းဆိုင်ကာ မျက်လုံးချင်း အငြိမ် ကြည့်လိုက်မိကြတော့သည်။

ယင်းသို့ရှိစဉ် လေပြေတစ်ချက် သုတ်ဖြူးသွားကာ သစ် ရွက်ခြောက်များ လွင့်ပျံလာ၏။

ပြီး ခြေသံတဖျပ်ဖျပ် ကြားရကာ ခပ်လှမ်းလှမ်းရှိ ဗိတောက်ပင်အိုကြီးအောက်ဘက်မှ တလှုပ်လှုပ်လျှောက်လာ နေသည့် လူရိပ်တစ်ခုကို တွေ့လိုက်ရတော့၏။

"အို"

"ဟင်"

ဒေါက်တာအံ့ထူးရော၊ ဦးကောင်းသီးပါ အံ့အားသင့် ကြက်သေသေကာ အာမေဋိတ်သံကိုယ်စီ ရေရွတ်မိကြနိုင် ထို



www.burmeseclassic.com

www.burmeseclassic.com



ဝါရောင်သစ္စာနှက မနီးသို့ရောက်လာခဲ့၏။

"အန်ကယ်၊ ဦးလေးဦးကောင်းသီး"

"ဘော"

"အလို"

အဝါရောင်ဝတ်စုံပိုင်ရှင်မှာ မေသန္တာခေါ် လုံလေးစိန် ဖြစ်လျက် ပြုံးရှင်သောမျက်နှာအမူအရာဖြင့် ၎င်းတို့နှစ်ဦးအား နှုတ်ဆက်လိုက်သော်လည်း အံ့အားသင့်မြဲ သင့်လျက်ရှိသည့် လူကြီးနှစ်ဦးမှာ လှုပ်ရှားရန်ပင် မေ့လျက် အငေးသားကြည့်နေမိကြသည်။

"ခစ်...ခစ်...ခစ်...ဘာလဲ အန်ကယ်။ သမီးလုလေး စိန်လေး ကိုယ့်သမီးကိုတောင် မမှတ်မိဘူးလား"

ထိုသို့ဆိုရင်း သူမက ထပ်မံပြောလိုက်မှ ဖေါက်တာ ပူးတစ်ယောက် ချက်ချင်း သတိရလာကာ ဝမ်းမြောက်ဝမ်းသာ နှင့် ပွေ့ဖက်လိုက်လေ၏။

"သမီးရယ်...သမီးလေးရယ်...ဘယ်တွေလျှောက်သွား နေတာလဲဟင်။ အန်ကယ်တို့မှာ သမီးအတွက်နဲ့ နေ့စဉ် စိတ်ဆင်းရဲ သောကဖြစ်နေရတာကလား။ မသွားပါနဲ့တော့နော်"





"အကြောင်းကြောင်းတွေကြောင့် မသွားမဖြစ် သွားနေ ရတာပါ အန်ကယ်ရယ်"

ဦးကောင်းသီးမှာ သားအဖနှစ်ဦးကိုကြည့်ကာ ဝမ်းသာ ဝမ်းနည်းဖြစ်လျက် မျက်ရည်များ လည်လာရလေ၏။

ပြီးမှ ၎င်းကလည်း...

"သမီးလေးလုလေးစိန် ဦးလေးတို့လည်း မောင်ထွန်းနိုင် ပြောပြလို့ သမီးလေးရဲ့လုပ်ရပ်နဲ့ အစွမ်းသတ္တိတွေ သိသင့်သလောက် သိပြီးကြပါပြီ။ ဒါပေမယ့် မိန်းကလေးရေ...သမီးကျူးလွန်ခဲ့တဲ့ ဖြစ်ရပ်တွေဟာ လူသတ်မှုဖြစ်လေတော့ ပုလိပ်ဘက်က အရေး ထောက်လှမ်းနေတယ်ဆိုတာ သိသင့်သလို သတိထားသင့်ပေ တယ်ကွယ့်"

ဟု ဆိုလိုက်၏။

"ဦးလေးပြောတာ မှန်ပါတယ်ရှင်"

ထို့နောက် သားအဖနှစ်ဦး ပွေ့ဖက်ရာမှ ခွာကာ လရောင် အောက်တွင် တစ်ဦးမျက်နှာ တစ်ဦး စေ့စေ့ကြည့်နေမိကြလေ၏။

"ကဲ...ကဲ...ဒီမှာရပ်နေလို့ မဖြစ်ဘူး ကိုအံ့တွေး ပုလိပ်ဘက်က လူတစ်ယောက်တွေ့သွားရင် မလွယ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မြေအောက်ခန်းကို ဝင်ကြစို့ရှို့"

"ဟုတ်တယ်…ဟုတ်တယ်…လာ…သမီး"

ပြောပြောဆိုဆို ဒေါက်တာအဲ့ထူးက လှလေးစိန်လက်ကို ဆွဲကာ မြေအောက်ခန်းရှိရာသို့ ဆွဲခေါ်လာရာ ဦးကောင်းသီးပါ လိုက်လာခဲ့ရသည်။

မြေအောက်ခန်းရှိ ဓာတ်မီး၊ ဓာတ်ခလုတ်များကို ဖွင့်ကာ ထိုင်ခုံအသီးသီး၌ ထိုင်မိစဉ် မည်သို့ဖြစ်သည်မသိအောင်ပင် လှလေးစိန်မှာ ဆေးရည်စိမ်ထားသည့် မှန်သေတ္တာထဲမှ ဝံပုလွေ ကိုယ်ခန္ဓာကြီးအား အငေးသားစိုက်ကြည့်နေလေ၏။

ဤတွင် ဒေါက်တာအဲ့ထူးက…

"သမီးရယ်…သမီးရဲ့မျက်လုံးတွေ အကောင်းပကတိနဲ့ အမြင်ဆုံးပြန်လင်းလာအောင် ကြိုးစားရာမှာ မမျှော်လင့်ဘဲ အခု လို ဝံပုလွေမျက်လုံးနဲ့…"

ဟု စကားတစ်ပိုင်းတစ်စနှင့် ရပ်သွားလေ၏။

ထိုအခါ လှလေးစိန်က လှလှပပပြုံးလျက်…

"ဒီအတွက် အန်ကယ်တို့နှစ်ဦးစလုံး စိတ်မကောင်း ဖြစ်နေမှာကို သမီး သိပါတယ်။ ဒါပေမယ့်…ဒါပေမယ့်"





ဟုဆိုကာ ရပ်လိုက်၏။

ခါးကုန်းကြီး ဦးကောင်းသီးက…

"ဒါပေမယ့် ဘာဖြစ်သလဲကွယ်။ ဆက်ပြီးပြောပါဦး တော့ လှလေးစိန်ရယ်"

ဟု မေးလိုက်၏။

"သမီးဘဝဟာ သိပ်ကိုကြမ်းတမ်းပြီးသိမ်တို့ဆိုးရွားခဲ့ရ ပါတယ်ရှင်၊ ဝေဒနာမရှိပေမယ့် မိခင်နဲ့ဖေရေလား အောက်မေ့ တယ်။ ယုတ်မာရိုင်းစိုင်းတဲ့ ပတွေ့ဖြစ်ခဲ့ရကြောင့် သားအမိတွေ ရှင်ကွဲ ကွဲရတယ်"

ထို့နောက် သူက ဖြစ်စဉ်အကြောင်းအရာများကို ပြည့် ပြည့်စုံစုံ ပြောပြလိုက်တော့သည်။

အားလုံး တအံ့တသြ နားထောင်ပြီးသောအခါ

"ကဲ…သမီးရယ် သမီးရဲ့ဖြစ်စဉ်နဲ့ ဘဝအကြောင်းတွေ အမြင် မယုံနိုင်စရာဖြစ်စဉ်တွေနဲ့ လူယုတ်မာတွေကို [illegible] ရေတဲ့အကြောင်းတွေ အန်ကယ်တို့ အပြည့်အစုံ [illegible] အန်ကယ် သိရှိထားက ဒီကိစ္စတွေပြီးပြီနော်။ [illegible] [illegible]ထားတဲ့ တိုက်အိမ်ကြီးကို ပြန်ပြုပြင်ပြီး သားအမိ[illegible]



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေကြတာပေါ့လို့ . . . ဟုတ်လား သမီး"

ခါးကုန်းကြီးဦးကောင်းသီးတလည်း...

"ဟုတ်ပါတယ် သမီးလှလေးစိန်။ ပြီးတော့ ဦးလေးရဲ့သား မောင်ထွန်းနိုင်ဟာ အရင်လှလေးစိန်ရှိစဉ်ကတည်းက ချစ်ခင်စွဲလမ်းနေတယ်ဆိုတာ ဦးလေး အသိပါ။ အခုတစ်ခါ သမီးက သူ့အသက်ကို မဖြစ်မနေကယ်တင်လိုက်တဲ့အတွက် သားလေးဟာ သမီးအပေါ်မှာ ပိုလို့မေတ္တာကြီးမားလာတယ်ဆိုရမှာပေါ့ကွယ်။ တိုတိုပြောရရင် သမီးနဲ့ မောင်ထွန်းနိုင်ကို လက်ဆက်ပေးချင်ပါတယ်၊ ဘယ့်နှယ်လဲဟင်"

ဟု ရှည်လျားစွာ ပြောလိုက်လေ၏။

ဤတွင် ဓါက်တာအုံထူးက ဝမ်းမြောက်သည့်အနေအထားနှင့်...

"မှန်တယ် သမီး။ သမီးနဲ့ အရည်အချင်းရော ရုပ်ရည်ပါ ပြောစရာမလိုတဲ့ မောင်ထွန်းနိုင်နဲ့ အိမ်ထောင်ချပေးမယ်။ သမီးတို့အတွက် လက်ဖွဲ့ပေးတဲ့ တိုက်အိမ်ကြီးမှာ ပျော်ရွှင်စွာ နေကြပေတော့ပေါ့ကွယ်နော်...သမီး"





ဟု ရွှန်းရွှန်းစားစားကြည့်ကာ ပြောလိုက်လေ၏။

စကားဆုံးသောအခါ လှလေးစိန်သည် ဓါက်တာအုံထူး၏ လက်အစုံကို သူမလက်အစုံဖြင့် ယုယစွာကိုင်ကာ ဖွတ်သစ်ရာ မျက်ရည်ပေါက်ကြီးများ ကျလာလျက် ရှိုက်ကြီးတငင် ငိုကြွေးလိုက်တော့၏။

"အို...ဘာဖြစ်လို့ ငိုရတာလဲ သမီးရယ်"

"သမီးလေ လူမှန်းသိစကတည်းက ဖခင်မေတ္တာ ငတ်မွတ်ခဲ့ပါတယ်။ အန်ကယ်ဟာ သမီးဘဝရဲ့ကျေးဇူးရှင်ဖြစ်သလို ဘယ်သူမှ ပေးစွမ်းနိုင်ခြင်းမရှိတဲ့ ဖခင်မေတ္တာကို အပြည့်အဝ ပေးခဲ့သူပါ။ ဒါ...ဒါပေမယ့်...ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ သမီးရယ်"

မရိုတင်ကဲမေးလိုက်သည့် ဓါက်တာအုံထူးအမေးကြောင့် လှလေးစိန်က ဤသို့ပြော၏။

"အခုဆိုရင် သမီးဟာ ရာဇဝတ်မှုကျူးတဲ့ လူသတ်သမားတစ်ယောက်ဖြစ်နေခဲ့ပါပြီ။ ပြီး . . . ပြီးတော့ သမီးမှာ သတ်ပြီး ရှာဖွေသုတ်သင်ရမယ့် အရေးတကြီးလူယုတ်မာတစ်ယောက်ကျန်သေးတယ် အန်ကယ်။ အဲဒီကိစ္စပြီးရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ကံကြုံမှာပေါ့မှာ မှတ်ညည်ပြီး အန်ကယ်ဖြစ်စေရှင်သလိုဖြစ်အောင် သမီး ကြိုးစားမှာပါ"

ဟု ရှင်းပြရှာ၏။

မတတ်သာသည့်အဆုံးတွင် ဒေါက်တာအုံထူးက ဤသို့ ပြောလေ၏။

"သမီးပြောပြတာကို အန်ကယ် သဘောပေါက်ပါတယ် ကွယ်။ ဒါပေမယ့် အန်ကယ်အနေနဲ့ သမီးကို အထူးသတိပေးချင်တာက လူယုတ်မာတွေကို သမီးရဲ့ အကြောင်းအားလျော်စွာ သုတ်သင်မှုကို မပြောလိုပေမယ့်၊ လူကောင်းတွေကိုတော့ နည်းနည်းမှ ဒုက္ခမရောက်ပါစေနဲ့ သမီးရယ်"

"စိတ်ချပါ အန်ကယ်။ သမီး ကတိပေးပါတယ်"

ထို့နောက် လှလေးစိန်သည် ဒေါက်တာအုံထူးနှင့် ဦးကောင်းသီးတို့အား မျက်ရည်လည်ရွဲနှင့် ကန်တော့ကာ နှုတ်ဆက်လျက် အခန်းတွင်းမှ ပြန်လှည့်ထွက်ခွာသွားပေတော့၏။

× × ×





## အခန်း (၂၈)

ပဲခူးရိုးမတစ်ခွင်သည် သစ်ပင်ကြီးငယ်များ အုံ့ဆိုင်းညို့မှိုင်းလျက် ရှိ၏။

တောင်ကုန်း၊ တောတန်း၊ လျှိုမြောင်နှင့် ကျောက်ဂူများက နေရာအနှံ့ ရှိနေကြသည်။

ထို့ပြင်တာ၀ ရှဉ့်ငယ်၊ ယုန်ငယ်၊ မြွေပါနှင့် ကင်းလိပ် စသည့်သတ္တဝါငယ်လေးများအပြင် ကျား၊ ကျားသစ်၊ ဆင်၊ မြောင်း တောဝက်၊ ဂျီ၊ ဆတ်၊ သားမင်း စသော သားကောင်ကြီးများကလည်း ထိုပဲခူးရိုးမအတွင်း၌ ပေါများလှပေ၏။

ယခုအခါ ယင်းပဲခူးရိုးမတောနက်ကြီးအတွင်းသို့ လက်နက်ကိုင် လူတစ်စု ဝင်ရောက်လာလျက်ရှိနေကြပေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်စုဆိုရာ၌ လူပေါင်းကိုးယောက်တိတိဖြစ်ကာ ခေါင်းဆောင်ဖြစ်သူ ရုပ်ကြမ်းကြမ်း ဗလကောင်းကောင်း ဂင်တိုတို နှင့် ခေါင်းဆောင်ဖြစ်သူက ကျောက်တုံးတစ်တုံးပေါ်တွင် မြေပုံ ကားချပ်တစ်ခုကို ဖြန့်ခင်းကာ စိမ်ပြေနပြေကြည့်နေလေ၏။

"အခုဆိုရင် ကျုပ်တို့ဟာ မြေပုံညွှန်းအရ အင်္ဂလိပ် တပ်သားတွေ လျှို့ဝှက်ထားရှိတဲ့ ရတနာရှိရာ ကျောက်ဂူကို ရောက်တော့မယ်။ အရေးကြီးတာ ကျွဲတညင်းပင်သုံးပင် ဖိုခုံ လောက်ဆိုင်နေရာကို အမြန်ဆုံးတွေ့ဖို့ပဲ"

ယင်းသို့ပြောလိုက်သည့်အတွက် လူအားလုံး စိတ်ဓာတ် တက်ကြွသွားကြကာ ဟေးခနဲ အော်ဟစ်လိုက်ကြ၏။

ပြီးမှ ခေါင်းဆောင်ဖြစ်သူက ရုပ်ချောချောနှင့် လူတစ် ယောက်ကို ပခုံးဖက်ကာ…

"ရတနာတွေ တွေ့တဲ့အခါ ခင်ဗျားကို ဝေစုအနေနဲ့ ပို ပေးမယ်ဆိုတာ ယုံပါ ကိုချောသာ။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျား က မြေပုံကိုရယူခဲ့သူဖြစ်လို့ပါပဲ"

ဟု ဆိုလိုက်လေ၏။

ထိုအခါ ကိုချောသာဆိုသူသည် ရင်းသတ်ခဲ့သည့်





ပင်လယ်ဓားပြဟောင်းတစ်ယောက်၏ နာကျင်စွာ အော်ဟစ်သံ ကို ပြန်လည်ကြားယောင်ရင်း ခေါင်းညိတ်လိုက်၏။

ပြီးမှ ၎င်းက…

"ခင်ဗျားသတိတဲ့အတိုင်းပါပဲ ကိုမဲခေါင်။ အဲဒီပင်လယ် ဓားပြကို မုးကပ်သတ်ဖြတ်လို့ ရတနာမြေပုံကို ယူခဲ့ချိန်မှာ သူတို့ ပင်လယ်ဓားပြဂိုဏ်းဝင်တွေဟာ ကျုပ်ကို သတ်ဖြတ်သုတ်သင်ဖို့ အလျှို အလျှို လိုက်နေကြတာ"

"သိပ်သိတာပေါ့ ကိုချောသာရယ်"

"ဒါကြောင့် ကျွန်တော်က ခင်ဗျားဆီမရောက်ရောက် အောင်လာပြီး ဒီရတနာမြေပုံကို ပေးအပ်ခဲ့တာပေါ့ဗျာ"

"သိပါတယ်…သိပါတယ်။ ဒါကြောင့် ရတနာတွေရရင် ခင်ဗျား မနစ်နာစေရပါဘူးလို့ ကျုပ် ကတိပေးတာပေါ့။ ကဲ…ဆဲ နေမဝင်ခင် ခရီးဆက်ကြစို့ဗျာ"

"ဟုတ်ကဲ့"

ပြောပြောဆိုဆို လက်ဝှေ့ယမ်းပြလိုက်သဖြင့် လက်နက် ကိုင်လူဆိုးတစ်စုလည်း တောအုပ်အတွင်း ဆက်လက်၍ ခရီးနှင် ကြလေတော့၏။



www.burmeseclassic.com

မျောက်နှင့်ရှဉ့်ညိုကလေးများသည် ထိုလူစုကိုမြင်ရသည်တွင် ထိတ်လန့်စွာ အော်ဟစ်လျက် သစ်ပင်တစ်ပင်မှ တစ်ပင်ခုန်လွှားကာ ကြောက်အားလန့်အား ပြေးလွှားနေကြတော့သည်။

အချို့သော သမင်၊ ဒရယ်သတ္တဝါတို့မှာ လူအုပ်မြင်သည်နှင့် ပြန်လှည့်ကာ နောက်ကြောင်းသို့ အသက်လုပြေးလွှားကျန်ကြ၏။

"ဟား••ဟိုမှာ သမင်တစ်ကောင်"

"ပစ်ဟေ့"

"ဒိုင်း"

ခင်တန်းကလေးအကွယ်မှ လူအုပ်မြင်သဖြင့် ထွက်ပြေးသော သမင်ကြီးတစ်ကောင်အား လူဆိုးအုပ်စုထဲမှ လက်မြန်သူတစ်ယောက်က သေနတ်နှင့် လှမ်းပစ်လိုက်သည့်အတွက် ချက်ကောင်းမှန်ကာ ထွေးခနဲပစ်ကျသွား၏။

"ဟေး"

"ဟီးရီးကွ"

တစ်ခဲနက်ညာသံပေးကြလျက် တချို့က ပြေးကောက်၍ ကျောက်ကလပ်ကြီးတစ်ခုနားတွင် ခေတ္တရပ်ကာ မီးဖိုပြီး ကင်စား





ကြသည်။

"ဆိုမွှေးနေတာပဲ"

"စားလို့သိပ်ကောင်းတယ်နော်"

"အရမ်းကောင်း"

ဤသို့ သမင်သားကင်များကို တပျော်တပါးစားသောက်လျက်ရှိနေကြစဉ် အဝေးမှ သတ္တဝါတစ်စုံတစ်ရာတို့၏ ခြေသံများကို ကြားလိုက်ရသည်ထင်မှတ်သဖြင့် လူဆိုးအုပ်စု၏ ခေါင်းဆောင်ဖြစ်သူ မဲခေါင်ကြီးက လူအားလုံးကို အသံများ တိတ်ဆိတ်ကြရန် လက်ဟန်ဖြင့် အချက်ပြလိုက်သည်။

အကောင်ပလောင်ဟူ၍ ခြုပ်အထုအထည်ကို မမြင်ရထင်ကစား သတ္တဝါအတော်များများ၏ ခပ်ဖွဖွပြေးလာသော ခြေသံများကို ကြားရသဖြင့် လူအားလုံး စားသောက်နေသည်များကို ဖယ်ချကာ ပစ်ခတ်ရန် အနေအထား သေနတ်များကို အသင့်ပြင်ဆင်လိုက်ကြလေ၏။

"အားလုံး သတိထားကြနော်။ ဘယ်လိုသတ္တဝါတွေဆိုတာ ခန့်မှန်းလို့ကို မရနိုင်သေးတာမို့ အန္တရာယ်ကို အထင်မသေးကြနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်မဲခေါင်ကြီးက သတိပေးကာ သူကိုယ်တိုင် ပင် ကိုချောသာကို လက်ဆွဲခေါ်ကာ အရပ်လေးမျက်နှာသို့ အကဲ ခတ်ကြည့်ရှုနေသည်။

အဝေးဆီမှ ဖုန်လုံးကြီးများ လိမ့်၍ လိမ့်၍ တက်လာသည် ကို တွေ့မြင်ကြရ၏။

ထိုဖုံလုံးကြီးများသည် ဝေးရာမှ နီးလာကာ တဖြည်းဖြည်း ပြယ်လွင့်သွားတော့သည်။

ဖုန်လုံးများ ပြယ်လွင့်သွားသည်တွင် ဦးစွာ စိမ်းဖန့်ဖန့် မျက်လုံးအစုံကို တွေ့ရလျက် မကြာမီ ဓါးနီးရောင်အမွေးရှည်များ နှင့် ဝံပုလွေကြီးတစ်ကောင်ကို အမှတ်မထင် တွေ့မြင်လိုက်ကြ ရပေတော့သည်။

"ဟာ…ဝံပုလွေကြီးဟေ့…ပစ်…ပစ်"

"အား…နည်းတဲ့ကောင်ကြီး မဟုတ်ပါလား"

"ဒိုင်း…ဒိုင်း"

"ရှီ"

"ဒိုင်း"

တဒင်္ဂအတွင်း အော်သံဟစ်သံ၊ သေနတ်သံ၊ ကျည်ဆံ





များ လေအဟုန်ကို ခွင်းထွက်သွားသံ စသည် ထိုနေရာတစ် ဝိုက်၌ သောသောညံသွားတော့၏။

သို့သော် ထိုသွားစွယ်ဖွေးဖွေးနှင့် မျက်လုံးစိမ်းသတ္တဝါ ကြီးမှာ လေထဲ၌ ခုန်ပျံလွှားချ၍လည်းကောင်း၊ မြေပြင်၌ လူးလိမ့် ၍လည်းကောင်း မယုံနိုင်ဖွယ် လျင်မြန်ခြင်းမျိုးဖြင့် ရှောင်တိမ်း လျက်ရှိနေလေ၏။

"ပစ်…ပစ်…ကျည်ဆံထပ်ထည့်သူ ထပ်ထည့်၊ ထိ အောင် ပစ်ကြ"

လူဆိုးခေါင်းဆောင်းမဲခေါင်ကြီး ထိုသို့အော်ဟစ်လျက် ထူးထူးခြားခြား လူးလိမ့်ရှောင်တိမ်းနေသည့် ဝံပုလွေကြီးအား ထိ မှန်ရန် လောဆော်လိုက်၏။

ယမ်းနံ့များက ထိုနေရာတစ်ဝိုက်၌ မွှန်ထူလျက်ရှိနေပေ သည်။

"ဒိုင်း…ဒိုင်း"

"ရှီ…ရှီ"

"ဒိုင်း"

ဆက်လက်၍ မရပ်မနားပစ်ခတ်သံများ ထွက်ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြန့်ပြီးနောက် ယမ်းခိုးများ ဝေနေဆဲတွင် အခြေအနေက ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့သည်။

"အီး"

"အား"

"အမလေးဗျ"

အကြောင်းသော်ကား ယမ်းခိုးများ ဝေနေဆဲကာလတွင် သေနတ်နှင့် ပစ်ခတ်နေသော လူဆိုးအချို့မှာ ယယ်သံပါအောင် အော်ကာ ဝရန်းသုဉ်းကား လဲကျသေဆုံးသွားကြတော့သည်။

ဆက်လက်၍လည်း အရပ်လေးမျက်နှာမှ ဝံပုလွေအအုပ်အသင်း တော်တော်များများသည် တစ်ပြိုင်နက်လိုလိုပင် လူဆိုးအုပ်အား ခုန်လွှားတိုက်ခိုက်ကြရာ လူနှင့်ဝံပုလွေအုပ်စု၏ တိုက်ပွဲမှာ ချက်ချင်းလိုပင် ကြောက်ခမန်းလိလိဖြစ်ပွားသွားတော့သည်။

လူအော်သံ၊ ဝံပုလွေဟောင်သံ၊ မာန်သွင်းအော်ဟစ်သံ၊ နာကျင်စွာညည်းညူသံတို့ တစ်ခဲနက်ထွက် ပေါ်လာပြီး မကြာမီမြင်ကွင်းရှင်းသွားသောအခါ လူဆိုးအားလုံးသေဆုံးလျက် ပိုးလိုပက်လက်လဲကျကာ သွေးသံရဲရဲအနေအထားရှိနေကြ၏။

ထိုအချိန်၌ နွယ်ကြိုးနှင့် သစ်ပင်တစ်ပင်မှ တစ်ပင်သို့





ခုန်လွှားသွားနေသည့် လူတစ်ယောက်ကို တောအုပ်ဟစ်နေရာ၌ မြင်တွေ့ရမည်ဖြစ်ပေသည်။

အမှန်စင်စစ် ထိုသူသည် ကိုချောသာဆိုသူဖြစ်ကာ သေဆုံးသွားသူ လူဆိုးခေါင်းဆောင် မဲခေါင်ကြီးထံမှ ရတနာမြေပုံကို ဆွဲယူလျက် ဝံပုလွေများ ဘေးရန်မှ လက်လွတ်ထွက်ပြေးခြင်းသာ ဖြစ်လေတော့၏။

သို့သော် ကျားတစ်ကောင်အလား ကြီးမားသော ဝံပုလွေကြီးတစ်ကောင်ကလည်း တောကြို့ ချုံကြား ခင်တန်းနှင့် မြောင်အကွေ့မချန် ထိုသူရှိရာနေရာသို့ လွှားခနဲ၊ လွှားခန ခုန်လျက် ထပ်ချပ်မကွာ လိုက်ပါလျက်ရှိနေတော့သည်။

ဤသို့ဖြင့် ချောသာက နွယ်ကြိုးမှတစ်ဆင့် တောင်ကုန်းကလေးတစ်ခုပေါ်သို့ လွဲခိုဆဲအခိုက်မှာပင် မြေပြင်မှ ပေါ့ပါးစွာ ခုန်လွှားလာသည့် ဝံပုလွေကြီးက လေထဲ၌ပင် အမိအရထိုးဟပ်လိုက်နိုင်ခဲ့လေ၏။

"အီး"

"ဘုတ်"

ထိုကြောင့် တောင်ကုန်းကလေးအစပ်တွင် ကျသွားသော

www.burmeseclassic.com

www.burmeseclassic.com



ချောသာကိုယ်ပေါ်သို့ ဝံပုလွေကြီးက အသာစီးဖြင့် အုပ်မိုးခွရပ်ထားပေတော့သည်။

"ဟင်…ဒါ…ဒါ…မေ…မေသန္တာ။ အမလေး… ဝံပုလွေကောင်ကြီးဗျ…ကယ်ကြပါဦးဗျို့"

ဝံပုလွေကြီးက ယင်းသို့ခွရပ်၍ စီးမိုးထားစဉ် မော့ကြည့်မိသော ချောသာမှာ အကြောက်လွန်၍လောမသိပေ။ ထိုဝံပုလွေကြီးမျက်နှာမှာ စိမ်းဖန့်ဖန့် မျက်လုံးအစုံ သွားစွယ်ဖွေးဖွေးကြားမှ တစ်ခါတစ်ရံ မေသန္တာ၏မျက်နှာမျိုး ဖြစ်သွားတတ်သည်ယူဆကာ ငယ်သံပါအောင် အော်ဟစ်နေရှာ၏။

သို့သော် ဝံပုလွေကြီးက ချက်ချင်းလိုပင် ချောသာ၏လည်မျိုကို ကိုက်ဖောက်လျက် ခါယမ်းလိုက်လေတော့၏။

သို့အတွက် ချောသာကား ရုပ်ပျက်ဆင်းပျက် သေဆုံးသွားရှာပြီဖြစ်ပေသည်။

"ဖျပ်…ဖျပ်"

ထိုအချိန် မလှမ်းမကမ်းမှ ခြေသံကြားရသည်ကြောင့် ချောသာအလောင်းအနီး ရပ်နေသည့် ဝံပုလွေကြီးက ချာခနဲ လှည့်လိုက်၏။





"ဟိုက်…တစ်ချိန်က ငါ့ထောင်ချောက်မှာမိပြီး ရန်ကုန်က ဓါက်တာကြီးကို ရောင်းခဲ့တဲ့ ဝံပုလွေကြီးပါလား…ဘုရား ဘုရား"

ရေရွတ်သံနှင့်အတူ မှဆိုးကြီးသည် အန္တရာယ်အငွေ့အသက်ကို နမ်းတွေ့ ဒူးတွေ့ကြုံလိုက်ရသဖြင့် သတိရှိရှိ ဒူးလေးနှင့် ချိန်လိုက်၏။

"ဝူ…အု…အူး"

ဝံပုလွေကြီးကလည်း ၎င်းအား ထောင်ချောက်ဆင် ဖမ်းသည်သာမက ထောင်ချောက်မှထုတ်လျက် တစ်နေရာသို့ ချုပ်နှောင်ခေါ်ဆောင်သွားခဲ့သူ မှဆိုးကြီးအား မုတ်ခိမ်ပာန်ဖြင့် အငြိုးနှင့်မဆိုင်းမတွ လွှားခနဲ ခုန်အုပ်လိုက်လေတော့၏။

"ဝိုး"

"ဝုန်"

"ဒုတ်"

"အူး"

ဝံပုလွေကြီးခုန်အုပ်စဉ် မုဆိုးကြီးကလည်း ဒူးလေးမြားတံကို ခပ်သွက်သွက် ပစ်လွှတ်လိုက်၏။



www.burmeseclassic.com

ထို့ကြောင့်ပင် ဝံပုလွေကြီးဝမ်းဗိုက်တွင် အခဲပ်မြားစူးထိမှန်သွားကာ မချိမဆန့်အော်သံကြီးဖြင့် ကုန်းလျှောနေရာမှ လိမ့်ကာ အောက်ဘက်လျှိုကြီးအတွင်းသို့ ထိုးကျသွားရတော့၏။

"အင်း...ထိသွားပြီ။ အဆိပ်မြားဒဏ်ကို ဘယ်သတ္တဝါမှ မခံနိုင်ပါဘူးလေ။ ဘာပဲဖြစ်ဖြစ် ဒီဝံပုလွေကြီး သေမသေ လျှိုအောက်ကို ဆင်းပြီး ငါသွားကြည့်မှပဲ"

ဤသို့ဖြင့် တောကျွမ်းသူပိဝိ မုဆိုးကြီးသည် ဖြတ်လမ်းကို အသုံးပြု၍လည်းကောင်း၊ နွယ်ကြိုးများကို ခိုတွဲ၍တစ်ဖုံ လျှိုကြီးအောက်ဘက်သို့ ဆင်းသွားခဲ့လေ၏။

"အလို...အလို...ဘုရား...ဘုရား"

ဝံပုလွေကောင်ကြီးအစား မြားမှန်လျက်သား သေဆုံးနေသည့် အဝါရောင်ဝတ်စုံနှင့် မိန်းမပျိုတစ်ယောက်အလောင်းကိုသာ တွေ့ရသဖြင့် မုဆိုးကြီးမှာ မယုံနိုင်အောင် အံ့ဩတုန်လှုပ်ခြင်း ဖြစ်ရပေတော့သည်။

သို့သော် ထူးဆန်းသည်ကား မိန်းမပျိုမှာ အသက်ရှုရပ်တန့်ကာ သေဆုံးနေပြီးဖြစ်သော်လည်း မျက်လုံးအစုံကမူ ဝံပုလွေမျက်လုံးများဖြစ်လျက် ထိုမျက်လုံးများက အရောင်တောက်မ





လျက် ဟိုဟို သည်သည် လည်လျက်ရှိနေခြင်းပင်တည်း။

"အို...ကြည့်စမ်း။ လက်စသတ်တော့ ဒီမိန်းကလေးဟာ ဟိုဒေါက်တာကြီးရဲ့ သမီးလေးပေကိုး။ မယုံနိုင်အောင် ထူးဆန်းလှန်းလှပါဘိ။ ဒီတော့ ဘာဖြစ်ဖြစ် သူတို့ကို အကျိုးအကြောင်း ပြောပြ အသိပေးမှဖြစ်မယ်"

အထက်ပါအတိုင်း ရေရွတ်ပြီးလျှင် မုဆိုးကြီးသည် မိန်းမပျို၏အလောင်းအား လျှိုကြီးအနီးရှိ ကျောက်ဂူလေးအတွင်းသည့် ဂူတစ်လုံးတွင် သွပ်သွင်းခဲ့ကာ အခြားသတ္တဝါများ မဝင်နိုင်ရန်လည်း အပြင်မှ ကျောက်တုံးကြီးငယ်များနှင့် လုံလုံခြုံခြုံပိတ်ဆို့လိုက်၏။

"အူ...ဝူ...အူး"

"အူး...ဝူး"

သို့ရှိစဉ် အဝေးတစ်နေရာမှ ဝံပုလွေသတ္တဝါများ၏ ညွှဲညွှဲ ငင်ငင် အူသံဟောင်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"ဟိုက်...သူတို့ခေါင်းဆောင်ဝံပုလွေကြီး [illegible] ကို သိနေပုံနဲ့ တမ်းတပြီး ညွှဲညွှဲငင်ငင်အူတဲ့အသံတွေပဲ။ [illegible] [illegible]ကတော့ အသည်းအသန်ကိုက်ကြခဲကြမှာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် မှဆိုးကြီးသည် ဝံပုလွေအုပ်များနှင့် ဝေးရာလမ်းခရီးသို့ ဖဲကျဉ်လာခဲ့သည်။

ပြီး ၎င်း၏စခန်းရှိရာသို့ ခြေကုန်သုတ်ထွက်ပြေးခဲ့လေတော့၏။

×××





## အခန်း (၂၉)

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး၍ သုံးရက်ခန့်အကြာတွင် ပဲခူးရိုးမ တောနက်ကြီးအတွင်းရှိ ကျောက်ဖြူဆားရှကြီးရှေ့တွင် လူလေးယောက်ကို တွေ့ရှိကြရမည်ဖြစ်ပေသည်။

အမှန်စင်စစ် ထိုသူသုံးယောက်ကား ဒေါက်တာအုံထွန်း၊ ခါးကုန်းကြီး၊ မောင်ထွန်းနိုင်နှင့် မှဆိုးကြီးတို့ပင် ဖြစ်ပါပေတော့၏။

၎င်းတို့သည် ဂူဝင်္ဂပိတ်ဆို့လျက်ရှိသည့် ကျောက်တုံးများကို သူထက်ငါ အလုအယက် ဖယ်ရှားလျက်ရှိနေကြရာ မကြာမီကျောက်ဂူအပေါက်ပွင့်သွားခဲ့လေ၏။

"ပွင့်သွားပြီဗျို့ . . . အထဲဝင်ကြစို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်…ဝင်လို့ရပြီ"

မှဆိုးကြီးဦးဆောင်ကာ သူတို့အားလုံး ကျောက်ဂူအတွင်းသို့ တိုးဝင်လိုက်ကြသည်။

ထိုအခါ ကျောက်ဂူအမိုးပေါက်မှ ဝင်နေသည့် အလင်းရောင်ကြောင့် ကျောက်တုံးများကြား၌ မြေးဒယ်ရာဖြင့် အိပ်ပျော်နေဘိအလား ခပ်ပြုံးပြုံးမျက်နှာထားနှင့် သေဆုံးနေသည့် မေသန္တာခေါ် လုလေးစိန်အလောင်းကို ကြေကွဲစွာ တွေ့ကြရလေသည်။

"ဖြစ်ရပလေ သမီးလေးရယ်။ အန်ကယ်တို့ကို ခွဲခွာသွားပြီပေါ့နော်"

ဒေါက်တာအံ့ထူးမှာ မျက်ရည်ဖြိုင်ဖြိုင်ကျကာ အသက်ပါအတိုင်း ရှေ့ရှုတ်လျက် ငိုကြွေးနေရှာ၏။

ထိုနည်းတူစွာ ကျေးဇူးရှင်လည်းဖြစ်၊ မိမိရည်မှန်းထားသူလည်းဖြစ်သည့် ဓုတိယလုလေးစိန်ခေါ် မိန်းမချောလေး မေသန္တာတစ်ယောက် သေဆုံးသွားရခြင်းအတွက် မချိသောနလုံးဖြင့် မောင်ထွန်းနိုင်မှာ မျက်ရည်လည်ရွဲဖြစ်နေရှာပေ၏။

ခါးကုန်းကြီးဦးကောင်းသီးအနေနှင့်မူ အမုန်း ရန်ကြွေး ထူးခြားဆန်းကြယ်မှု၊ ကံတရား စသည်တို့အကြောင်းကို ဆက်စပ်





တွေးတောကာ မေသန္တာ၏အလောင်းကိုကြည့်ကာ ဘုရားတရားရှုမှတ်နေရှာလေ၏။

မုဆိုးကြီးကား သေခုံးသူမိန်းကလေးနှင့် လူသားချင်းစာနာ ပရိဒေဝတို့ကို ကျောက်ဂူတစ်နေရာမှ ရှုမြင်သုံးသပ်လျက်ရှိသည်။

ဤသို့ဖြင့် ခေတ္တကြာသောအခါ ကျောက်ဂူအဝကို ယခင်အတိုင်း ကျောက်တုံးကြီးများနှင့် အခိုင်အမာပိတ်ဆို့ကာ မေသန္တာခေါ် လုလေးစိန်အား ထားရစ်လျက် သူအားလုံး ထွက်လာခဲ့ကြလေ၏။

အတော်ခပ်လှမ်းလှမ်းသို့ရောက်သောအခါ အမှတ်မထင်သမင်လည်ပြန်လှည့်ကြည့်လိုက်သည့် မုဆိုးကြီးမှာ တအံ့တဩဖြစ်လျက် ကျောက်ဂူကြီးရှိရာ လက်ညှိုးထိုးရှေ့ရှုတ်လိုက်၏။

"အို…ဟို…ဟိုမှာ…ကြည့်လိုက်ကြစမ်းပါဦးဗျာ။ အံ့ဩစရာ…ထူးဆန်းလိုက်တာ…ထူးဆန်းလိုက်တာဗျာ"

မုဆိုးကြီးအပြောကြောင့် သူတို့အားလုံး မေသန္တာခေါ် လုလေးစိန်အလောင်းထားရှိရာ ကျောက်ဂူကြီးဆီသို့ လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ ဆန်းကြယ်လှစွာပင် ကျောက်မြူသားအဝတ်



www.burmeseclassic.com

www.burmeseclassic.com



အမြှုရောင်အုတ်ဂူကြီးမှာ ယခုအခါ ထိန်ထိန်ဝါသော အရောင်အဆင်းသို့ပြောင်းလဲလျက်ရှိနေပြီဖြစ်သည်ကို မယုံနိုင်စွာတွေ့မြင်ကြရပေတော့သတည်း။

သို့ဆိုလျှင် မေသန္တာသည်…

× × × × ×

ပြီးပါပြီ

ရူပကာ

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com